# ကျွန်မကိုချစ်တဲ့သူများ

( သိင်္ဂါရ ဝတ္ထုတို ၇ ပုဒ် )

ရွှေကူမေနှင်း

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှနည်းပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ကျွန်မကို ချစ်တဲ့သူများ

ရွှေကူမေနှင်း

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ■ ရင်အေးငြိမ်းစံ |
| ထုတ်ဝေသည့်လ | ■ ၂၀၁၃ ခုနှစ်၊ မတ်လ |
| အုပ်ရေ | ■ ၁၀၀၀ |
| တန်ဖိုး | ■ ၁၅၀၀ ကျပ် |
| ပုံနှိပ်တိုက် | ■ ကိုဇော်မြင့်ဝင်း၊ (ကာလာဇုံပုံနှိပ်တိုက်) ၁၈၄ (ဘီ)၊ ၃၁ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်။ |
| ထုတ်ဝေသူ | ■ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးရွှေ)၊ ၂၀၅၊ ပိတောက် (၅) လမ်း၊ အင်းစိန်။ |
| အတွင်းပြင်ဆင်နှင့် စာအုပ်ချုပ် | ■ အလင်းအိမ် မီဒီယာ ၂၂၂(ခ) – ၃၅ လမ်း (အထက်) |

ရွှေကူမေနှင်း ၄၉၅·၈၁
ကျွန်မကိုချစ်တဲ့သူများ / ရွှေကူမေနှင်း။ – ရန်ကုန်
လာဘ်မိုးရွှေစာပေ၊ ၂၀၁၂။
၁၃၈-စာ၊ ၁၂·၇ ×၁၈·၄၂ စင်တီ။
(၁) ကျွန်မကိုချစ်တဲ့သူများ။

## မာတိကာ


- နိဒါန်း ၇

၁။ ကျွန်မကို ချစ်တဲ့သူများ (၁) ၁၁

၂။ ကျွန်မကို ချစ်တဲ့သူများ (၂) ၂၀

၃။ ကျွန်မကို ချစ်တဲ့သူများ (၃) ၃၃

၄။ ကျွန်မကို ချစ်တဲ့သူများ (၄) ၅၀

၅။ ကျွန်မကို ချစ်တဲ့သူများ (၅) ၅၈

၆။ ကျွန်မက ချစ်တဲ့သူ ၆၈

# နိဒါန်း

ကျွန်မသည် ''ဟယ်ခနဲ၊ ဟာခနဲ'' အံ့ဩယူရလောက်အောင် ရုပ်ဆင်းအင်္ဂါ လှပချောမောသူ မဟုတ်ပါ။ ချောတယ်ဟု မှတ်ချက်ချခံရလောက်အောင် အပြစ်ကင်းစင်သူလည်း မဟုတ်ပါ။ လှတဲ့အထဲမှာ ပါတယ်ဟု ဆိုရလောက်အောင် အလှစာရင်း ဝင်သူလည်း မဟုတ်ပါ။

သို့ပါလျက် ကျွန်မကို ချစ်သောသူတွေ အများကြီးရှိခဲ့တာကတော့ အမှန်ပင် ဖြစ်ပါသည်။ ချစ်သည်ဆိုသောကိစ္စ၌ လှ၍ ဟူသော အကြောင်းပြချက်သည် ကျွန်မနှင့် မပတ်သက်ခဲ့ဟုပင် ဆိုနိုင်သေးသည်။ မလှဘဲနဲ့ ဘာ့ကြောင့်များ ချစ်ကြပါလိမ့်ဟု စဉ်းစားလျှင်တော့ စဉ်းစားသူ၏ အမှားသာ ဖြစ်လိမ့်မည်။ အကြောင်းမှာ အချစ်ဆိုသော ပန်းပွင့်သည် အလှဆိုသော ပန်းအိုး၌သာ ပေါက်ရောက်သော အရာမဟုတ်၍ ဖြစ်ပါသည်။

သို့ဖြစ်လျှင် ဘာ့ကြောင့် ချစ်ကြပါသလဲ။

ဒါက ဖြေစရာ မေးခွန်းမဟုတ်။

ရွှေစာပေ

စင်စစ် အချစ်ဆိုသည်မှာ အကြောင်းပြချက် တစ်စုံတစ်ရာ မရှိဘဲနှင့် သူ့အလိုလို ပေါ်ထွန်းတတ်သော အရာတည်း။ အကြောင်းပြချက် ရှိနေလျှင် အချစ်ဟု မခေါ်နိုင်ဟုပင် သတ်မှတ်ချင်သည်။ အကြောင်းပြချက် တစ်ခုခုကြောင့် ချစ်မိခြင်းဟု ဆိုလျှင် ထိုအကြောင်းပြချက် ပျက်ပြားသွားသော အချိန်တွင် အချစ်ဆိုသောအရာက အလိုလို ပျက်စီးသွားလိမ့်မည်။ ဒါဆိုလျှင် အဲဒါ အချစ် ဟုတ်ပါတော့မလား။ အချစ်ဆိုတာက ဘာအကြောင်းကြောင့်မှ ပျက်စီးကျေပြုန်းတတ်သောအရာမှ မဟုတ်တာ။

အချစ်ဆိုသည်မှာ သီးသန့်အရာတစ်ခု ဖြစ်သည်။

အချစ်ကို ခိုင်းစေ၍ မရသလို တွန်းပို့၍လည်း မရ။ တာမရှည်ခြင်းများသည် အချစ်မဟုတ်၍သာ ဖြစ်ရမည်။ အချစ်မှန်သူများကား ကျိုးကျိုးကန်းကန်း သေတစ်ပန်သက်တဆုံး ချစ်သွားကြသည်ပဲ မဟုတ်လား။ ကိုယ့်ဘက်က အချစ်မှန်ပါလျက် သူ့ဘက်က မတုံ့ပြန်သဖြင့် မည်သည့်အချစ်မျှ အစားမထိုးဘဲ အရိုးထုတ်သွားသူများ ရှိသလို အချစ်မဟုတ်စေကာမူ "အကြိုက်" အဖြစ် လက်ခံကာ ယောနိသောမနသီကာရဖြင့် သေသည်အထိ ပေါင်းသွားကြသူများလည်း အများအပြားပါပဲ။

ကျွန်မကား အချစ်ကို မြတ်နိုးသူတည်း။

ကျွန်မကိုယ်၌က မချစ်လျှင် ဘယ်လိုမှ ရေရှည်လက်ခံကာ ယောနိသောမနသီကာရ မလုပ်တတ်ချေ။ မချစ်ဘူးဟု သိသောနေ့သည် ထိုသူကို ခွဲခွာသောနေ့ပဲ ဖြစ်၏။

သို့သော် ချစ်သလိုလိုပဲ ဟု မရေမရာဖြစ်ခဲ့သူ များစွာကို ချစ်သည်ဟု မိမိဘာသာ အမှန်ပေးပြီး လက်ခံခဲ့ရသော အဖြစ်များလည်း ရှိသည်။ ဒါပေမဲ့ မကြာပါ။ အချစ် ဟုတ်၊ မဟုတ် မကြာခင် မိမိဘာသာ သိလာတာပါပဲ။ သည်အခါဆိုလျှင်တော့ ကျွန်မသည် လိမ်ညာ၍ မနေတော့ပေ။ သူ့ကိုလည်း မညာပါ။ မိမိကိုယ် မိမိလည်း မညာပါ။ ပွင့်ပွင့်လင်းလင်း ကင်းပြတ်လိုက်၏။ ဤနည်းဖြင့် ချစ်သူတွေ များခဲ့ခြင်းအတွက် သက်ဆိုင်သူများကို တောင်းပန်ရပါမည်။ ခွင့်မလွှတ်နိုင်သည့်တိုင် နားလည်ပေးလျှင် ကျေးဇူးတင်ရပါမည်။ ဘာ့ကြောင့်ဆို ကျွန်မအား အလိမ်အညာတွေနှင့် မသမာသူဟု အထင်မခံနိုင်၍ ပါဘဲ။ ကျွန်မ သေလွန်ပြီးသောအခါ ကျွန်မအကြောင်း ပြောရစ်ကြသူများသည် ကျွန်မ ပွင့်လင်းရိုးသားကြောင်းကိုသာ တခုတ်တရ ပြောရစ်ကြစေချင်တာလည်း ပါပါသည်။ လူဆိုသည်မှာ သူ့ကိုယ်သူပင် နားမလည်တတ်သော ဝေဝါးဝါးအလုပ်တွေ လုပ်တတ်ကြမြဲပဲဟု သဘောပေါက်စေချင်တာလည်း ပါပါသည်။

သည်မျှ "နိဒါန်း" ချီပြီဆိုလျှင် ကျွန်မသည် နှလုံးသားမြို့တော်ကို ပြန်လည်တူးဖော်တော့မည်ဟု (ကိုငြိမ်းကျော်လေဖြင့်) ပြောရပါမည်။ အရွယ်လေး အတော်ရလာပြီး လောကကို အပေါ်စီးမှ ရှုမြင်ကြည့်သောအခါ ယခင်ကနှင့် မတူသော မြင်ကွင်းကို တွေ့ရမြဲ ဖြစ်ပါသည်။

မိမိကို မိမိခွာပြီး ဓာတ်လမ်းခွေတစ်ခွေ ကြည့်သကဲ့သို့ ပြန်လည် သုံးသပ်သောအခါ "ကျွန်မ" ဆိုသော ကလေးမ

သည် အတော်အချစ်ခံခဲ့ရသော မိန်းကလေးဖြစ်နေတာ မြင်ရလေသည်။ သို့သော် ဒါကလည်း ကျွန်မအမြင်သာ ဖြစ်ချင်ဖြစ်နိုင်သေးသည်။ ကျွန်မကို ချစ်ခဲ့သည်ဆိုသော သူတွေကလည်း ကျွန်မကို တကယ်ချစ်တာ ဟုတ်ချင်မှ ဟုတ်မည်။ သူတို့ကိုယ်တိုင်လည်း မရေမရာ ခံစားချက်ကို အချစ်ဟု ထင်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်တာပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ်...

ကျွန်မကို ချစ်ခဲ့ကြသူများ အားလုံးသည် လူကောင်းသူကောင်းများ ဖြစ်ကြသည်ဆိုခြင်းကတော့ အသေအချာပါ။ ကျွန်မနှင့် ဘဝတစ်ကွေ့မှာ လက်ချင်းတွဲခွင့် ရရှိခဲ့ခြင်း၊ မရရှိခဲ့ခြင်း ဆိုတာက သတ်သတ်။ သဘောထား ရိုးသားခဲ့သည်ကတော့ အမှန်အကန် ဖြစ်သည်။ သူတို့အနက် အချို့လည်း ဤလောကမှ ထွက်ခွာသွားနှင့်ကြပြီ။ အချို့လည်း နေဝင်စချိုးမရယ်ကူ ဟူသော စေးသွားကို သီဆိုရင်း ဘဝကို ငိုက်မျဉ်းစွာ စားသုံးနေကြဆဲ ဖြစ်သည်။ ဒါတွေကို ပြန်ရေးရခြင်းမှာ လူငယ်လူရွယ်များ ဖတ်မိလျှင် ဩော်... အချစ်ဆိုတာ ဒီလိုပါလား၊ အကျအဆုံးတွေရှိတာ ငါတစ်ယောက်တည်း မဟုတ်ပါလားဟု တွေးနိုင်ကြရန် ဖြစ်ပါသည်။

အတတ်နိုင်ဆုံး ရိုးသားစွာ ဖွဲ့စည်းပါမည်။

လိုခြင်း ပိုခြင်းများအတွက် နားလည်ခွင့်လွှတ်ပေးကြမည်ဟုလည်း ယုံကြည်ပါသည်။

❐

## ကျွန်မကို ချစ်တဲ့သူများ (၁)

သူက ကျွန်မဘဝမှာ အစောဆုံး တွေ့ရသူပါ။

ငယ်ချစ်ဟု ပြော၍ မရသလို အချစ်ဦးလည်း မဟုတ်ပေ။

သူနှင့် ကျွန်မ "ချစ်သူ" ဘဝမှ မရောက်ခဲ့ကြဘဲကိုး။

သူ့ကို ကျွန်မက "အမြင့်" ဟု ခေါ်သည်။ ဒါက ချွဲပြီး ခေါ်တာ မဟုတ်ပါ။ သူ့နာမည် အပြည့်အစုံထဲမှာ "မြင့်" ပါ သည့်အပြင် သူ့အိမ်သားများက သူ့ကို အဖျားဆွတ်ပြီး "အမြင့်" ဟု ခေါ်သဖြင့် ကျွန်မတို့က လိုက်ခေါ်ခြင်းဖြစ် သည်။ ကျွန်မတို့ကား အိမ်နီးချင်းများ ဖြစ်ရုံမက ကစားဖော် ကစားဖက်များလည်း ဖြစ်ပါသည်။ ရပ်ဆွေ ရပ်မျိုးဟု ပြော လျှင်လည်း ရပါသေးသည်။

ကျွန်မရင်ထဲ၌ သူ ယခုထိ ရှိနေသေးသည်လား။

သူ့ကို ကျွန်မ ချစ်မိခဲ့သလား။

မဖြစ်နိုင်ပါ။ ကျွန်မသည် အလွန်ပြတ်သားသော မိန်းမ ဟု မိမိဘာသာ ယူဆထားသူပဲ။ ကျွန်မသည် ဟန်မဆောင် တတ်သူ ဖြစ်၏။ အထူးသဖြင့် အချစ်နှင့် ပတ်သက်လျှင်

ဟန်ဆောင်ရန်မလို ဟုလည်း အခိုင်အမာ ယူဆထားသူ ဖြစ်သည်။ သည်တော့ သူ့ကို ချစ်ခဲ့မိလျှင် ချစ်တယ်ဟု အဖြေပေးခဲ့မှာ သေချာလေသည်။ ယခုတော့ သူ့ကို ချစ်ကြောင်း မပြောခဲ့သည့်ပြင် သူ့ရှေ့မှာပင် သူ့ဦးလေးကို လက်ခံခဲ့သူတည်း။

နည်းနည်းလောကြီးသွားတာ ခွင့်လွှတ်ပါ။

သူ့အကြောင်း ပြောပါတော့မည်။

သူသည် ထူးထူးခြားခြား ချောမောသူ ဖြစ်၏။ ယောကျ်ားတစ်ယောက် ဖြစ်ပါလျှက်၊ မိန်းကလေးများထက်ပင် နုလှချောမောလွန်းသည်။ ရုပ်ရှင်မင်းသား မြင့်အောင်နှင့် ချွတ်စွပ်တူသည်ဟု ပြောနိုင်ပါသည်။ သူက အရပ်ကလေး နည်းနည်းပုနေတာပဲ ကွာသည်။ ကျွန်မသည် အရပ်ပုခြင်းကို လုံးဝမကြိုက်ပါ။ အမြင့်ကို မကြိုက်ခြင်းတွင် သူ အရပ်နည်းနည်းမမြင့်တာလည်း ပါနိုင်ပါသည်။ ကျွန်မက ချစ်သူဆိုလျှင် မော့ကြည့်ချင်သည်။ ဒါက ဘယ်လို ရှုးသွပ်ခြင်းလည်း မသိပါ။ ချစ်သူကို မော့ကြည့်ပြီး သူ စကားပြောတာကို နားထောင်ချင်သည်။ သူ့အပြုံးကို ခံယူချင်သည်။ သူ ငုံ့ကြည့်တာကို ရင်ဖို ခံစားချင်သည်။ သည်တော့ ကျွန်မ ချစ်သူသည် အရပ်ပုနေ၍ မဖြစ်။

အမြင့်နှင့် ကျွန်မက အရပ်အတူတူ၊ ပခုံးချင်း ညီနေသည်။ ဒါ့အပြင် သူက ကျွန်မထက် အသက်ငယ်သေးသည်။ ၆ လတိတိ။ အမှန်မှာ မြန်မာ့ရိုးရာ အိမ်ထောင်ရေး သီဝရီက ယောကျ်ားပဉ္စင်း၊ မိန်းမပုခက်တွင်း ဟူ၍ ဖြစ်သည်။ ဒွေးချိုးလေးတိုးဟုလည်း ပြောသေးသည်။ မိန်းကလေးသည် ယောကျ်ား

လေးအသက်ကို နှစ်ဖြင့် စားပြီး ၄ နှစ်ထပ်ပေါင်းလျှင် ရှိလာမည်ဖြစ်သောအသက် ဖြစ်ရမည်တဲ့။ ယောကျ်ားက ပဋ္ဌင်းဝတ်သောအရွယ် (အသက် ၂၀ ပြည့်မှ ပဋ္ဌင်း ဝတ်ခွင့်ရှိ၏) ဖြစ်လျှင် မိန်းကလေးက ပုခက်ထဲမှာ ရှိနေဆဲအရွယ် ဖြစ်ရမည်တဲ့။ ဒါတွေက မြန်မာ့ရိုးရာ အစဉ်အဆက်ပြောခဲ့ကြသောစကားများ ဖြစ်၏။ သည်စကားတွေကို လူကြီးများမှတစ်ဆင့် ကြားဖူးသော ကျွန်မက ကျွန်မထက်ငယ်သော အမြင့်ကို မကြိုက်တာ၊ အသက်ကြောင့် ဖြစ်ချင်ဖြစ်မည်။

ပို၍ ဆိုးသည်က သူသည် ဉာဏ်ရည် ညံ့ခြင်း ဖြစ်၏။ ဘယ်အတန်းမှာ ဘယ်လောက်ကျနေခဲ့လဲ မသိ။ ကျွန်မကိုးတန်းနှစ်မှာ၊ သူက ၆ တန်းပဲ ရှိသေးသည်။ လူကတော့ လူပျိုပေါက်။ ဆံပင်ကို ခေါင်းလိမ်းဆီတွေ လိမ်းတာ၊ တသသ လုပ်နေသည်။ အိမ်ချင်း မျက်နှာချင်းဆိုင်ဖြစ်ပြီး မိဘချင်း၊ အိမ်သားချင်း ဝင်ကြထွက်ကြဖို့ သူနှင့်ကျွန်မ ရင်းရင်းနှီးနှီး နေခဲ့ကြခြင်းသည် ကလေးချစ်ပဲလားမသိ။

ကျွန်မတို့က ဧရာဝတီမြစ်ထဲမှာ ရေချိုးကြတာပါ။ ရေချိုးဆိပ်မှာ ကလေး လူကြီး တစ်စုတစ်ဝေး ချိုးကြရတာ၊ ရွာစကေမို့ အမြင့်နှင့် ကျွန်မလည်း မကြာမကြာ ရေချိုးရင်းဆုံသည်။ တခြားကောင်လေး ကောင်မလေးများနှင့်အတူ ရေချိုးရင်း ရေကူးပြိုင်တတ်ကြသည်။ ရင်ရှားထဘီကို တင်းတင်းဝတ်ရင်း၊ မြစ်ကို ဆန့်၍ကူးရသော ကျွန်မသည် ရှေ့က ဘောင်းဘီတိုလေးနှင့် လွတ်လွတ်လပ်လပ်ကူးနေသော အမြင့်ကို အရှုံး မပေးနိုင်။ သူ့ပခုံးကို လှမ်းဆွဲလိုက်၏။ သူ ရုတ်တရက် ရပ်သွားသည်။

ချက်ချင်းပင် ကျွန်မလက်ကို ပုတ်ချပြီး ရှေ့ဆက် ကူးသည်။ သူပုတ်လိုက်သည့်ဒဏ်ကြောင့် ကျွန်မ ရေထဲ နစ်သွား၏။ နောက်ကမီလာသော တင်တင်က ကျွန်မကို ကျော်တက်သွားသည်။ မခံချင်စိတ်နှင့် ကျွန်မ ကြိုးစားကူး၏။ လက်တွေက မသယ်နိုင်ကြတော့။ မျက်နှာကိုပင် ရေပေါ်မှာ ဖော်၍မရ။ ကျွန်မ ရေမွန်းနေပြီ။ ရေနစ်တော့မည်။ စိတ်ကိုလည်း လျှော့ချင်နေပြီ။

ရေအောက်ရောက်လုနီးပါးမှာ ကျွန်မ ခန္ဓာကိုယ်သည် ပေါ့ပါး၍ သွား၏။ လက်တစ်ဖက်သည် ကျွန်မကျောအောက်မှ သိုင်းယူကာ ရေပေါ်မှာ ပေါ်အောင် ဆွဲယူနေကြောင်း သိရ၏။ ရေစီးထဲမှ ခွဲထွက်ကာ ကမ်းခြေသို့ ရောက်လာသည်။ သဲပေါ်သို့ ကျောပြင်ကျသွားသောအခါ စိတ်ကို လုံးလုံး လျှော့လိုက်၏။ မျက်စိဖွင့်လိုက်သောအခါ ကျွန်မကို စီးမိုးကြည့်နေသော မျက်ဝန်းတစ်စုံကို မြင်ရလေသည်။ အမြင့်ပါ။

"ငါက နင့်ရဲ့အသက်သခင်နော်၊ ငါ မကယ်ရင် နင်သေပြီ"

ဟု သူက စကားစပ်မိတိုင်း ပြောလေ့ရှိသည်။ ကျွန်မက ဘယ်တော့မှ သူ့ကို ကျေးဇူးတင်ကြောင်း မပြော။ သူကသာ ကော့ဖြူးနေသော မျက်တောင်များကြားမှ ရီဝေဝေကြည့်ရင်း ကျွန်မကို ငေးတတ်သည်။ သည်ရီဝေဝေအကြည့်ကို ကျွန်မကလည်း သိ၏။ ကျွန်မသည် အချစ်ကို ခပ်စောစော သိခဲ့သူဟုများ ဆိုရလေမလား။ သူ ကျွန်မကို ချစ်နေပြီဟု ကျွန်မ အစောကြီးကတည်းက သိနေခဲ့သည်။

လသာသောညများတွင် ကျွန်မတို့ ထုပ်ဆီးတိုးကြ၏။ ကောင်လေးတွေက တစ်ဖက်၊ ကောင်မလေးတွေက တစ်ဖက်၊ ကျွန်မကား စိတ်စောတတ်သူ။ စည်းကျော်ရန် စဉ်းစားတိုင်း လွတ်မည်ဟု ထင်၏။ ကျွန်မကြောင့် 'အောင်ထူ' ရတတ် သလို ကျွန်မကြောင့်ပင် 'သေ' ရတတ်သည်။ အသေအကျေ တိုးတတ်သော ကျွန်မသည် စည်းတားသူအမြင့် လက်ဖြင့် ဆွဲဖမ်းသည်ကို ရှောင်ရင်း မြေပေါ်ပစ်လဲဖူးသည်။ သူက ဆွဲဖမ်းရုံသာ မဟုတ်၊ လဲနေသော ကျွန်မကိုယ်လုံးပေါ် ဖိပြီး ဖက်ထားသည်။ ခဏတော့ ဘာဖြစ်သွားမှန်း မပြောတတ်။ နှစ်ယောက်လုံး ငြိမ်သွားသလား။ ဒါမှမဟုတ် ကျွန်မ မောနေ တာလား။ သတိရလာသောအခါမှာတော့ သူက ဆောရီးဟု တိုးတိုးပြောသံ ကြားရသည်။ သူ့လေသံက ကျွန်မပါးကို ဖြတ် သန်းထိတွေ့စဉ် ပူနွေးသောအတွေ့ကို သတိထားလိုက်မိ၏။ နောက် နှင်နဲ့ငါ ထုပ်ဆီး မတိုးတော့ဘူးဟု ရန်ထောင်ဖြစ်သေး သည်။

သီတင်းကျွတ်ဆိုရင်တော့ ကျွန်မတို့ ရန်မဖြစ်ပါ။ သူ့ ခြံရှေ့နှင့် ကိုယ့်ခြံရှေ့ရှိ မြက်တောများကို ရှင်းကြသည်။ သူအရင်ပြီးလျှင် ကျွန်မခြံရှေ့ကို ကူးလာသည်။ မြက်တွေ အတူရှင်းပြီး ဧရာဝတီမြစ်ကမ်းပါးမှ သဲတွေကို သွားကျုံး ကာ အိမ်ရှေ့မှာ ဖြန့်ခင်းကြသည်။ သဲဖြူဖြူပြန့်ပြန့်လေးတွေ မြင်ရတော့ ပျော်ကြသည်။ သူ့အဘွားက မီးကြာခွက် မီးပုံး ချီးတတ်၏။ ကျွန်မအမေက ရိုးရိုးမီးအိမ်ပဲ ချိုးတတ်သည်။ ကျွန်မအစ်ကိုကတော့ ၆ ထောင့်ကြယ်ပုံ ချိုးတတ်၏။ ပုံစံ

မျိုးစုံ မီးပုံးများရသောအခါ သူတို့ခြံနှင့် ကျွန်မတို့ခြံကို ကြိုးတန်းပြီး မီးပုံးတွေ ချိတ်ကြသည်။ ရောင်စုံမီးပုံးလေးများ ယိမ်းကနေစဉ် အမေတို့က အိမ်စောင့်ကာ ကျွန်မတို့ကလေးများက မီးထွန်းပွဲ လျှောက်ကြည့်ကြမြဲ။ အုပ်စုထဲမှာ ဘယ်သူပါပါ အမြင့်သည် ကျွန်မပါသော အုပ်စုထဲမှာ ရှိမြဲ။

ဆောင်းရက်များဆိုလျှင် ကျွန်မတို့မြို့လေးသည် နှင်းထုများအောက်၌ တော်တော်နှင့် အိပ်ရာက မထတတ်ချေ။ နှင်းတွေ ဖြိုက်ဖြိုက် ကျနေလိုက်တာ တစ်အိမ်နှင့်တစ်အိမ်ပင် မမြင်ရ။ သူ့အိမ်ခေါင်မိုးမှာလည်း နှင်း၊ ကိုယ့်အိမ်ခေါင်မိုးမှာလည်း နှင်း။ ကျွန်မ နာမည်ကလည်း နှင်း။

တစ်မနက် နှင်းမကွဲခင် ကျွန်မ ဝရန်တာထွက်တော့ ဝရန်တာထောင့်မှာ သူ ကုပ်ကုပ်ကလေး ရပ်နေသည်။

"ဟင် အမြင့်"

"ရှူး… "

သူက လက်ညှိုးလေးနှင့် ပါးစပ်ကိုတားပြီး သူ့ဘလေဇာကုတ်အင်္ကျီကို ဟလိုက်သည်။ သူ့ရင်ညွန့်နှင့် ကုတ်အင်္ကျီကြားမှာက ပန်းရောင် နှင်းဆီပွင့်လှလှကြီး၊ လှလည်းလှ၊ မွှေးလည်းမွှေး။

"ရော့… ရော့ နှင်းအတွက်။ အဘွားမနိုးခင် ခိုးလာတာ"

သူက ပြောပြောပေးပေး လုပ်သည်။ သူ့စကားသံက တုန်ခါနေသည်။ အေးလွန်း၍လား၊ ကြောက်နေ၍လား။

ကျွန်မက နှင်းဆီပွင့်ကို ဝမ်းပန်းတသာ လှမ်းယူလိုက်

ပါသည်။ သူ့ရှေ့မှာပင် အားရပါးရ မွှေးလိုက်သည်။ သူက ပြုံးပြီး ရီဝေဝေလုပ်သည်။ ဒါ အချစ်ကို ဖွင့်လှစ်ပြခြင်းပေါ့ နော်။ ကျွန်မ သိပါသည်။

ဒါပေမင့်...

သူက 'နှင်းကို ချစ်တယ်' ဟု မပြောပါ။

နှစ်ယောက်သား အအေးဓာတ်ကြောင့် ကုပ်ကုပ်ကလေး ရပ်နေ ခဲ့ကြ၏။ ပြီးတော့ သူက ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ပြေးသွားလေသည်။ ကျွန်မက သူ့နောက်ကျောကို ကြည့်ရင်း နှင်းတောထဲမှာ သူပျောက်သွားမှ သူပေးခဲ့သော နှင်းဆီ ပန်းလေးကို မွှေးလိုက်သည်။ ဒါ အချစ်လား။

သို့သော် သူ့ကို ကျွန်မ မချစ်တာ သေချာပါသည်။

သူ့မျက်နှာလှလှလေးနှင့် မျက်တောင်ကော့ကော့ကြား မှ မျက်ဝန်းလှလှကြီးများကို သဘောကျသလို ဖြစ်မိသော် လည်း လူချင်းယှဉ်ပြီး မတ်တတ်ရပ်မိတိုင်း အရပ်ချင်းညီနေ သည်ကို ကျွန်မ မနှစ်သက်ပေ။

"အချစ်ဆိုတာ အထင်ကြီးရာက ဖြစ်လာတာ"

ဟု အစ်ကို တစ်ယောက်က ပြောဖူးသည်။ ကျွန်မသည် အမြင့်ကို အထင်မကြီး၍ မချစ်ခဲ့တာများလား။

နွေဦးညတစ်ည... ။

စာမေးပွဲကြီး နီးပြီဖြစ်သောည။

ကျွန်မ စာကျက်စားပွဲမှာ စာကျက်နေစဉ် သူ တုန်တုန် ယင်ယင်နှင့် ရောက်လာသည်။ စားပွဲပေါ်သို့ စာအိတ်တစ်အိတ် ကို ပစ်တင်သည်။ ချက်ချင်းပြန်ပြေးသွားသည်။ ဩော်...

သူ ရည်းစားစာ လာပေးတာကိုးဟု ထင်လိုက်သည်။ သို့သော် စာအိတ်ပေါ်က လက်ရေးက သူ့လက်ရေးမဟုတ်။ ဘယ်လိုပါလိမ့်ဟု ဖွင့်ဖတ်သောအခါ သူ့ဦးလေး၏စာ ဖြစ်နေသည်။ ရည်းစားစာတော့ ရည်းစားစာပါ။

"နင် ဘာလို့ ယူလာတာလဲ"

နောက်နေ့မှာ သူ့ကို ဆူရ၏။

"မယူလို့ မရဘူး။ သူက ငါ့ဦးလေး မဟုတ်လား။ ငါ့ကို စက်ဘီးနဲ့တင်လာပြီး ဒီစာ နင့်ကို သွားပေး။ ငါ၊ ဒီက ရပ်စောင့်ကြည့်နေမယ်တဲ့၊ နင့်အိမ်ရှေ့ အုန်းပင်ရိပ်မှာ သူရှိတယ်လေ၊ မပေးရင် လက်သီးနဲ့ ထိုးမှာတဲ့၊ သူက ဦးလေးလေ"

ဟု သူ ပြောရှာသည်။

သူ့မျက်လုံးထဲမှာလည်း မျက်ရည်လို အငွေ့များနှင့်ပါ။ နောက် ၄ နှစ်အကြာ သူ့ဦးလေးနှင့် ကျွန်မ လက်ထပ်သောအခါ သူက လူပျိုရံ လုပ်ရသည်။ သူက ကျွန်မကို "ဒေါ်လေး နှင်း" ဟု နောက်သလိုလိုနှင့် ခေါ်သေးသည်။ ကျွန်မ စိတ်ဆိုး ပြသောအခါ ရီဝေဝေ လုပ်သေးသည်။

နောက်ပိုင်းတွင်တော့ သူလည်း "မယ်ဘွဲ့" ရသူ အပျို ချော‌ချောတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ သူတို့ အိမ်ထောင်ရေး အဆင်ပြေပုံရပါသည်။ ကျွန်မ ရန်ကုန်ပြောင်းခဲ့သဖြင့် သူ့ကို ပြန်မတွေ့ရတော့။

စုစုပေါင်း ၂၇ နှစ်ကြာမှ ကျွန်မ ရွှေကူကို ခဏ ရောက်၏။

အမြင့်ကို မှတ်မှတ်သားသား သတင်းမေးခဲ့၏။

ဆုံးသွားတာ ကြာပြီ ဆိုပဲ။

သြော်… ကျွန်မကို မျက်တောင်ကော့ကော့ကြားမှ ရီဝေဝေ လုပ်တတ်သော အမြင့်ကို ကျွန်မ ပြန်မတွေ့ရတော့ဘူး။ ငယ်ကအကြောင်းတွေ ပြန်ပြောင်းလွမ်းတ မပြောကြရတော့ဘူး။

နှင်းတွေဝေသော နံနက်မျိုး။

ပန်းရောင် နှင်းဆီပွင့်လှလှကြီးများ မြင်ရသောအခါမျိုး… အဲသလို ကြုံကြိုက်လျှင်တော့ အမြင့်ကို ကျွန်မ သတိရတတ်ပါသည်။ တကယ်တော့ သူသည် ကျွန်မကို ချစ်တဲ့သူ အမှတ် (၁) ပေပဲ။

❒

# ကျွန်မကို ချစ်တဲ့သူများ (၂)

သူ့ကို ကျွန်မက ကိုကြီးဟု ခေါ်ပါသည်။

ဒါက တမင်ချွဲနွဲ့ပြီး ခေါ်ခြင်း မဟုတ်ပါ။ သူ့ကိုယ်သူ ကိုကြီး ဟု ပြောခဲ့၍ ဖြစ်ပါသည်။

ကျွန်မက ဆံရစ်ဆံတောက်ကို အုပ်လုံးသိမ်းပြီးခါစ။ ရန်ကုန် ဆရာအတတ်သင် တက်စဉ်က ဖြစ်၏။ သိပ္ပံအထူးပြု အလယ်တန်းဆရာဖြစ်သင်တန်းတွင် သင်တန်းသား ၁၀၀ ခန့် ရှိသည်။ ထိုသင်တန်းသားများတွင် ကျွန်မသည် အသက်အငယ်ဆုံး၊ ဆံပင်တွေက ဟိုကထွက်လာ သည်ကထွက်လာနှင့် အတောင်မစုံသေးသည့် ကြက်ဖတစ်ကောင်လို ထိုးထိုးထောင်ထောင်နှင့်ပေါ့။ မျက်နှာက ဖောင်းဖောင်း၊ ဆံပင်က အုပ်လုံးမဝင့်တဝင် ဆိုသော်လည်း ငယ်ငယ်ကတည်းက အားကစားနှင့် အလှလေ့ကျင့်ခန်း လုပ်လာသူမို့ ကိုယ်လုံးက ၃၈"၊ ၂၂"၊ ၃၆" ဆိုတော့ အတန်းထဲမှာ ကြည့်စရာဖြစ်ခဲ့ပုံရပါသည်။

သူက ကျောင်းဝင်နောက်ကျ၏။ အခန်းထဲမှာ ခုံလွတ်မကျန်တော့။ ဤတွင် ရှေ့နားက အခန်းထောင့်မှာ လက်တင်ကုလားထိုင်လေး ချပြီး သူ့ကို ထိုင်စရာပေးသည်။ ထိုအခါ ရှေ့ဆုံးတန်းမှာထိုင်သော စာကြိုးစားသည့် ကောင်မလေးနှင့် မျက်စောင်းထိုး ဖြစ်နေခဲ့သည်။ သူကား အတန်းထဲထိုင်ရင်း စင်မြင့်ပေါ်က ကျောက်သင်ပုန်းကြီးကို အာရုံစိုက်ရမည့်အစား ရှေ့ဆုံးတန်းက မျက်နှာဖောင်းဖောင်းနှင့် ကောင်မလေးကို ငေးနေခဲ့လေသည်။

ပထမတော့ ကျွန်မ ဘယ်သိပါ့မလဲ။

အောက်ဆီဂျင်ဓာတ်ထုတ်ဖော်ပုံ ကိရိယာတွေကို ခက်ခက်ခဲခဲ ကူးနေရာက အပြီးသတ်မှာ ပြတင်းပေါက်ဘက် လှည့်အကြည့်၊ ငေးလက်စ သူ့မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။ အကြည့်ချင်းဆုံသည်နှင့် သူက ပြုံးပြတော့၏။ အတော်ရဲရင့်သော အပြုံး။

ကျွန်မ ရှက်သွားသည်။

လက်ထဲက ခဲတံ လွတ်ကျသွားသည်။

ဘာဖြစ်တာလဲ။ ဆရာမလောင်းပဲ ဖြစ်နေပြီ။ ဒီလို မျက်လုံးမျိုးကို ကြောက်စရာလား။ စဉ်းစားကြည့်တော့ ကြောက်တာမဟုတ်။ ခက်တာက ရင်ညွန့်တစ်ဝိုက်မှာ လှုပ်နေသည်။ အဲဒါ ဘာခေါ်ပါလိမ့်။

နောက်နေ့ နောက်နေ့များတွင်လည်း ပြတင်းဘက် လှည့်ကြည့်လျှင် သူ့မျက်လုံးကြီးများကို ရင်ဆိုင်ရမြဲ။ သူက ဖြူဖြူချောချောလည်း မဟုတ်။ ကျွန်မကြိုက်သော အဆိုတော်

မျိုးလှိုင်လို ဆံပင်လှိုင်းတွန့်လေးများနှင့်လည်း မဟုတ်။ အရပ်မြင့်မြင့်နှင့် သေသပ်လှပသူလည်း မဟုတ်။ သူက သာမန်ရုပ်ရည်၊ သာမန်အရပ်အမောင်း၊ သာမန်လူတစ်ဦးပါ။ သို့သော် နက်ရှိုင်းစူးရှသော မျက်လုံးကြီးများ။ ထိုမျက်လုံးကြီးများသည် ကျောင်းခန်းရှေ့ဘက်ထောင့်မှနေ၍ သည်ဘက်ခုံမှာ ရှက်ရှက်နှင့် ငြိမ်ငြိမ်လေးထိုင်နေသော ၁၆ နှစ် ကောင်မလေး၏ ရင်ကို တုန်ခါစေနိုင်စွမ်း ရှိပါပေသည်။

ချစ်ခြင်းဆိုတာ ရင်ခုန်တာလားကွယ်... ။

နောက်တော့ ကိုယ်က ခေါင်းငုံ့ပြီး စာရေးနေစဉ် သူငါ့ကို ကြည့်နေလား မသိဟု သတိရနေသည်။ ပြန်ကြည့်ချင်လာသည်။ မကြည့်မိအောင် ချုပ်တည်းထားရသည်။ မအောင့်နိုင်၍ ကြည့်မိသောအခါ ထင်သည့်အတိုင်းပင် သူ ကျွန်မကို လှမ်းကြည့်နေတာ မြင်ရ၏။ သည်အခါ ဖြိုးဖြိုးရွှေရင်က တလှိုက်လှိုက်ခုန်လာပြန်ရော။

လူချင်းတိုက်ရိုက်တွေ့ရတာက လက်တွေ့စမ်းသပ်ခန်းမှာပါ။

ကျွန်မကား ဆယ်တန်းမှာ သိပ္ပံယူခဲ့သူ မဟုတ်၍ ယခု သိပ္ပံ ဘာသာရပ်ကို စိမ်းနေသည်။ လက်တွေ့ကိရိယာတွေ ကိုင်တွယ်တတ်ဖို့ ဝေးစွ၊ အပြင်မှာ မြင်ဖူးခြင်းပင် မရှိခဲ့။ သူကတော့ ရန်ကုန်စံပြကျောင်း ထွက်မို့ သိပ္ပံကိရိယာများနှင့် ကျွမ်းဝင်ပြီးသား။ ကျွန်မတို့ တောသူအုပ်စုကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ပြသည်။ ဆရာက ဟိုဘက်မှာ ရှင်းပြနေဆဲ သူက သည်ဘက်မှာ ဆရာလုပ်သည်။ ယောင်နန တောသူ

ကျွန်မတို့သည် မြို့ကြီးသား သူ့ကို ကျေးဇူးတင်ကြရ၏။ တစ်အုပ်စုလုံးကို ရှင်းပြခြင်းဖြစ်သော်လည်း သူအထူးပြောပြခဲ့တာက ကျွန်မကို ဆိုတာ ကျွန်မ သိပါသည်။ တခြားသူတွေ မသိဘဲနေမည်။ ကျွန်မကမူ သိ၏။ စူးစူးရဲရဲ သူ့မျက်လုံး ညိုညိုတို့က ကျွန်မအသည်းနုနုကို ထိုးဖောက်နေပြီလေ။

အဓိက တွေ့ကြတာက ကျောင်းကပွဲမှာပါ။

ကဘဲ့ဆရာအတတ်သင်မှာ သောကြာညတိုင်း ကျောင်းကပွဲ ရှိသည်။ ထိုစဉ်က ပညာမင်းကြီးမှာ ဦးဘ ဖြစ်၏။ ဦးဘသည် အဆို အကအနုပညာရပ်ကို အလွန်အားပေးပါသည်။ ဆရာအတတ်သင်သို့ မကြာခဏ ကိုယ်တိုင်ရောက်လာပြီး အဆိုအကများကို ကြည့်လေ့ရှိသည်။ နိုင်ငံခြား ဧည့်သည်များကို ညစာစားပွဲဖြင့် ဧည့်ခံတိုင်း ပညာရေးမိသားစု၏ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေစေပါသည်။ တက္ကသိုလ်များမှ ကျောင်းသူ၊ ကျောင်းသားများလည်း ပါသည်။ ဆရာဖြစ်သင်ကျောင်းများမှ သင်တန်းသားများလည်း ပါပါသည်။ ဆရာကြီး က သူ့ကျောင်းသားများ၏ အနုပညာတင်ဆက်မှုကို အထူး ဂုဏ်ယူတတ်သည်။ သည်တော့ ကျောင်းများကလည်း အဆို အကများကို ခံန်းသစ်တီထွင် လေ့ကျင့်ကြရတော့၏။

သောကြာညတိုင်း မိမိကျောင်းတွင်းကပွဲမှာ အဆောင်နေ အခန်းတစ်ခန်းလျှင် အစီအစဉ်တစ်ခု တင်ကြရမည်ဟုဆိုသည်။ ဤတွင် အဆောင် (၃)၊ အခန်း (၇) မှာနေသော ကျွန်မတို့ အခန်းဖော်များကလည်း တတ်သလောက်လာကြရ၏။ ထုံးစံအတိုင်း ယိမ်းပေါ့။ အထက်တန်းကျောင်းမှာ အမြဲ

ကလာသူ ကျွန်မလည်း ဤအခွင့်အရေးကို လက်လွှတ်မခံချေ။ ယိမ်းသမ (၈) ယောက်မှာ စိတ်ပါလက်ပါ အရှိဆုံးက လေသည်။ သည်လို အကကောင်းသဖြင့် ဆရာကြီးဦးသက်ဝင်းက မျက်စိကျကာ ဆရာ့အစီအစဉ်ထဲမှာ ဝင်ပါဖို့ ခေါ်ခဲ့သည်။ ဤအဖြစ်က ကျွန်မနှင့် အစ်ကိုကြီးကို ရင်းနှီးစေခဲ့တာပါပဲ။

ကျွန်မက ဆရာဦးသက်ဝင်း၏ "သူယောင်မယ် ယိမ်း"မှာ ပါရ၏။ သူယောင်သီးလေးတွေလိုဝတ်ပြီး သစ်ပင်မှာ တွဲနေရာက ဇော်ဂျီဖြစ်သူက တောင်ဝှေးနှင့် ထိုးချတော့ ကြွေကျ၊ အသက်ဝင်၊ ဇော်ဂျီနှင့်တွဲက၊ သည်လိုကိုး။ အစ်ကိုကြီးကတော့ ရှမ်းလူမျိုးလိုဝတ်ပြီး ရှမ်းကကရသော ရှမ်းယိမ်း။ ယိမ်းချင်းမတူသော်လည်း ဖျော်ဖြေရေးတွေ သွားရသောအခါ အတူသွားအတူလာ အတူအလှပြင်ကြ၊ ဆိုကြ၊ နောက်ကျပေါ့။ သည်စဉ်ကပင် တစ်ဦးနှင့်တစ်ဦး အသက်မေး ဖြစ်ခဲ့သည်။ သူက တစ်နှစ်သာသာကြီးတော့ သူ့ကိုယ်သူ အစ်ကိုကြီးပေါ့တဲ့။ ကျွန်မကို ညီမလေးတဲ့။ အဲသည်ကာလမှာ ကိုမြကြီးနှင့် စိန်စိန် ဓာတ်ပြားသွင်းထားသော "အစ်ကိုကြီးရေ ညီမလေးရေ" သီချင်းက ခေတ်စားနေသည်။ အံကိုက်ပါပဲ။

ဖျော်ဖြေရေးပွဲစဉ်တွေက ဆက်နေသည်။

ဂီတအလုပ်လုပ်သူများကို စာသင်ခန်းပျက်ခွင့်ပြုသည်။ နာမည် ခေါ်သောအခါ-

"မြူးဇစ်"

ဟု တစ်ယောက်က ထူးပေးလျှင် ပြီး၏။

ကျွန်မတို့ကား ကရင်းခုန်ရင်း ပျော်ခဲ့ကြလေသည်။ "ကမ္ဘောဇနန်းတော်"(ယခု ပန်းချီပန်းပုကျောင်းဝင်း)မှာ နိုင်ငံခြားသား ဧည့်ခံပွဲလုပ်သော ညကိုတော့ အထူးအမှတ်ရသေးသည်။ ဝင်းကြီးထဲက သစ်ပင်တွေမှာ ရောင်စုံမီးပွင့်တွေနှင့်၊ ပန်းခြံထဲမှာ ရောင်စုံဒေလီ ယာပွင့်တွေနှင့်၊ ဆောင်းလေက လတ်ဆတ်စွာ ဝေ့ဝဲနေသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီး လူစုကြစဉ် အစ်ကိုကြီး ပြေးလာသည်။ "ရော့... ရော့ ညီမလေး၊ မစိန်ပွင့်တို့ လုလို့ ဗိုက် လာရတယ်"တဲ့။ သူ့ ရှမ်းတိုက်ပုံတွင်းမှာ ဒေလီယာအနီရဲရဲကြီးတစ်ပွင့်။

"ဟယ်... လှလိုက်တာ၊ ကိုကြီး ခိုးလာတာပေါ့"

ဟု ကလေးလိုပြောပြီး လှမ်းယူတော့ သူ့မျက်နှာမှာ ဝင်းသွားသည်။ အနားက မဝေက မျက်စပစ်တာ ဘာအဓိပ္ပာယ်မှန်းမသိ။ ပန်းဆိုတာ အချစ်၏သင်္ကေတဟု ရေရေလည်လည်နားမလည်သေး။ ဝမ်းသာတာပဲ ရှိသည်။

အဆောင်ပြန်ရောက်တော့ မဝေက သတင်းဖောက်သည်ချ၏။ သည်အခါ အစ်ကိုကြီးရေ ညီမလေးရေ သီချင်းသံ ညံသွားလေ၏။ ဒါ ဘာဖြစ်တာလဲ။ ဟင့်အင်း ရည်းစားစာပေးတာမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ် သူနှင့်ကျွန်မ အစ်ကိုကြီးရေ ညီမလေးရေပဲလေ။

တပေါင်းပွဲ ရောက်လာသည်။

ရွှေတိဂုံအနောက်မုခ်ပြပွဲဆိုတာ ကြီးကျယ်ခမ်းနားလှ၏။ ကျွန်မတို့တစ်စုက ရွှေတိဂုံသွားဖို့ ကြောက်နေသည်။

ဝါဆိုဦးတုန်းက နှစ်ယောက်တည်းသွားတာ လူလိုက်ခံရ လို့ပါ။ ခုတော့ ဘာမှ မပူရ။ ကိုကြီးက အားလုံးကို ဦးဆောင်ပို့သည်။ သူက ရန်ကုန်တစ်ဖက်ကမ်း ခနောင်တိုက ဆိုတော့ ရန်ကုန်သားပေါ့လေ။ မြို့သားလူရည်လည်တယ်ပေါ့။ ကမ္ဘာအေးဘုရားပွဲလည်း ကိုကြီးပဲ လိုက်ပို့သည်။ မိုးကောင်းဘုရားပွဲလည်း ကိုကြီးလိုက်ပို့သည်။ ကျွန်မတို့ တောသူအုပ်စုသည် ဘုရားပွဲတကာကို ပို့ပေးသော ကိုကြီးကို ကျေးဇူးတင်ကြရ၏။ ပြီးတော့ မဝေတို့တစ်စုက ကျွန်မကို ကျေးဇူးတင်သတဲ့။ ကျွန်မမျက်နှာနဲ့ ကိုကြီးက ပို့တာတဲ့လေ။ ကျွန်မ ရှက်လိုက်တာ။

ဒါပေမဲ့ ကျွန်မလက်ကောက်လေး ကျိုးတော့လည်း ပန်းထိမ်မှာ ပြန်ဆက်ဖို့ ကျွန်မ မသွားတတ်တော့ ကိုကြီးပဲ သွားပေးခဲ့တာပါ။

နွေးဦးရောက်ပြီ။
ရွက်ဝါတွေကြွေပြီ။
အဆိုအကတွေ နားပြီ။
စာမေးပွဲဖြေကြရလေသည်။
ကျွန်မတို့အသီးသီး အိမ်ပြန်ကြရတော့မည်လေ။

သရက်ဖူးလေးများက အဆောင် (၃)ရှေ့ မြေပြင်မှာ ပြန့်ကျဲလို့။ ကိုကြီးက မတ်တတ်ရပ်လျက် ကျွန်မကို စောင့်နေသည်။ အဆောင်ပေါ်ကို လူကြုံနှင့် မှာလိုက်သဖြင့် ဝရန်တာက ကျွန်မ လှမ်းကြည့်တော့ သူမှန်းသိပြီးပြီ။ သူ့ကိုပေးဖို့ ပစ္စည်းလေးတွေ ညကပင် စုထားပြီးသားပါ။

မီးခြစ်ဘူး (နတ်သမီးတံဆိပ်ထင်းရှူးသားဘူး) လေးများကို ပိတ်စဖြင့်ပတ်ပြီး ဆိုဖာလေးဖြစ်အောင် ချုပ်ထားတာရှိ၏။ အိမ်တွင်းမှုသိပ္ပံမှာ သင်ခဲ့ရတာလေ။ အဲသည် မီးခြစ်ဘူး ဆိုဖာလေးရယ်။ ပြီးတော့ အင်းလျားကန်စပ် ဘဲအုပ်တွေကို နောက်ခံထားပြီး မြက်ခင်းပေါ် ခြေဆင်းထိုင်နေသည့် ကျွန်မရဲ့ တစ်ကိုယ်လုံး ဓာတ်ပုံရယ်၊ ပြီးတော့ စာတိုလေးတစ်မျက်နှာရယ်ပါ။

"တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာ ဆိုတဲ့ စကားအတိုင်းပါပဲ ကိုကြီး၊ ညီမလေးက ပြည်နယ်စတိုင်ပင်နဲ့ လာတာမို့ ပြည်နယ်ကို ပြန်ရတော့မယ်။ အိမ်မှာ အမေရယ်၊ မမရယ်၊ မောင်လေးနဲ့ ညီမလေးရယ်ကို လုပ်ကျွေးရဦးမယ်။ ရန်ကုန်ဆိုတာ ညီမလေးဘဝနဲ့ ဘာမှမဆိုင်ပါဘူး။ တစ်နှစ်လုံး စောင့်ရှောက်ခဲ့တဲ့ ကိုကြီးကျေးဇူးကို မမေ့ပါဘူး။ တစ်သက်စာ နှုတ်ဆက်ခဲ့ပါတယ်၊ ညီမလေးနှင်း" တဲ့။

နွေလေရူးက တဟူးဟူး တိုက်နေသည်။

စာဖတ်နေသော ကိုကြီး မျက်လုံးတွေက ရီဝေမှိုင်းပျလို့။

ညီမလေးကလည်း မျက်လွှာချရင်း မျက်တောင်တဖျပ်ဖျပ် ခတ်လို့။

*××× နွေရာသီကျောင်းပိတ်ရက်မို့ မိဘရပ်ထံ မောင်ပြန်ရတော့မယ် ××× အချစ်ရယ် အသက်ရယ် ဆက်ဆက်လာမယ်ဆိုတဲ့ စကားရယ် ××× မေ့ပြီလားကွယ် ×××*

ဟိုးဘက် ယောက်ျားလေးဆောင်မှ ရေချိုးခန်းမင်းသား တစ်ယောက် အော်ဆိုလိုက်သော သီချင်း။

ကိုကြီးနှင့် ညီမလေးကို အလွမ်းတွေ ထပ်ဆင့်ပေးနေကြသည်။

အဲဒါ နောက်ဆုံးနေ့ပါ။

အိပ်ရာလိပ်တွေ သေတ္တာတွေ သယ်နေကြပြီ။

အားလုံး အိမ်ပြန်ကြပြီလေ။

ဘယ်တော့ ပြန်တွေ့ကြမှာလဲဆိုသော မေးခွန်းကို ဘယ်သူမှ မမေးကြ။ အလယ်တန်းဆရာ ဖြစ်ဆိုတာ တစ်နှစ်တည်းပဲ။ မွမ်းမံသင်တန်း ခေါ်ဖြစ်ပါမှ ပြန်ဆုံနိုင်မည်။ ဘာမှ မသေချာ။ စာရေးနော်ဟုသာ နှုတ်ဆက်ရတော့သည်။

အိမ်အရောက်မှာ မမလေးက ပြုံးစစနှင့် လှမ်းပေးသည်။

စာအိတ်ကလေးတစ်အိတ်။

"လူတောင်ပြန်မရောက်သေးဘူး၊ စာက ရောက်နေပြီတဲ့"

အိတ်ပေါ်က ကိုကြီးလက်ရေး စောင်းစောင်းလေးတွေကို ကြည့်ပြီး စိတ်မကောင်း။ စာတော့ ပြန်ရေးဖြစ်သေးသည်။ နောက်တော့လည်း မီးဝေးချိန်။ နှစ်တွေ ဆယ်စုနှစ်တောင် ကြာသွားခဲ့သည်။ အချိန်တွေ ပြောင်းသည်နှင့်အတူ စိတ်တွေလည်းပြောင်း။ ဘဝတွေလည်းပြောင်း။

ကျွန်မ ရန်ကုန် ပြောင်းလာခဲ့၏။

ရန်ကုန်ဟူသည် ကိုယ့်ဘဝနှင့် ဘာမျှမဆိုင်ဟု ထင်ခဲ့

သော်လည်း ခုတော့ ရန်ကုန်မှာမှ လုပ်စရာတွေ ရှိသည်ဟု ယုံကြည်စွာ။ တကယ်လည်း ရန်ကုန်မှာ ကျွန်မ အသားကျ နေခဲ့၏။ ရန်ကုန်မှာလုပ်ရသော အသံလွှင့်ပညာသည် အနေ ဆင်းရဲရခြင်းကို တွန်းလှန်နိုင်သောခွန်အား ပြည့်ဝပါပေသည်။ စောင်းကို လှလှပပ ပိုက်ပြီး ဝတ်တော်ရုံဘွဲ့ကို တီးရသော အရသာကား အိမ်ခန်းကျဉ်းကျဉ်းလေးကို ဖြေသိမ့်ပေးခဲ့ပါ လေသည်။

*ခါနွေဦး ××× ဖူးစီညွန့်လန်း ×××* ဟု ညည်းစဉ် တစ်ခါက နွေဦးမှာ သရက်ဖူးလေးတွေကြား လွမ်းခဲ့ဖူးသော သူ့ကို သတိမရခဲ့တာ အမှန်ပါ။ လူသည် အမျိုးမျိုးအဖုံဖုံ ဖောက်ပြန်လူးလွန့်တတ်သူပဲ။

မိုးသည်းသည်းရွာသော နေ့တစ်နေ့။

မြန်မာပိုင်းအစီအစဉ် ဧည့်ခန်းထဲမှာ။

ကိုကြီးက လူကြီးကြီး ဖြစ်သွားလိုက်တာ။

သူ ဘာစကားမှုမဆို၊ ဆွဲလာသော အိတ်ကြီးထဲမှ ပစ္စည်းလေးတွေ ထုတ်ယူပြီး စားပွဲပေါ်တင်လိုက်သည်။ ဟင် မီးခြစ်ဘူးဆိုဖာလေးပါလား။ အို... ဒါ... ဒါကို ကိုကြီး သိမ်း ထားတယ်လား။

"နှင်းကို ကိုကြီး တစ်နေ့မှ မမေ့ဘူး။ အခု ဆရာမ ဒေါ်ခင်သန်းနွဲ့နဲ့ စကားစပ်မိတော့မှ နှင်း ဒီမှာရောက်နေတာ သိရတယ်။ နှင်းက နေနိုင်လိုက်တာ။ ကိုကြီးကို မဆက်သွယ်ဘူး။ အေးလေ ကိုကြီးလည်း မှားတယ်။ အိမ်က မိန်းမပေးစားမယ် ဆိုတော့ ကျွန်တော်ချစ်ထားတဲ့မိန်းကလေး ကချင်ပြည်နယ်မှာ

ရှိတယ်လို့ ငြင်းပါသေးတယ်။ နောက်တော့ အစ်ကိုတော် တစ်ယောက်က နားချတယ်။ မှတ်မှတ်ရရ လသာတဲ့ ညတစ်ညပါ။ ရေဆင်းတံတားကို ခေါ်သွားတယ်။ လရောင်အောက်က ရေဆင်းတံတားပေါ်မှာ ထိုင်ရင်းပြောတယ်။ ဆယ်ကျော်သက်တုန်းက ချစ်ခဲ့တယ်ဆိုတာ စိတ်ကစားတာတဲ့။ အိမ်ထောင်ပြုပြီးရင် အချစ်ဦးဆိုတာ မေ့သွားတာပဲတဲ့။ အချိန်တန်တော့ လုပ်သင့်တာ လုပ်ရမှာပဲတဲ့။ ခွေမျိုးမကင်းထဲကနဲ့ပဲ ပေးစားတာပါ။ မင်္ဂလာဆောင်တဲ့ညက ချောင်းနံဘေးသွားပြီး ကိုကြီး တအားငိုခဲ့ရတယ် နှင်းရယ်'' တဲ့။

ကဲ- စိတ်ကောင်းနိုင်ပါဦးမလား။

ဒါပေမဲ့ အဲသည်အချိန်မှာ သူက ကလေး ၅ ယောက်ရနေပါပြီ။ မွေးလှချေလားဟု ကျွန်မ နောက်လိုက်သေးသည်။

ကျွန်မလား…

ကျွန်မက ဒဏ်ရာရ ကျားသစ်မပါ။

စိတ်ညစ်ညစ်နဲ့ အိမ်ထောင်ကျနေပြီ။

ကျွန်မသည် ကိုကြီးကို ရုံးဝအထိ လိုက်ပို့လိုက်၏။

နောက်တော့လည်း ထပ်ပြီး မတွေ့ဖြစ်ကြ။

မုန်တိုင်းထန်သော ကာလများ…

ကျွန်မဘဝရဲ့ လေးပုံ သုံးပုံမှာ မုန်တိုင်းတွေပဲ။

မြောက်သစ်ကိုင်းလွတ်၊ ငှက်တောင်ကျွတ်။

အနားမှာ အားကိုးရာ နတ္ထိ။

သွားကြ… ။ အားလုံး သွားကြစမ်း… ။

ကျွန်မသည်-

"ငါးမရရင် ရေချိုးပြန်မယ်"ဟူသော လူစားမဟုတ်။

ရေချိုးရုံနဲ့ ဘာလုပ်မှာလဲ။ ငါးမရ ရအောင်ဖမ်းတတ်သူပဲ။ ငါးအကြီးမရတောင်မှ သေးသေးတော့ ရကို ရရမယ်။ ဘယ်တော့မှ လက်မလျှော့။ သူငယ်ချင်း စာရေးဆရာမတစ်ဦးက မှတ်ချက်ချဖူးသည်။ မင်းကို ဘယ်လို ရိုက်သတ်လို့မှ မသေဘူးနော်၊ ခေါင်းကို ရိုက်ရင် အမြီးကလှုပ်တယ်၊ အမြီးကိုနင်းရင် ခေါင်းက လှုပ်တယ်။ ခေါင်းရော အမြီးရောကို နင်းထားရင်တောင် အလယ်ပိုင်းက ဆတ်ဆတ်တုန်တယ်'တဲ့။

မှန်ပါသည်။ အသက်ရှူနေသေးလို့ကတော့ ကျွန်မအားမလျှော့တတ်ချေ။ မဟာဗန္ဓုလလမ်းမကြီး၏ ပလက်ဖောင်းပေါ်မှာပေါ့။ ငါးရှာထွက်ရင်း ကျွန်မ အမြန်လျှောက်နေခဲ့၏။ ဟော... ဟိုးရှေ့မှာ၊ အဝေးကောင်းသော ကျွန်မမျက်လုံးများက ဘယ်တော့မှ မမှား။ အဲဒါ ကိုကြီးပဲ။ မျက်နှာချင်းဆိုင်က လာနေတာ။ မျက်နှာကို သူ မမြင်အောင် ဆောင်းလာသော မြက်ဦးထုပ်ကို ရှေ့ငိုက်အောင် နှိမ့်လိုက်သည်။ မရချေ။ သူ မြင်သွားခဲ့ပြီ။

နှင်း... နှင်း... နှင်းရေ... သူ လိုက်ခေါ်နေသည်။

အော်ရင်း နောက်က ပြေးလိုက်လာသည်။ ဘာထူးတော့မှာ လဲကွယ်။ ဖျတ်ခနဲ ရပ်လိုက်ပြီး သူ့ကို မျက်နှာချင်းဆိုင်လိုက်သည်။ သူက ဝမ်းသာဝမ်းနည်း ပြုံးပြဆဲ။

"ရှင် လူမှားနေပြီ၊ ကျွန်မနာမည် နှင်း မဟုတ်ဘူး"

ခပ်မာမာပြောပြီး လှည့်ထွက်ခဲ့၏။

နေရစ်တော့ ကိုကြီးရေ... ဘာလုပ်တော့မှာလဲကွယ်၊ ဒီကနေ့ နှင်းဆိုတာ ဟိုးငယ်ငယ်က နုနုနယ်နယ် နှင်းလေး မဟုတ်တော့ဘူး။ အထုအထောခံထားရတဲ့ ငါးဖယ်ပါ။ မာတယ်၊ ဆတ်တယ်၊ ဘုဆန်တယ်၊ ပြီးတော့ အတိတ်ကနံ့လန့်ကာကို အပြီးချထားပြီးတဲ့ နှင်းပါ။

စိတ်တော့ ဘယ်ကောင်းနိုင်ပါ့မလဲ။ တကယ်တော့ "ကိုကြီး"ဆိုတာ ကျွန်မကိုချစ်တဲ့သူ အမှတ် (၂) ပေပဲ။

❐

## ကျွန်မကို ချစ်တဲ့သူများ (၃)

သူ့ကို ကျွန်မက "ကိုလေး" ဟု ခေါ်ပါသည်။ ဒါက သက်သက် ချွဲပြီး ခေါ်ခြင်း မဟုတ်ပါ။ သူနှင့် ခင်မင်ကြ တော့ သူ့ကိုယ် သူ "ကိုကြီးက" ဟု ပြောသောအခါ ကျွန်မ က ပွင့်လင်းစွာ -

"ညီမလေးမှာ ကိုကြီးလို့ခေါ်တဲ့လူ ရှိတယ်။ ဒီတော့ ဒါက ကိုလေးပေါ့"

ဟု ရယ်ကာမောကာ ပြောခဲ့၏။ သူက ကျွန်မကို ကျေကျေနပ်နပ် ပြုံးကြည့်နေသည်။ စီးကရက်ကို မီးညှိသည်။ မီးခိုးတွေ မှုတ်ထုတ်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေခဲ့သည်။ သူ သည်လို လုပ်ပုံမျိုးသည် တစ်စုံတစ်ရာကို ပီတိဖြစ်ပြီး ကြည်နူးနေခြင်းဟု ကျွန်မ သဘောပေါက်ပါသည်။ အသား လတ်လတ်၊ နဖူးကျယ်ကျယ်၊ နှာတံဖြောင့်ဖြောင့်နှင့် ပီရိတိကျ သော နှုတ်ခမ်းသားမှ အပြုံးများကို ကျွန်မ သဘောကျသည်။ သူ မီးခိုးမှုတ်ထုတ်နေစဉ် ကျွန်မက သူ့ကို ကလေးတစ်ယောက်

ပီပီ ငေးကြည့်နေခဲ့၏။ သူ့ကို ငေးကြည့်နေမိခြင်းအတွက် ကျွန်မ မရှက်ပါ။ ဒါဟာ ရှက်စရာဟုလည်း မယူဆပါ။ ခင်မင်ဖွယ် လူသားတစ်ဦးကို နှစ်သက်နေမိခြင်းပေပဲ။

သူ ကျွန်မကို ချစ်နေခဲ့သည်ဟု ကျွန်မ လုံးဝ မသိခဲ့တာ အမှန်ပါ။

ဆူးလေဘုရားလမ်းမကြီး၏ အနောက်ဘက် ပလက်ဖောင်းမှနေ၍ အရှေ့ဘက်ပလက်ဖောင်းက လူကို (ယခင်က အလယ်တွင် သံတိုင်များ မရှိပါ) အော်ခေါ်ခဲ့သော ကျွန်မဆိုသည့် ရိုးသားပွင့်လင်းသော ကောင်မလေးကို သူ တိတ်တိတ်ကလေး ကြင်နာတွယ်တာနေခဲ့ကြောင်း နောင်မှ သိရတာပါ။

ထိုနေ့က ကျွန်မသည် ဆရာအတတ်သင်တက်ဖက် မမကြည်နှင့် ရုပ်ရှင်လိုက်ကြည့်ခြင်း ဖြစ်သည်။ မမကြည်၏ ချစ်သူ ကိုကိုလတ်က ခေါ်ပြတာဟု သေသေချာချာ မှတ်မိ၏။ ပလေဒီယံရုံဟုလည်း တိတိကျကျ မှတ်မိ၏။ ဇာတ်ကား အမည်ကို မမှတ်မိ။ အင်္ဂလိပ်ကား တစ်ကားဟုသာ ရေးရေး မှတ်မိသည်။

ထိုနေ့က မိုးအုံ့နေသည်။

ဆူးလေလမ်းမကြီးမှာ လေအတော်တိုက်နေသည်။

ဘတ်စ်ကားများက များများစားစား မရှိ။ ကိုယ်ပိုင်ဆလွန်းကားလည်း တန်းစီမနေကြ။ ကားရှင်းရှင်း၊ လူကျဲကျဲ။ ကျွန်မတို့ ၃ ယောက်သား ကန်ဘဲ့သို့ပြန်ရန် ဆင်တဲဆိပ်ကားကို ရပ်စောင့်နေကြ၏။ ဆူးလေလမ်းမကြီး၏ အနောက်ဘက် ကမ်း မှတ်တိုင်မှာ ဖြစ်ပါသည်။

လူရှင်း ကားရှင်းသဖြင့် အရှေ့ဘက်ကမ်း ပလက်ဖောင်း မှတ်တိုင်မှ လူများကို သည်ဘက်ကမ်းမှ လှမ်းမြင်နိုင်ခြင်း ဖြစ်၏။ အထူးသဖြင့် ကျွန်မက အဝေးအမြင်ကောင်းသည်။ ယခုထိ ၃ မှတ်တိုင်လောက်ကို ထင်ထင်ရှားရှား မြင်နေဆဲ ဖြစ်၏။ ထိုနေ့က ထိုမှတ်တိုင်မှာ ကားစောင့်နေသူများကြားတွင် ကိုသိန်းကို လှမ်းမြင်ခြင်း ဖြစ်သည်။

မြင်လိုက်လျှင်ပင်–

"ကိုသိန်းရေ ကိုသိန်း"

ဟု ကျွန်မ လှမ်းအော်ခဲ့သည်။ လမ်းမကြီးသည်ဘက်မှ ဟိုဘက်သို့ လှမ်းမအော်ရကောင်းမှန်း ကျွန်မ နားမလည်ချေ။ ကိုသိန်းကို မြင်တော့ ကျွန်မ ပျော်သွားတာပါ။ ကိုသိန်းဆိုတာ အခြားသူ မဟုတ်။ အစ်ကို့သူငယ်ချင်း၊ ပြီးတော့ ကျွန်မ သူငယ်ချင်း၏ အစ်ကို။ ရွှေကူမှာ တစ်ရပ်ကွက်တည်းသား များပေါ့။

ကျွန်မ ရန်ကုန်ရောက်တာ ၃ လရှိပြီ။ ကိုယ့်ရပ်ရွာက လူဆိုလို့ တစ်ဦးတစ်ယောက်မျှ မတွေ့ရသေး။ အခု ကိုသိန်းကိုမြင်တော့ ဝမ်းသာပြီး ခေါ်လိုက်မိတာပါ။ မတော်၍ သူ ကားပေါ်တက်သွားရင် လွဲသွားမည် မဟုတ်လား။ ကိုသိန်းက အင်းစိန် ဂျီတီအိုင်မှာ တက်နေကြောင်း ကျွန်မ သိထားသည်။ ကိုယ့်ရွာကလူမို့ အားကိုးအားထားမိတာလည်း ပါသည်။ ကျွန်မ ကံဘဲ့မှာ ဆရာအတတ်သင် တက်နေတာ ပြောချင်သည်။ သည်တော့ သူ့ကိုမြင်တုန်း အော်ရတော့တာပါပဲ။ သည်တုန်းက

ကျွန်မအသက် (၁၆) နှစ် ပြည့်ပြီးခါစပါ။ ဆယ်တန်းအောင် ခါစပေါ့။

ကျွန်မ အော်သံကို သူ ချက်ချင်း မကြားချေ။ လေးငါး ဆယ်ခွန်းထိ အော်သည်။ ခုန်ပေါက်ပြီး အော်နေတာကို ကျွန်မ သူငယ်ချင်းများကလည်း ခွင့်လွှတ်ကြပါသည်။ ကျွန်မ ဘယ် လောက် ပျော်သွားကြောင်း သူတို့ နားလည်ကြသည်။ နားမလည် သူက ကိုသိန်း ကိုယ်တိုင်ပါ။ သူ ကျွန်မအသံကို ကြားသွား သည်။ သူ့နာမည်ကို သည်လို အော်ခေါ်ခံရတော့ ပထမ အံ့ဩမှာပါ။ နောက် အသံလာရာကို ကြည့်မည်။ ခုန်ပေါက် မြူးထူးနေသော ကောင်မလေးတစ်ယောက်ကို မြင်မည်။ ရွှေကူ က သူ့ သူငယ်ချင်း၏ နှမမှန်း သိသွားပုံရသည်။ သူ လမ်းကူး လာ၏။

သူ လမ်းသည်ဘက် ကူးလာတာမြင်တော့ ကျွန်မဖြင့် ပျော်လိုက်တာ။ သူ့မျက်နှာကြီးကား သုန်မှုန်နေ၏။ သူ စိတ်ဆိုး နေတာပါကလား။

"ဘာဖြစ်လို့ ဒါလောက် အော်ခေါ်နေရတာလဲ"

ရောက်ရောက်ချင်း သူ ဟိန်းဟောက်လေသည်။

"တကယ်ဆို နင့်ဟာနင် လမ်းဟိုဘက် ကူးခဲ့ပါလား"

"ဒါ ရန်ကုန်၊ နင် မရှက်ဘူးလား"

စသဖြင့် ဗလုံးဗထွေးပြောပြီး ဆူပါသည်။

ကျွန်မ ခမျာတော့ မျက်လုံးကလယ်ကလယ် ဖြစ်ရ ပါတော့သည်။ စောစောက ကျွန်မရဲ့ အပျော်တွေဟာ မျက်ရည် အဖြစ် ကျဆင်းရတော့သည်။ ရှက်လို့ မျက်ရည်မကျအောင်

မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ပေမယ့် ငိုမဲ့မဲ့မျက်နှာဟာ ဘယ်လိုမှ ပြုံးမလာတော့ပါ။ ဘေးနားမှာ ကိုယ့်ကို နားလည်တဲ့သူငယ်ချင်းတွေ ရှိပေမယ့် ရင်ထဲမှာ အားငယ်သွားသည်။ အားငယ်တယ်ဆိုတာ တော်တော်ဖြေဆည်ဖို့ ခက်ပါသည်။ ဟန်ဆောင်ဖို့ ခက်သည်။ မျက်နှာမှာ သွေးကြောတွေ ကျုံ့ဝင်သွားသလို အရေပြားရဲ့အရောင်မှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတော့၏။ ပြောရရင် ငိုချင်သလိုလိုကြီး... ။

သည်လို ဖြစ်နေစဉ်မှာပဲ...

"ဟော့လူ ခင်ဗျား တော်တော့လေ၊ ကလေးစိတ် မကောင်း ဖြစ်နေပြီ"

ကျိတ်ပြီး ဆူလိုက်သော အသံတစ်သံ။

သည်တော့မှ ဘေးက လူတစ်ယောက် ပါလာသည်ကို မော့ကြည့်မိသည်။ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ လူပုံ ပါးပါးလျားလျား၊ ဆံပင်ဖြီးထားပုံက သေသေသပ်သပ်၊ အထူးသဖြင့်က စူးရှထက်မြက်၍ ကြင်နာရိပ်ရှိသော မျက်ဝန်းများ။ အဲဒါ ကျွန်မရဲ့ "ကိုလေး" ဖြစ်လာမည့်လူလေ... ။

"အလကား၊ ဝမ်းမနည်းနဲ့ ညီမလေး၊ ဒီလူက လူပုစိတ်တို၊ လာ... လာ... ညီမလေးအဖော်တွေရော၊ တစ်ခုခု သွားသောက်ရအောင်"

ကိုလေးက ဘယ်လောက် ချစ်စရာကောင်းလဲနော်။

ငိုမဲ့မဲ့ကောင်မလေးကို ပခုံးဖက်ပြီး ခေါ်ခဲ့သည်။ ကျွန်မ အဖော်တွေလည်း နားလည်စွာ လိုက်ခဲ့ကြသည်။ မှုန်တေတေ ဖြစ်နေသော ကိုသိန်းလည်း ပြုံးလာခဲ့သည်။

"အဲဒီကတည်းက ညီမလေးကို ချစ်မိခဲ့တာ"

သည်စကားများကို ကိုလေးသည် အလွန်နောက်ကျစွာ ပြောခဲ့လေသည်။ ၁၆ နှစ်ရွယ်ကောင်မလေးကို နောက်ဆုံးနှစ် ကျောင်းသားကြီးက မပြောရက်တာလည်း သဘာဝကျပါသည်။

ထိုနေ့က ကျွန်မတို့သည် "အိုရီယင့်" ဆိုသော ဟိုတယ်ပေါ်မှာ အအေးသောက်ခဲ့ကြ၏။ နှစ်ဖက်ပါလာသော သူငယ်ချင်းတွေကို မိတ်ဆက်ပေးကြ၏။ မမကြည်၏ ချစ်သူက အေးသည်။ စကား သိပ်မပြော။ ကိုသိန်းကလည်း စကားနည်းသူ။ ကျွန်မကား ဘယ်တုန်းက ရန်ကုန်ရောက်ခဲ့ကြောင်း၊ ရွှေကူမှ အသိမရှိ၍ ပျင်းရကြောင်း၊ အိမ်က စာမလာကြောင်း၊ ပထမဆုံး ရောက်လာသော စာမှာ ရေစိုနေ၍ ဖတ်မရကြောင်း၊ အိမ်ကို လွမ်းကြောင်း၊ ကျောင်း ၁၀ ရက်ပိတ်လျှင်လည်း ပြန်ဖို့အချိန်မလောက်သဖြင့် စိတ်ညစ်ကြောင်း၊ အဆောင်ဟင်းကတော့ ကောင်းကြောင်း၊ အထူးသဖြင့် မုန်လာဥချဉ်ရေနှင့် ငါးခူကြော်ဆိုလျှင် စား၍ မြိန်ကြောင်း၊ သိပ္ပံဘာသာ အထူးပြုယူရတာ ခက်ကြောင်း၊ ဂီတသင်ခန်းစာနှင့် ကဗျာလွတ်အကသင်ရတာ ပျော်စရာကောင်းကြောင်း ပြော၍ မပြီးနိုင်ချေ။ အခုမှ စုပြီး ပြောရတာမို့ သူတို့ကလည်း သည်းခံပြီး နားထောင်ကြဟန် တူပါ၏။ အတော် စကားပေါသော ကောင်မလေးဟု ကိုယ့်ဘာသာ နောက်မှ သတိရသည်။

ကျွန်မပြောသမျှကို စီးကရက်ခဲရင်း ပြုံးကြည့်နေသူမှာ နောင်အခါ ကျွန်မ၏ကိုလေး ဖြစ်လာမည့် ကိုအောင်ဟိန်းပါ။

ကိုလေးရော ကိုသိန်းပါ အင်းစိန်ဂျိတ်ဘီအိုင်မှာ နောက်ဆုံးနှစ် ကျောင်းသားကြီးများ ဖြစ်၏။ ကိုလေးက ပြည် သရေခေတ္တရာ ကပဟု ဆိုသည်။ အမေနှင့် သား နှစ်ဦးတည်းရှိပြီး ညီအစ်ကို မောင်နှမ မရှိဟုလည်း သိရသည်။ ကျွန်မကား စကားပြော ညင်သာပြီး အမူအရာ သိမ်မွေ့သည့် သည်လူကို ခုမှ တွေ့ရသူ ဟု မမြင်နိုင်ဘဲ ရင်းနှီးအားထားလိုက်မိ၏။

အိုရီယင့်မှ ဆင်းလာကြသောအခါ ကိုသိန်းနှင့် ကိုလေး က အင်းစိန်သို့ ကားတစ်မျိုးစီးပြီး ပြန်ကြသည်။ ကျွန်မတို့က ကံဘဲ့သို့ ဆင်တံဆိပ်ကားကို စီးရသည်။

"လာခဲ့မယ်"

ဟု တိုးတိုးကပ်ပြောလိုက်သော ကိုလေးအသံကို ကိုသိန်းကြား ဟန်မတူပါ။ ကိုသိန်းမကြားအောင် တမင် တိုးတိုး ကပ်ပြောလိုက်ခြင်းပဲလားလည်း မသိ။ အဆောင်ပြန် ရောက်သည့်အခါမှာတော့ မမကြည်က အဲဒီလူ အတော် ညက်သောတယ်ဟု မှတ်ချက်ချပါသည်။ ညက်သောတယ် ဆိုသော စကား၏အဓိပ္ပာယ် အတိမ်အနက်ကို ကျွန်မ မသိ သော်လည်း လူကောင်းသူကောင်းဟုတော့ နားလည်ပါသည်။ ထို့ထက် ခင်မင်ဖွယ်ကောင်းသော လူဟုလည်း ယူဆပါ သည်။ ကျွန်မ အယူအဆ မမှားချေ။

စနေဆိုလျှင် ကျွန်မထံ ကိုလေး ရောက်လာမြဲ။

အင်းစိန်နှင့် ကံဘဲ့ဆိုတာ အဝေးကြီးဟု သူပြောသည်။ ဒါပေမဲ့ ညီမလေး အားငယ်နေမှာစိုးလို့ ဟုဆိုသည်။ ပထမ ဆုံးအခေါက်မှာ ကိုသိန်းပါသော်လည်း နောက်မပါတော့ပေ။

ကိုသိန်းကောဟု ကျွန်မ မေးသည်။ ကိုလေးက မဖြေချင်သလိုလို ဘာလိုလို။ သူ ဒီလာတာ ကိုသိန်း မသိဘူးတဲ့။ အဲဒါ ဘာအဓိပ္ပာယ်ပါလိမ့်၊ ဘာဖြစ်လို့ပါလိမ့်ဟု ကျွန်မ မတွေးတတ်ခဲ့ပါ။

ကံဘဲ့ ဆရာအတတ်သင်ကောလိပ် အဆောင် (၃)၊ အခန်း (၇) မှာ ကျွန်မလိပ်စာ ဖြစ်၏။ အိုရီယင့်မှာ တွေ့စဉ်ကပင် သည်လိပ်စာကို သူတောင်း၍ ရွတ်ပြတော့ သုံးခွန်၊ သုံးခွန်ဟု သူရေရွတ်နေတာ ကျွန်မ သတိရ၏။ ယခုတော့ 'အဆောင် (၃)၊ အခန်း (၇) ဧည့်သည် လာတယ်' ဟု အောက်ထပ်က အော်ပြောလျှင် ကိုလေးမှန်း အခန်းဖော်တွေပင် သိနေကြပြီ။

ကိုလေးလာလျှင် လမ်းလျှောက်ရအောင်ဆိုပြီး ချိုးဖြူပိုက်လုံးကြီးပေါ်မှာ တောင်မှမြောက်သို့ အဝေးကြီး လျှောက်ကြသည်။ ကိုလေးက စကားသိပ်မပြော။ စီးကရက်တွေပဲ တစ်လိပ်ပြီး တစ်လိပ် သောက်နေသည်။ ကျွန်မကသာ ပြောချင်တာတွေ စွတ်ပြောနေခဲ့၏။ 'သင်တန်းပြီးရင် ဘယ်မြို့ကျမယ်ဆိုတာ မသိနိုင်ခဲ့ဘူး' ဟုတော့ သူ သက်ပြင်းချပြီးပြောသည်။ ကျွန်မကား ကိုယ့်မြို့မှာပဲ အလယ်တန်းဆရာမနေရာ ရှိသည်ဆိုပြီး ပေါ့ပေါ့ပါးပါး ဖြစ်ခဲ့သည်။

လမ်းလျှောက်ကပြန်တော့ ကံဘဲ့နှင့် ရန်ကင်းလမ်းမကြီး လမ်းဆုံက ကြံရည်ဆိုင်မှာ ကြံရည်သောက်ကြသည်။ ကြံရည်သောက်တိုင်း ကိုလေး ပိုက်ဆံထုတ်သောအခါ ကျွန်မက ညီမလေးမှာ ပိုက်ဆံနည်းနေလို့နော်ဟု ပြောတတ်၏။

သည်အခါ ကြင်နာစွာ ကျွန်မကို ငေးကြည့်တတ်သည်။ အကြာကြီးနေပြီးမှ ကျွန်မထိပ်ကို လှမ်းပုတ်ပြီး ''ချာတိတ်ပဲ'' ဟု သူ့ဘာသာ ရေရွတ်လေသည်။

သူတို့ ဂျီတီအိုင် နှစ်လည် ညစာစားပွဲနေ့။

ထိုညကို ကျွန်မ ကောင်းကောင်း မှတ်မိ၏။ မမှတ်မိစရာ ဘယ်ရှိပါ့မလဲ။ ထိုနေ့က ကိုသိန်း စိတ်ကောက်တာလေ။

''ညစာစားပွဲရှိတယ်၊ နင့်ကို လာခေါ်မယ်။ အငြိမ့်ကြည့်ရမယ်၊ ညအိပ်ရင်တော့ အင်းစိန်က ရွှေကူသူ ဒေါ်မမလေး အိမ်မှာ အိပ်ရမယ်''

စသည်ဖြင့် ကိုသိန်းက ပြောခဲ့သည်။

အငြိမ့်ကြည့်ရမယ်ဆိုတာ တစ်ခုတည်းနှင့် ကျွန်မ ပျော်နေပြီ။ လာခေါ်တော့ ကိုသိန်း မပါပါ။ ကိုလေးပဲ လာခေါ်သည်။ ဘာဖြစ်လဲ၊ အဆင်ပြေတဲ့လူ လာခေါ်တာပဲဟု ကျွန်မ မြူးထူးစွာ လိုက်သွားခဲ့၏။

သူတို့ ကျောင်းညှော်ခန်းရောက်တော့ မျက်စိမျက်နှာ ပျက်နေကြသည်။ ကိုသိန်းက ညှော်ခန်းထဲဝင်မလာ။ ကိုလေးက နှစ်ခါသုံးခါ ဝင်လိုက် ထွက်လိုက်နှင့်။ သူတို့၏ ဂျီတီအိုင် ဆိုတာကြီးကလည်း အတော်တိုက် အနီရောင်ကြီးပါ။ အခန်းခန်း အဆောင်ဆောင်တွေနှင့်။ ဝင်းထဲမှာလည်း သစ်ပင်ကြီးတွေက အုပ်ဆိုင်းနေသည်။ ဒီဇင်ဘာလ ကုန်ရက်မို့ အေးစိမ့်နေသည်။ ညှော်ခန်းထဲမှာ ကျွန်မလို ညှော်သည်လည်း များများမရှိ။ ညကျမှ လာကြမှာထင်ရဲ့။ ကျွန်မက အဝေးကမို့ စောစောရောက်နေ

တာများလား။ ကံဘဲ့သို့ ကိုလေးရောက်တော့ မနက်စာ ထမင်း စားပြီးခါစပဲ ရှိသေးသည်။

ကိုလေးသည် ကျွန်မကို အင်းစိန်သို့ တန်းတန်းမတ်မတ် ခေါ်ခဲ့တာမို့ အစောကြီးရောက်ခဲ့သည်။ ကျောင်းထဲမှာ လှည့်ပတ် ပြမယ်ဆိုပြီး ခုတော့ ဧည့်ခန်းထဲမှာ ကျွန်မ ငုတ်တုတ်ကလေး။

နောက်ဆုံးမှ ကိုသိန်းဝင်လာသည်။ မျက်နှာက မှုန် တေတေ–

"နင့်ကို ငါကိုယ်တိုင် ကြိုမလို့၊ ဟိုလူ ငါ့ကို မပြောဘဲ ထွက်သွားတယ်၊ လူကြုံနဲ့ မှာပစ်ခဲ့တာ၊ ချာတိတ်ကို သူ သွားကြိုပြီတဲ့။ ငါ အရမ်း စိတ်ဆိုးတယ်။ နင့်ကို အားနာလို့ အခုထွက်လာတာ။ နှင်းနှင်း၊ နင် ဘာမှမသိ နားမလည်ဘူး၊ နင် အရမ်း အ,တယ်"

ကိုသိန်းက ခပ်ကျိတ်ကျိတ် ပြောပါသည်။ ကျွန်မကား ရေရေလည်လည် သဘောမပေါက်ပါ။ ကိုသိန်း ကြိုတာနဲ့ ကိုလေး ကြိုတာ ဘာများကွာလို့လဲ၊ အင်းစိန်ရောက်ရင် ပြီးတာ ပဲမဟုတ်လား။ ကိုသိန်းက အလကား ဒေါသကြီးနေတယ်။

ညစာစားပွဲမှာ သူတို့နှစ်ယောက်ကြားမှာ ကျွန်မ ထိုင်ရ သည်။ ဒံပေါက်ကို အခုမှ သေသေချာချာ စားဖူးသော တောသူ ကျွန်မမှာ ကြက်ရင်အုံကြီးကို ခက်ရင်းနှင့် မခွဲတတ်။ အားစိုက် ခွဲတော့ ထမင်းလုံးတွေက ဘေးကို ဖိတ်ကုန်ရော။ ကိုသိန်း စိတ်ဆိုးမလားဟု ကျွန်မ အလန့်တကြား ကြည့်သောအခါ စိတ်လိုလက်ရ ရယ်နေတာ မြင်ရသည်။ သူ စိတ်ဆိုးပြေသွား ပြီပဲ။

ကိုလေးလည်း ယခုမှ ရဲရဲတင်းတင်း ဖြစ်လာသည်။ ကျွန်မ ပန်းကန်ကို သူ့ရှေ့ယူပြီး ကြက်သားတုံးကြီးကို အရိုးတခြား အသားတခြား ဖြစ်အောင် ခွာပေးသည်။ သူလုပ်တော့လည်း လွယ်သလိုလိုပင်။ ခက်ရင်းနှင့် ဇွန်းသည် သူ့လက်ထဲမှာ လုလုပပ ဟန်ချက်ညီစွာ ယိမ်းကနေသလိုပါပဲ။

ကလေးတစ်ယောက်ကို ခွံ့မကျွေးရုံတစ်မည် လုပ်ကိုင်ပေးနေသော သူ့ကို ကျွန်မက ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ရသည်။ နို့မဟုတ်ရင် ဒီည ဒံပေါက်စားလို့ ပြီးမှာမဟုတ်။ ကိုသိန်းလည်း သူနှင့် မဆိုင်သလို ချဉ်ပေါင်ဟင်းရည်ကို တွင်တွင်သောက်နေ၏။ ကိုလေးက ကျွန်မကို ထမင်းပန်းကန်ပြန်ပေးစဉ် ကိုလေး မျက်လုံးများကို ကျွန်မ ရင်ဆိုင်လိုက်သည်။ စိုလက်တောက်ပကာ အေးချမ်းလွန်းစွ။

အငြိမ့်က "ရွှေလိပ်ပြာ" ဖြစ်၏။

အငြိမ့်သီချင်းနှင့် အငြိမ့်အကကို ကျွန်မ မစွဲလမ်းပါ။ လူရွှင်တော် ပြက်လုံးများကို ခွက်ထိုးခွက်လန် ရယ်နေမိသည်။ ကိုသိန်းက နည်းနည်းတော့ မျက်စောင်းခွဲသေး၏။ ကိုလေးကတော့ ကျွန်မနှင့် အဖော်ရအောင် လိုက်ရယ်ပေးပါသည်။ ရယ်တာတော့ ရယ်ရမှာပဲဟု ကျွန်မထင်သည်။ တချို့ပြက်လုံးတွေက ညစ်ပတ်သည်ဟု ထင်ပေမင့် ကျွန်မက ရယ်သည်။ ဤအခါ ကိုလေးက လိုက်မရယ်ပေ။ သူလိုက် မရယ်တော့မှဘဲ ကျွန်မမှာ ဘရိတ်အုပ်ပြီး ငြိမ်နေရ၏။

ထိုညသည်စဉ် ဒီဇင်ဘာလ ၃၀ ရက်၊ အင်းစိန်ရှိ

လေညင်းက နှင်းနှင့်အတူ လာခဲ့၏။ ကျွန်မရင်ထဲမှာ အေးမြလှသည်။ မမေ့နိုင်သောည။

* * *

နွေရက်တို့ ရောက်လာပြီ။

ကျောင်းဝင်းထဲမှာ ရွက်ဝါတွေကြွေပြီ၊ မြေပြင်မှာ လိုမ့်နေကြသည်။ လေရူးသည် တောင်မှ တိုက်လိုက်၊ မြောက်မှတိုက်လိုက်နှင့်၊ သရက်ပင် အုပ်စုပေါ်မှ ဥဩသည် အလွမ်းကို ဖော်နေသည်။ ဥဩတွန်သံသည် ကျောင်းပိတ်ရက်ခွဲခွာရခြင်းကို ပို၍ပင် ဆွေးစေလေ၏။ ကိုလေးက ကျွန်မထံ ၃ ရက်ခြားလောက် ရောက်ပါသည်။ ကျွန်မ၏ အပြာနုရောင် အော်တိုစာအုပ်လေးထဲတွင် ကိုလေး ရေးခဲ့သည်။

*"ညီမလေး ချစ်တိတ်...*
*ဘဝသံသရာသီချင်းကို အမှတ်ရရင်*
*ညီမလေး ကိုလေးကို လွမ်းမှာပါ၊*
*ကိုလေးလည်း ညီမလေးကို တွေးနေမှာ"*

***ကိုလေး...***

စာဖတ်ပြီး ကျွန်မ လွမ်းသွားသည်။ ခုကတည်းက လွမ်းနှင့်ပြီ။ ကိုလေးနှင့် ကျွန်မက ပွင့်ပွင့်လင်းလင်း ချစ်သူတွေလည်း မဟုတ်။ ဘာလို့ လွမ်းရမှာလဲဟု မတွေးနိုင်ပါ။ စာမေးပွဲပြီးလျှင် ဧပြီလ ဆန်းဆန်းချင်း ကျောင်းကြီးပိတ်မည်။ အမေက ရန်ကုန်ကို ဘုရားဖူးရင်း လာကြိုမည်တဲ့။ ကျွန်မမှာ အမေနှင့်အတူ ရွာပြန်ရတော့မည်။ ကိုလေးက

လည်း သူ့အမေရှိရာ ခေတ္တရာကို ပြန်ရမှာလေ။ တစ်ပြည် တစ်ရွာဝေးပြီ။ ဘယ်တော့ ပြန်တွေ့ကြမယ်ဟု ဘယ်သူမှ မပြောနိုင်။ သည်တော့ လွမ်းစရာပဲ ဟုတ်လား။

"ညီမလေး စာထည့်နော်"

ဘယ်နှခါ ထပ်ပြောမှန်း မသိ။

"ကိုလေးက လျှပ်စစ်အင်ဂျင်နီယာဆိုတော့ ညီမလေး တို့မြို့ မီးလင်းရင် မြို့နယ်မှူးအဖြစ် လာလုပ်ပါလား"

ကလေးအတွေးနှင့် ပြောဖြစ်သေးသည်။ ကိုလေးက ခေါင်းညိတ်ပြီး ပြုံးပြသည်။

"ချာတိတ်ရယ် မင်း အရမ်းငယ်သေးတယ်"

သူ ခပ်ညည်းညည်းနှင့် တိုးတိုးဆိုနေသည်။ ဆရာမ ပဲ ဖြစ်တော့မယ် မငယ်ပါဘူးဟု ကျွန်မ ပြောမည်ကြံပြီး ဘာ့ကြောင့်မှန်းမသိ။ မပြောဖြစ်တော့။

သရက်ပင်ကြီးပေါ်မှ သရက်ဖူးလေးများ ကြွေကျလာ ကြ၏။ ကျွန်မတို့ခြေရင်းမှာ တဖြည်းဖြည်းနှင့် သရက်ဖူးလေး တွေ များလာပြီ။

"ကိုလေး ပြန်တော့မယ်"

"ဟုတ်ကဲ့… ကိုလေး"

"ကိုလေး… ခေတ္တရာကနေ စာထည့်မယ်"

"ဟုတ်ကဲ့… ကိုလေး"

"ညီမလေး… စာပြန်ရေးနော်"

"ဟုတ်ကဲ့… ကိုလေး"

ကျွန်မနှုတ်က 'ဟုတ်ကဲ့ ကိုလေး' အပြင် တခြား

ဘာမျှပြောမထွက်ခဲ့။ သရက်ပင်ကြီးပေါ်က ဥသြကလည်း ဥသြအပြင် ဘာမျှ မတွန်နိုင်ခဲ့။ အေးလေ အလွမ်းဆိုတာ ဖွင့်ပြောစရာမှ မလိုဘဲ။ အသီးသီးရင်ထဲမှာ လှိုက်မောနေခြင်း ကို နှုတ်က ပြောမပြဘဲ အချင်းချင်း သိနေပြီပဲ။

ထိုညနေက ကိုလေးနှင့် တွေ့ခြင်းကို နောက်ဆုံးတွေ့ ခြင်းဟု ကျွန်မ နားမလည်နိုင်တာဟာ အတွေ့အကြုံကြောင့်ဟု ပြောမလား။ မြန်မာနိုင်ငံဆိုတာ လျှပ်စစ်ရုံးတွေ အန့်ရှိတာမို့ ကိုလေးသည် ကျွန်မရှိသောမြို့သို့ တစ်နည်းနည်းနှင့် ရောက်လာ မှာပါဟု မျက်စိမှိတ် ယုံခဲ့လို့ပဲလား။

တဖြည်းဖြည်း ဝေးသွားသော ကိုလေးနောက်ကျော ကို ကျွန်မ သည်အတိုင်း ခြေစုံရပ်ရင်း ငေးကြည့်နေခဲ့သည်။ ကျောင်းဝင်းအဝင်ပေါက်မှ ကွေ့ချိုးပျောက်ကွယ်သွားတော့မှ ကျွန်မလှုပ်ရှားနိုင်သည်။

သြော်... နေတောင် ဝင်သွားပြီ။

ဧည့်သည်တွေလည်း တစ်ယောက်မှ မရှိကြတော့။ ကျွန်မအနားသို့ ကပ်လာသူကို ကြည့်တော့ မမကြည်ရယ်ပါ။ 'ချာတိတ်ကလေး၊ ပဝါပါး ကြက်သားမထုပ်နဲ့' ဟု ကျီစယ် သည်။ ကျွန်မ ပြုံးမပြတော့ ပခုံးကိုဖက်ပြီး တွဲခေါ်သည်။ ကျွန်မရင်ထဲမှ နှလုံးသားနုနုကို မမကြည် မြင်သွားသည် ထင်ပါ၏။

* * *

နှစ်တွေ ကြာခဲ့သည်။

ကိုလေးသည် ကျွန်မထံ ရောက်မလာခဲ့ပါ။

ကိုလေးကိုယ်စား ခရေ့စ်လီ စာရွက်ပြာပြာနှင့် စာအိတ်ပြာပြာလေးများသာ ရောက်လာခဲ့ကြသည်။ ကိုလေး သူ့မြို့မှာ အလုပ်မရဘူးတဲ့။ ဧရာဝတီတိုင်းက မြို့တစ်မြို့သို့ သွားရမည်ဟု စာထဲမှာ ရေးထားသည်။ ညီမလေးကို သတိရကြောင်း၊ ညီမလေးဓာတ်ပုံကို အမေ့အားပြကြောင်း၊ အမေက ပြုံးနေကြောင်း စသဖြင့် ကိုလေးစာတွေက ကိုလေးလိုပင် ဘာကိုမျှ ပွင့်ပွင့်လင်းလင်း ရေးမထားပေ။

ကျွန်မက ပထမ ကိုလေးစာများအတွက် စာပြန်ရေးသေးသည်။ ကျွန်မစာထဲမှာတော့ ကိုလေးကို လွမ်းကြောင်း မပါပါ။ ကျောင်းမှာ စာသင်ရတာ ပျော်ကြောင်းတွေ၊ ပြီးတော့ သင်္ကြန်ကျလျှင် အဖွဲ့လိုက်ပြဇာတ် က,ကြမည်ဆိုသောအကြောင်းတွေ၊ နောက်ပိုင်း ဝတ္ထုစာအုပ်များအကြောင်း ဒါတွေပဲ ဖြစ်သည်။ သူ့ကို လွမ်းကြောင်း မရေးဖြစ်သော်လည်း လွမ်းတော့ လွမ်းသားပါပဲ။ အထူးသဖြင့် ဆောင်းနှောင်းနွေကူးလေရူးဆော်တော့ လက်ပံပွင့်တွေ ကြွေပုံကိုကြည့်ပြီး၊ ထို့ပြင် နွေတမန်ဥဩလေး၊ အဖော်မဲ့ တစ်ကိုယ်တည်း အော်မြည်နေချိန်၊ ပြီးတော့ ဧရာဝတီမြစ်ကြီးထဲမှာ သောင်ထွန်းပြီး ဟသ်ာမောင်နှံ တောင်ပံဝဲရင်း ချစ်ကြင်ကြတာ မြင်ရချိန် စသဖြင့်တွေမှာ ကိုလေးကို တွေ့ချင်စိတ်တွေ ပေါ်ဖူးပါသည်။

နှစ်တွေ ညောင်းသွားပြီ။

ကိုလေးထံမှ စာလည်း ရောက်မလာခဲ့။

မေ့မေ့ပျောက်ပျောက် မဟုတ်ပေမယ့် လွမ်းချိန်တော့ နည်းသွားသည်။ နွေလေရူးမှာ ရွက်ဝါတွေ ဝေ့ဝဲကြသလို ခဏ

ယန်းဝေ့ဝဲခြင်းပဲ ဆိုပါစို့။ သို့သော် ခဏယန်းသည် ထာဝရအလွမ်း ဖြစ်စေခဲ့သည်။

ကိုသိန်းနှင့် ဆုံ၏။ ကိုသိန်းက ကျွန်မကို မျက်နှာ ပျက်ပျက်နှင့် ကြည့်ပြီး-

"ကိုအောင်ဟိန်းက နင့်ကို သိပ်စွဲလမ်းတာ။ ငါက မဖြစ်နိုင်မှန်း သိလို့ တားတာ။ နင် သိပ်ငယ်သေးတယ်ဆိုပြီး သူ ဖွင့်မပြောရှာဘူး။ သူ အလုပ်လုပ်ရင်း အိမ်ထောင်ကျတယ်။ ကျပုံကလည်း သူချစ်လို့ မဟုတ်ဘူး"

ကျွန်မက ငြိမ်ငြိမ်လေး နားထောင်ရ၏။

"ရုပ်ရှင်ထဲကနဲ့ တူနေတယ်။ သူ့နှမဝမ်းကွဲက တခြားလူနဲ့ ကိုယ်ဝန်ရှိပြီး မယူဖြစ်တာကို သူက ဝင်ပြီး နာမည်ခံရတာတဲ့၊ ငါနဲ့ ရန်ကုန်မှာ အစည်းအဝေးတက်ရင်း ဆုံတာ။ နင်လည်း အိမ်ထောင်ကျပြီး တစ်နှစ်နဲ့ ကွဲသွားပြီလို့ ပြော ပြတော့ သူဘာပြောတယ်မှတ်လဲ၊ သူ့အိမ်ထောင်ကို ကွာမယ် တဲ့။ ညီမလေး ချာတိတ်ကို သွားလက်ထပ်မယ်တဲ့၊ သူ စီးကရက် တွေသောက်ပြီး ငိုသေးတယ်။ အတော်စွဲလမ်းတဲ့လူပဲ"

ကိုသိန်းက စကားကို ခဏနားသည်။

"ဒါပေမဲ့ ကံကြမ္မာက ဆိုးလိုက်တာ။ သူ 'ရေကြည်' ဆိုတဲ့ မြို့လေးနားမှာ လျှပ်စစ်မီးပေးဖို့ ဓာတ်တိုင်ထွေစိုက် တော့ သူက ဂျစ်ကား ကိုယ်တိုင်မောင်းပြီး လိုက်ကြည့်ရတာ၊ အဲဒီမှာ ဓာတ်တိုင်နဲ့ကား တိုက်မိပြီး ဆုံးရှာပါရော" တဲ့။

ဖြစ်မှ ဖြစ်ရလေ ကိုလေးရယ်။

ကိုလေး ကျွန်မထံ ရောက်မလာနိုင်တော့သော်လည်း

ကျွန်မသည် မမေ့နိုင်ပါ။ အထူးသဖြင့် ဥသြတွန်ကျူးသော နွေဦးရက်များ ရောက်လျှင် ပို၍ လွမ်းပါသည်။ တကယ်တော့လည်း ကိုလေး ဆိုသည်မှာ ကျွန်မကိုချစ်တဲ့သူ နံပါတ် (၃) ပဲလေ။

❒

## ကျွန်မကို ချစ်တဲ့သူများ (၄)

သူ့ကို ကျွန်မက “မောင်” ဟု ခေါ်ပါသည်။

ဒါက သူ ခေါ်ခိုင်း၍ ခေါ်ရခြင်းပါ။

ကျွန်မတို့ ရပ်ရွာတွင် သမီးရည်းစား၊ လင်မယားများသည် နာမည်တပ်၍သာ ခေါ်လေ့ရှိကြပါသည်။ ကိုကိုတွေ၊ မောင်မောင်တွေ ဘယ်သူမှ မခေါ်ပါ။ ရည်းစားစာထဲတွင်တော့ ရေးပြီး ခေါ်ချင် ခေါ်မည်။ အပြင်မှာ လူချင်းတွေ့လျှင်တော့ နာမည်ပဲ ခေါ်ကြသည်။ တချို့များ နာမည်ပင် မခေါ်ရဲကြသဖြင့် စကားပြောလျှင် မျက်နှာချင်းဆုံမှ အမည်မတပ်ဘဲ စကားပြောတတ်သည်။ မျက်နှာချင်းမဆုံလျှင် ဆုံအောင် အသံတစ်ခုခု ပြုရသည်။ ရယ်စရာပြောလေ့ရှိသော ပုံပြင်တစ်ခုၡ မိန်းကလေးက သူ့ယောကျ်ားကို ထမင်းစားဖို့ ခေါ်ချင်သည်။ ယောကျ်ားက လှမ်းမကြည့်တော့ အသံပေးမှဆိုပြီး အနီးမှာ ရှိသည့် ခွေးကို “ဟဲ့ ခွေး” ဟု အသံပြုလိုက်ရ၏။ အသံကြား၍ ယောကျ်ားက လှည့်ကြည့်တော့မှ “ထမင်းစားမယ်” ဟု

ခေါ်ရသည်ဆို၏။ သည်တော့ "ဟဲ့ခွေး... ထမင်းစားမယ်" ဖြစ်သွားရော။

ခုလည်း ကျွန်မသည် သူ့ကို နာမည်ပဲ ခေါ်နေသည်။ သူက မောင်ဟု ခေါ်ပါဟု ပြောသည်။ စာထဲမှာတော့ မောင်ရေ သက်ရေနှင့် အတော်ကျေညက်နေခဲ့ပြီ။ နှုတ်ကထုတ်ပြီး ခေါ်ဖို့တော့ မရဲပေ။

"မောင်လို့ ခေါ်တော့လေ"

"ဟင့်အင်း... ခေါ်လို့ မရဘူး"

"ဒါဖြင့် ဒီလိုလုပ်၊ ဟောဒီအရွက်ပေါ်မှာ ရေး..."

ကျွန်မတို့သည် ဂျပ်ဆင်ဟောက်ခေါ် ဝိဇ္ဇာခန်းမဘေး လှေကားထစ်များမှာ ထိုင်နေကြခြင်း ဖြစ်၏။ ကျွန်မတို့အနား မှာ ပန်းချုံတွေ ရှိသည်။ ပန်းချုံတွေနားမှာ တခေါင်းလက်ပပ်အနွယ် အရွက်စိမ်းစိမ်း ဖားဖားကြီးတွေ ရှိသည်။ အရွက်ကြီးတွေ ရှည်ရှည်မျောမျော၊ ချောချောကြီးတွေ ဖြစ်၏။ သူက ဖောင်တိန်လိုအသွားရှိသော သစ်သားစလေး တစ်ခုရှာပြီး သစ်ရွက်ပေါ်မှာရေးဖို့ ပြောသည်။ ကျွန်မက ရယ်မောလိုက်ပြီး သစ်ရွက်ပေါ်မှာ သစ်သားစ အချွန်လေးနှင့် စရေးသည်။

"မောင်... "

"ဟုတ်ပြီ၊ ကိုင်း... အဲဒါ အသံထွက်ပြီးဖတ်"

"မောင်... "

"ဟုတ်ပြီ၊ အခု အဲဒီအသံအတိုင်း ဒီမျက်နှာကို ကြည့်ပြီးခေါ်"

"ဟာ... ခေါ်လို့ မရဘူး"

"ဒါဖြင့် အဲဒီသစ်ရွက်ပေါ်က စာကိုပြန်ဖတ်"
"မောင်... တဲ့"
"တဲ့... မပါဘူး၊ ပြန်ဖတ်"
"အင်း... မောင်"
"ကဲ ဒီဘက်လှည့်ပြီး အသံထွက်လိုက်"
"မရပါဘူးဆို"
"ရအောင်ခေါ်လေ၊ ခေါ်ကြည့်... မောင်လို့"
"မောင်... "
"ဗျာ... ဟုတ်ပြီ၊ နောက်တစ်ခါ ခေါ်ပါဦး"
"မောင်"
"ဗျာ... ဟုတ်ပြီ၊ နောက်တစ်ခါ ခေါ်ပါဦး"
"မောင်"
"အိုကေ... မောင်နဲ့မေပေါ့"

အဲသည်တုန်းက တကယ်ပဲ ပျော်ခဲ့ဟန်တူပါသည်။ နှစ်ယောက်သား ကွာစိလှော်လေးတွေ အခွံခွာပြီး တစ်ယောက်တစ်လှည့် ခွံကျွေးခဲ့ကြသေးသည်။ အတော်ချစ်ကြသည့် စုံတွဲဟု အများက အသိအမှတ်ပြုခံခဲ့ကြရလေသည် ဆိုပါစို့။

အမှန်က ကျွန်မ အလိမ်ခံရခြင်းပါ။

စာဘတ်မှာ ဉာဏ်ကောင်းသော ကျွန်မသည် အချစ်နှင့် ပတ်သက်လျှင် အလွန် အ,သော မိန်းကလေးပါတကား ဟု နောင်မှ သိရ၏။ သူလိမ်ညာသမျှ ကျွန်မကတော့ ဘာ့ကြောင့်များ ယုံခဲ့မိသည် မသိ။

ကျွန်မကိုယ် ကျွန်မလည်း လိမ်ခဲ့သေးသည်လေ။

သူ့ကို ကျွန်မ ချစ်သည်ဟု ထင်ခဲ့သည်။

တကယ်တမ်း ချစ်လျှင် တစ်နှစ်တည်းနှင့် ဘယ်ကွဲပါ့မလဲ။ ညှံ့လိုက်တဲ့ ကျွန်မ။ သူ့ဘဝက တကယ်ပြည့်စုံလှပါသည်။

နယ်ပိုင်ဝန်ထောက်သား ဆိုတာ မြို့ပေါ်မှာ အထက်တန်းလွှာပဲ။ သူက မျက်နှာလည်းချိုသည်။ သူဒေါသဖြစ်နေသည့်ပုံ တစ်ခါမျှ မမြင်ဖူးပေ။ သောကကင်းဝေးသော၊ လူချစ်လူခင်ပေါသော၊ မိဘက ပုံ၍အလိုလိုက်ထားသော ဤကျောင်းသားသည် ကျောင်းမှာ ဘောလုံးအသင်းခေါင်းဆောင်၊ ကြက်တောင်ချန်ပီယံ၊ စာကြည့်တိုက်တာဝန်ခံ ဆိုတော့ လူတော်စာရင်းဝင်ပေါ့။ သူချစ်သည့်ကောင်မလေးက ကျောင်းအုပ်ဆရာမကြီး၏သမီး၊ အင်္ဂလိပ်ကပြားမလေး ဂျိုးစဖင်းပါ။ ဂျိုး ဟု ချစ်စနိုးခေါ်ကြသည်။ ဘောဘီဟုလည်း ခေါ်ကြသည်။ ဘောဘီက သူ့ကို ဆရာဝန်ဖြစ်စေချင်တာတဲ့။ သူက ဆရာဝန်လုပ်မှာတဲ့။

သို့သော် ဂျိုးကို သူတို့ခရစ်တော်က အစောကြီး ခေါ်သွားခဲ့၏။ ပစ်ရက်စရာမရှိသော အပျိုမလေးမို့ တစ်မြို့လုံးဝမ်းနည်းကြသည်။ တစ်ကျောင်းလုံး ကြေကွဲကြသည်။ သူဆိုလျှင် ပြောစရာရှိပါဦးမလား။ သူက ငိုလည်း မငိုတဲ့။ ဂျိုးရုပ်ကလာပ်ကို အနီးကပ်ကြည့်သည်တဲ့။ လက်ကလေးတွေကိုကိုင်ကြည့်သည်တဲ့။ ဂျိုးကို မြေမြှုပ်တော့ မြေစာခဲလေးတွေပစ်ချခဲ့သေးသည်တဲ့။ ပြီးတော့ သူအိမ်မပြန်တော့ပေ။ ဂျိုးမြေပုံနားမှာပဲ တစ်နေ့လုံး တစ်ညလုံး ပစ်လှဲနေခဲ့သည်တဲ့။ သူ့အိပ်မက်တွေ၊ သူ့မျှော်လင့်ချက်တွေ ဂျိုးနှင့်အတူ မြေကြီးထဲ ရောက်သွားခဲ့ပြီ ထင်ပါရဲ့။

ကျောင်းမတက်ဘဲ ပေတေနေခဲ့သော သူ့ကို တစ်နှစ်တစ်တန်း မှန်မှန်တက်သော ကျွန်မက မီလာခဲ့သည်။ ထိုနှစ်က ကျောင်းကပွဲမှာ သူ့ကို ပျော်စေချင်သော အတန်းပိုင်ဆရာမက ပြဇာတ်ထဲမှာ သူ့ကို ပြဇာတ်မင်းသား လုပ်စေခဲ့၏။ အတန်းထဲမှာ အပျိုမ ချောချောတွေ ရှိပါလျက်နှင့် ရည်းစားစိတ်ပေါက်မှာစိုး၍ ဆိုပြီး ဆရာမက ကျွန်မကို မင်းသမီးအဖြစ် ရွေးခဲ့၏။ နှင်းနှင်းက ကလေးစိတ်ပဲ ရှိသေးလို့တဲ့။ သူ့မင်းသားက မင်းသမီးကို နွေကျောင်းပိတ်ရက်မှာ တကယ်ရည်းစားစာ သွားပေးတော့ ဆရာမပင် မသိခဲ့ရ။ ကျွန်မက သူ့ကို မယုံချေ။ ရည်းစားစာပေးတာကို ငှက်ပျောသီး အခွံနွှာစားတာ မှတ်လားဟု ရန်ထောင်ခဲ့သေးသည်။ သူက ဖွဲ့သမား။ ပြီးတော့ ဖွတ်သမား။

ညတိုင်း အိမ်ရှေ့က ခုံတန်းလျားမှာ "လိုက်ခဲ့တော့ မြနန္ဒာ"ကို မယ်ဒလင်တီးပြီးဆိုလာသည်။ အိပ်ရာထဲမှာ အိပ်မပျော်သေးဘဲ ရှိနေသော ကျွန်မသည် သူ့မယ်ဒလင်သံကို နားစွင့်နေခဲ့မိ၏။

"ခေါ်သံမှာ စိုးတထိတ်ထိတ် သိမ့်သိမ့်ငယ် ရင်ဝယ်တုန်လာ"

ဆိုသောအပိုဒ်တွင် သူ့အသံ နစ်ဝင်သွားတော့ ကရုဏာစိတ်တွေ ယိုဖိတ်ခဲ့မိ၏။

တစ်ည

သူ အိမ်ပေါ်တက်လာသည်။

လူကြီးတွေ ဝတ်တက်ပွဲ သွားကြတုန်းက ဖြစ်၏။

တံခါးဝမှာ ကျွန်မရပ်နေဆဲ သူ ကျွန်မကို အတင်းသိမ်း ဖက်သည်။ မျက်နှာအနှံ့ နမ်းတော့သည်။ သူ့ဆီက ဘာနံ့တွေမှန်းမသိ။ အရက်ပဲ ဖြစ်နိုင်သည်။ ကျွန်မရှက်ပြီး ငြိမ်နေခဲ့၏။ သည်လိုနှင့် ကျွန်မသည် သူ့ရည်းစား ဖြစ်သွားခဲ့လေသည်။

"မိန်းမရမှ အရက်ပြတ်မှာ"

သည်စကားသည် သူ့ကို ယူဖို့ အဓိကဖြစ်သွားသည်။

သူ့အိမ်ကလည်း မိန်းမရပြီးမှ စီးပွားရေးလုပ်ငန်း လွှဲပေးမယ်ဟု ဆိုသည်။ ကျောင်းဆရာမလေးလုပ်ရသော ကျွန်မကို သူ့မိဘများက သူနဲ့ စိတ်ချကြပုံရသည်။ ကျွန်မကိုရလျှင် သူတို့ရဲ့သားဘဝ ငြိမ်သွားမည် ထင်သည်။ ကျွန်မတက္ကသိုလ် တက်နေစဉ် ရန်ကုန်လိုက်လာပြီး ဂျပ်ဆင်ဘေးမှာ ထိုင်ကြစဉ်ကပင် ကျွန်မသည် သူ့ကို ယုံကြည်နေခဲ့၏။ ကျွန်မအစ်မများကမူ သဘောမကျချေ။ "နွားမှန်းခြံထုတ်"တာဟု ဆိုသည်။ အမေက ဘာမှမပြော။ အစ်ကိုက ကွယ်ရာမှာ မျက်ရည်ကျသတဲ့။

သည်ကို မိသားစုမျက်ရည်ကြောင့် ဖြစ်လိမ့်မည်။

သူ့ကို လက်ထပ်ပြီးကတည်းက ကျွန်မ မျက်ရည်ကျရပြီ။ လက်ထပ်သည့် ညမှာပင် အရက်ဆိုင်မှ တွဲပို့ရသည်ဆိုတာပဲ ကြည့်တော့။ သူ ကျွန်မထက် အရက်ကို ချစ်မှန်း ကျွန်မ ဖြည်းဖြည်း သိလာသည်။ သို့သော် ရင်မှာရောက်လာသော ရင်သွေးကြောင့် သူ့ကို ပစ်၍ မဖြစ်တော့။ မိန်းမကို မညှာပေမယ့် သားလေးရလာလျှင် သူလိမ္မာလာမှာပါ ဟူသော မျှော်လင့်ချက်များနှင့်။

သို့သော် ကိုယ်ဝန် (၇) လမှာ သူ အိမ်က ထွက်သွားခဲ့သည်။ ကျောက်စိမ်းတွင်း သွားမည်တဲ့။ သားလေးကို မွေးတော့ အနားမှာ သူ မရှိပါ။ လူပြောသူပြော ကြားပြီး သူ ပြန်လာသည်။

သားလေးကို သူ ချီသောအခါ ကျွန်မမှာ ယုံကြည်မှုတွေ ဖွံ့ဖြိုးလာသည်။ သို့သော် သားလေးတစ်လ၊ နီတာရဲလေးကိုချီရင်း ဆောင်းတွင်း မီးဖိုနံဘေး ဂုံနီအိတ်အခင်းပေါ် ချထားလိုက်တာမြင်ရသော ခဏ၊ သူ့အပေါ်ထားခဲ့သော ယုံကြည်မှုတွေ ပျောက်သွားသည်။ အရက်နံ့ထောင်းထောင်း ထနေသောသူ့ကို ညချင်းပင် နှင်ချလိုက်၏။ သူ့အဝတ်တွေကို ဝရန်တာမှ ပစ်ချလိုက်၏။ သူက ကျွန်မ ခဏ စိတ်ကောက်တာဟု ထင်သည်။ ကျွန်မ သူ့ကို တစ်ဘဝစာ ပြတ်သွားမှန်း သူမသိ။

ကလေး လာလာလုသဖြင့် ရဲတိုင်ရ။ နောက်ဆုံး တရားရုံးမှာ ကွာရှင်းလိုမှုဖြင့် လျှောက်ထားရသည်။ သားမယားကို နှိပ်စက်ကြောင်း သက်သေပြရန် လူလိုသောအခါ သက်သေတစ်ဦးအဖြစ် လိုက်ပါဆောင်ရွက်ပေးသူကား ပြဇာတ်ဒါရိုက်တာဆရာမပါ။ ငါ စတဲ့ ဇာတ်၊ ငါပဲ ဆုံးပေးရတာပေါ့ဟု စိတ်မကောင်းစွာ ပြောသေးသည်။

အလုပ်ထွက်ပြီး ရန်ကုန်ပြောင်းတော့မည်အပြု သူဆုံးကြောင်း ကြားရ၏။ ဆေးရုံပေါ်မှာ ပူတယ် ပူတယ်ဆိုပြီး ငုတ်တုတ်ထိုင်စဉ် သူ့အဖေက လိမ္မော်သီး ခွံ့ကျွေးဆဲ ထိုင်ရက်ပင် အသက်ဆုံးသွားသည်တဲ့။ အရက်ကို မသေမချင်း သောက်

သွားသူပေါ့။ ကျွန်မက သားလေးကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မွေးမြူရဦးမည်။ သူနှင့်ဆို သားလေး မျက်နှာ ငယ်မှာ အသေအချာပဲ။

ဘာပဲဖြစ်ဖြစ် သူသည် ကျွန်မကို ချစ်တဲ့သူ နံပါတ် (၄)။ သူ့ကို မလွမ်းပေမယ့် သူ့သီချင်းကို လွမ်းသလားမသိ။ အခု ကျွန်မ၏ကလောင်ခွဲမှာ "မြနန္ဒာ"ပါ။

❐

## ကျွန်မကို ချစ်တဲ့သူများ (၅)

သူ့ကို ကျွန်မက "အစ်ကို" ဟု ခေါ်ပါသည်။

ခေါ်ရိုးခေါ်စဉ် မဟုတ်ပါ။ ကျွန်မအစ်ကို အရင်းက လွဲရင် နှစ်နှစ်ကာကာ ခွဲခွဲမက်မက်၊ မြတ်မြတ်နိုးနိုး၊ အားကိုး တကြီးနှင့် ခေါ်မိသော ပထမဆုံးလူပါ။ အစ်ကိုဟုဆိုလျှင် သူ့ကိုပြောမှန်း ကျွန်မ အပေါင်းအသင်း အားလုံးက နားလည် ကြသည်အထိ နက်ရှိုင်းခဲ့ပါသည်။

အစ်ကိုနှင့် ပတ်သက်ပြီး ကျွန်မ ပထမဆုံးငိုခဲ့ရတာ ကျွန်မ ၂၇ နှစ်အရွယ်ကပါ။ အဲသည်တုန်းက ပြည်လမ်းမ ကြီးမှာ မိုးတွေ သည်းသည်း ရွာနေသည်။ မိုးရေနှင့်အပြိုင် ငိုနေသော ကျွန်မကို အစ်ကိုက စိတ်မကောင်းစွာ ချော့နေ သည်။

"ညီမ ပင်ပန်းနေပြီ"

ကျွန်မ အငိုမရပ်နိုင်ပါ။

အစ်ကို့ကို ချစ်သည်ဟု မိမိဘာသာ အဖြေထုတ်ပြီး

ပြန်တွေ့ရသောအခါ အစ်ကိုသည် ကျွန်မလိုက်ပါခွင့် မရှိသော ခရီးရှည်ကြီး တစ်ခုအတွက် ပြင်ဆင်နေကြောင်းသိရသည်။ လီနင်ဂရက်တဲ့။ ရုရှားပေါ့။ Ph.D အတွက်တဲ့။ ၅ နှစ်ပေါ့။ ဝေးပြီ။ ဒီအတောအတွင်း နှစ်ယောက်လုံး တစ်ခုခုဖြစ်သွား နိုင်သည်။

ကျွန်မထက် ၂ နှစ်သာကြီးသော အစ်ကိုက များစွာ ရင့်ကျက်နေပြီ။ ကြို့ကုန်း၊ စက်မှုတက္ကသိုလ်ကျောင်းသားတုန်း ကလို ကော်ဖီရောင် ဘောင်းဘီနှင့် မဟုတ်တော့။ မီးခိုးရောင် တိုက်ပုံနှင့်။ အပြာရင့်ရင့် ချည်ချောလုံချည်နှင့်။ လက်ထဲ မှာ အရာရှိတွေကိုင်တတ်သော သားရေပြောင်အိတ်ကြီးနှင့်။ သြော်... အစ်ကိုက အရာရှိကြီးဖြစ်နေပြီပဲ။ ချင်းတောင်မှာ အင်ဂျင်နီယာ (တ) လုပ်နေစဉ်က ကျွန်မထံ အမှတ်တရ ကတ်ပြားပို့လိုက်သဖြင့် ဝေးကွာမေ့ထားခဲ့သော ဇာတ်လမ်း ကို ပြန်ဆက်ဖြစ်ကြတာပါ။

ငယ်ငယ်တုန်းက ချစ်ရေစင် ဟုပဲ ပြောမလား။ ကျောင်း နေစဉ် မေတ္တာမျှစဉ်က ဟုပဲ ပြောမလား။ အစ်ကိုနှင့် ကျွန်မ သည် အများအမြင်မှာ 'အတွဲ' ပါ။ စောင်းဆရာကြီးကပင် ကျွန်မတို့ကို အတွဲဟု ထင်ခဲ့သည်။

စာမေးပွဲပြီးသောနေ့ ညနေကဆရာကြီးကို အတူ သွားနှုတ်ဆက်ကြ၏။ ကျွန်မက ဆရာကြီးထံမှာ စောင်းသင် ခဲ့ပြီး အစ်ကိုက အနုပညာသင်းမှာ ဆရာကြီး၏ အဆိုသင်တန်း တက်ခဲ့သဖြင့် ဆရာတူတပည့်များအနေနှင့် အဖော်စပ်ပြီး သွားခဲ့ခြင်းပါ။

ဆရာကြီးကို ထိုင်ကန်တော့ကြသောအခါ-

'ဝါသနာတူချင်းပေါင်းမှ စိတ်ပျော်စရာ အိမ်ထောင်ရေး ရနိုင်တယ်'

ဟုပင် ခပ်ပွင့်ပွင့်လင်းလင်း ပြောခဲ့သည်။ အဆောင်အပြန် နောက်ကျတော့လည်း သော့ကိုင်ပြီး စောင့်နေသော မမနွဲ့က အစ်ကို့ကို ကျွန်မချစ်သူအဖြစ် စခဲ့နောက်ခဲ့သေးသည်။

ရတနာဆောင်မှ မာလာဆောင်ပြောင်းရမယ်ဆိုတော့ အစ်ကို့ရှေ့မှာ ကျွန်မ ငိုမဲ့မဲ့ဖြစ်ခဲ့၏။ အစ်ကိုက အမျိုးမျိုးဖျောင်းဖျသည်။

"မာလာလည်း ကောင်းပါတယ်။ အစ်ကိုတို့ ပုဂံဆောင်နဲ့ ပိုနီးတာပေါ့"

"ဒါပေမဲ့ ခုတင်တွေက စပရိန်တွေ"

"ကောင်းတောပေါ့၊ တက်ခုန်လို့ရတယ်"

"အဆောင်ရှေ့မှာ အင်းလျားကန်လည်း မရှိဘူး"

" အင်းလျားကန်ကြီး မ,ပြီး ရွှေ့ပေးမယ်"

အစ်ကိုက လက်နှစ်ဖက် ဘေးကားပြီးပြောမှ ကျွန်မ ရယ်ရယ်မောမော ဖြစ်သွားခဲ့သည်။ အစ်ကိုသည် ကျွန်မအတွက် ဖြေပြေရာပါ။

ဒါပေမင့်-

မြို့မှာ ချစ်သူဖြစ်ခဲ့သော 'မောင်'က ရန်ကုန်လိုက်လာသည်။ အစ်ကိုက ခပ်ဝေးဝေးမှပဲ စောင့်ရှောက်ခဲ့၏။ မောင်နှင့်စာရင်းရှင်းပြီး ကျွန်မဘဝ ရှေ့ရေးအတွက် ပြန်လည်ပြင်ဆင်

ရန် စာမေးပွဲလာဖြေသောအခါ အစ်ကိုက Ph.D အတွက် သွားတော့မည်။ အစ်ကိုသည် ရည်မှန်းချက်ကြီးသူ။ ကျွန်မ အတွက် ဝန်တာမများစေရ။ သည်လို ဆင်ခြင်စိတ်နှင့် နေပါ လျက် အခုလည်း အစ်ကိုနှင့် ကျွန်မကို အတွဲဟု ဗာစတီ ဟောက်စ် တစ်ဆောင်လုံးက နားလည်ထားကြပြီ။ ဘယ် ဘဝရောက်ရောက် အရိပ်ပေးတတ်သော အစ်ကိုနှင့် အားကိုး တတ်သော ညီမ။ ဘယ်တော့မှ မခွဲ။ အစ်ကို့ အမေကလည်း ကျွန်မကို ချစ်ပါသည်။

"အမေက ညီမအတွက်တဲ့ ငါးခြောက်"

"အမေက ညီမကို ထရန်စစ္စတာ ရေဒီယိုပေးလိုက် ဆိုလို့"

အမေကိုယ်တိုင် ပြောခဲ့တာက...

"သမီးအလုပ် ရန်ကုန်ပြောင်းထား။ သားမောင်အောင် က ပြန်လာရင် ရန်ကုန်မှာပဲ အလုပ်လုပ်ရမှာ" တဲ့။

နောက် အစ်ကို့ အစ်ကိုကိုလည်း ပြောသေးသည်တဲ့။

"အောင့်ကို နှင်းနှင်းနဲ့ သဘောတူတယ်" တဲ့။

သည်လောက်အခြေအနေကြားမှာ အစ်ကို့ကို ခွဲခဲ့ ရသည်။

ည ၁၂း၀၀ နာရီမှာ ထွက်သော "အဲရီးဖလုပ်" လေယာဉ်ပျံကြီးဆီ အစ်ကိုတက်သွားတော့ မင်္ဂလာဒုံလေယာဉ် ကွင်း ဝရန်တာမှာ ကျွန်မငိုလို့ ကောင်းလိုက်တာ။ သို့သော် ကျွန်မ ဆုံးဖြတ်ထားပါသည်။ အစ်ကို့ကို မယူဘူး။ ကျွန်မဘဝ သည် အစ်ကိုနှင့် မထိုက်တန်တော့။

'ညီမရေ၊ အစ်ကိုအတွက် စိတ်ပူနေမယ့် လူတွေအတွက် ဦးဆုံး စာရေးလိုက်တယ်' ဆိုသော စာရတော့လည်း ကျွန်မ ငိုပါသည်။ အစ်ကိုဟာ ကျွန်မ စိတ်ပူတတ်တာကို နားလည်သူ။ ကျွန်မဘာဝကို နားလည်သူ။ လောကကြီးတစ်ခုလုံးမှာ ကျွန်မကို နားလည်သူဟာ အစ်ကိုတစ်ယောက်ပဲ ရှိသည်။ သို့သော် အစ်ကို့ကို ကျွန်မ မယူရက်ပါ။

'ညီမစာရေးရင် စာရွက်ပါးပါးနဲ့ရေး။ ဒါမှမဟုတ် နှစ်ဖက်လုံး ရေး၊ စာအိတ်ထူတော့ ပို့ခ များလွန်းတယ်'

အစ်ကိုက သည်အထိ လိုက်ပူတတ်သူ ဖြစ်၏။

'ညီမရေ၊ အခု ရုရှားမှာ နှင်းတွေကျလိုက်တာ တစ်လောကလုံး ဖွေးနေပြီ။ ဆောင်းရက်တွေမှာ ရုရှားက နေမဝင်ဘူး၊ ဒါပေမဲ့ နေလုံးက မိုးကုပ်စက်ဝိုင်းအစွန်းမှာပဲ ချိတ်နေတာလေ၊ အဲဒီမှာ နေမဝင်တော့ အမှောင်မလာတော့ဘူး။ ညရောက် မရောက်ကို နာရီကြည့်ဆုံးဖြတ်ရတယ်။ တစ်ညလုံး ဖြူနေတာမို့ ညဖြူ (white Night) လို့ ခေါ်ကြတယ်။ ညီမကို မြင်စေချင်လိုက်တာ၊ ညီမက appreciate လုပ်တတ်တော့ မြင်စေချင်တာပါ'

အစ်ကို့စာတွေထဲမှာ သည်လို ထူးထူးခြားခြားတွေ ပါမြဲပါ။

'ညီမရာ ရောက်ခါစနေ့က လန့်စရာပဲ။ အစ်ကို့ကို လာကြိုတဲ့လူက ရထားနဲ့ကြိုတာပါ။ ဒါပေမဲ့ ရထားပေါ်ကို သူတက်သွားပြီ၊ အစ်ကိုက လိုက်မတက်နိုင်ခင်မှာ ရထားထွက်သွားရော။ အစ်ကိုလည်း နောက်ဆိုက်လာတဲ့ရထားနဲ့

တက်လိုက်ရတာပေါ့။ ဘယ်မှာ ဆင်းရမှန်း မသိ၊ တကယ့်ကို အူလည်လည်ပဲ။ ဒါပေမဲ့ ညီမရေ၊ နောက်ဘူတာလည်းကျရော ဟိုလူက ဆင်းစောင့်နေတယ်၊ နောက်ရထားမှာ အစ်ကို ပါလာမယ်ဆိုတာ သိတာကိုး။ ရထားတွေက ၅ မိနစ်တစ်စင်း ထွက်တယ်လေ'

ကျွန်မသည် အစ်ကို့စာတွေဖတ်ရင်း မငိုဖြစ်တော့ပါ။

'ညီမရေ၊ ရုပ်ရှင်ကြိုက်တဲ့ အစ်ကိုနဲ့ ညီမအတွက် ဒီမှာဆို သိပ်တွက်ခြေကိုက်မယ်၊ ဘာလို့လဲဆိုတော့ ရုပ်ရှင်ရုံတွေမှာ ရုံဝင်ခက ၂၅ ပြားပဲ ပေးရတယ်။ ပြချိန်ရယ်လို့ သတ်မှတ်မထားဘူး။ ဝင်ချင်တဲ့အချိန် ဝင်ကြည့်၊ ပြန်ချင်တဲ့အချိန် ထပြန်။ ရုပ်ရှင်ကားကို အစအဆုံး ပြန်ပြန်ပြနေတာမို့လေ'

အစ်ကို့စာ ဖတ်ပြီး လွမ်းသွားရပြန်သည်။

အစ်ကိုက ရုပ်ရှင်ကို သူအရင်ကြည့်သည်။ ကောင်းမှ ကျွန်မနှင့်အတူ ထပ်ကြည့်တတ်သည်။ ဒေါက်တာဇီဗားဂိုး၊ လောရင့်စ်အော့ဖ် အာရေးဗီးယားတို့ကို သမ္မတရုံမှာ အစ်ကိုနှင့် ကျွန်မ အပြန်ပြန်ကြည့်ခဲ့ကြသည်လေ။ မြေနီကုန်း ဆန်းသီရိမှာ ပြလေ့ရှိသော အိန္ဒိယကားတွေလည်း ကြည့်ကြတာပါပဲ။ ပြီးလျှင် မြေနီကုန်းလေဟာပြင် ညဈေးမှာ ညစာစားကြသည်။ ဘာစားမလဲဟု ဘယ်တော့မှ မတိုင်ပင်ကြပါ။ အစ်ကိုရော ကျွန်မပါ အမြဲမပြောင်းတမ်း ကြိုက်တာက ဆီချက်ခေါက်ဆွဲ၊ ဘဲပေါင်းပါ။ ပြီးလျှင် သံပရာရည်။ ဒါပါပဲ။

သည်လို အကြိုက်ချင်းညီပြီး သဘောထားချင်းတူ

သည့်အတွဲမို့ ဘယ်တော့မှ ကွဲမည်ဟု မထင်ခဲ့ပါ။ အစ်ကို ပြန်လာလျှင်–

အစ်ကိုပြန်လာလျှင် လက်ထပ်မယ်ဟု ကျွန်မ မတွေးခဲ့ပါ။

အစ်ကိုပြန်လာလျှင် ဆိုသော ကာလနောက်မှ ကိစ္စများကို ကျွန်မ ဘယ်တော့မှ မစဉ်းစားခဲ့ပါ။

သို့ပါလျက်–

အစ်ကို ပြန်မလာခင်မှာ...

ကျွန်မသည် အစ်ကိုလိုက်မလာနိုင်သော ဘဝတစ်ခုကို ဖန်တီးလိုက်ပါသည်။ အစ်ကို ကျွန်မကို ဘယ်တော့မှ မုန်းမှာ မဟုတ်ပါ။ စိတ်ဆိုးမှာလည်း မဟုတ်ပါ။ အစ်ကို ဆိုသည်မှာ...

"အစ်ကို ပျင်းတယ်"

ဟု ချွဲလိုက်ရုံနဲ့ အပေါ်အင်္ကျီကို လှမ်းယူကာ၊ ကဲ... ဘယ်သွားချင်လဲဟု မညည်းမညူ အလိုလိုက်ခဲ့သူပဲ။ အစ်ကို ကျွန်မအား ဘယ်လောက် အလိုလိုက်သည်ဆိုခြင်းကို ရွှေတိဂုံဘုရားကြီး၏ အနောက်ဘက်မုခ်မှ လှေကားထစ်များလည်း သိပါသည်။ ခနော်ဘုရားကြီးနားက ခရာပင်များလည်း သိပါသည်။

"စာရေးတယ်ဆိုတာ လူတတ်ကြီးလုပ်ပြီး တရားဟောရတာမျိုးကို ဖတ်လို့မကောင်းဘူး။ စာဖတ်ပရိသတ်ထဲမှာ ကိုယ့်ထက်တတ်တဲ့လူတွေ အများကြီး။ ကိုယ်ဖန်တီးတဲ့ ဇာတ်ကောင်ဟာ သူ ကိုယ်စားပြုတဲ့ လူတန်းစားရဲ့ ယေဘုယျ ဟန်ပန်တွေ ရှိရမယ်"

အစ်ကိုသည် ကျွန်မအတွက် ပူပန်လမ်းညွှန်ရာမှာ သူ့ဘာသာရပ် မဟုတ်သော စာပေရေးရာမှာလည်း ကျွန်မကို လွှမ်းမိုးနိုင်သူပါ။ တစ်ခါတုန်းက သရုပ်ပျက်သော သူငယ်ချင်းတစ်ဦးအကြောင်း ကျွန်မ ရေးခဲ့၏။ မကြာခင်မှာ လက်ရေးပေါင်းစုံနှင့် ဆဲစာများ ရောက်လာသည်။ ညစ်ညမ်းဓာတ်ပုံတွေတောင် ပါသေးသည်။ ကျွန်မ အစ်ကို့ကိုပြပြီးငိုတော့ အစ်ကိုက ပြုံးလျက် 'ညီမက ဘဲဥပြုတ်ကိုတောင် ကြက်ဥပြုတ်လို့ ပြောင်းမရေးတတ်ဘဲကိုး' ဟု မှတ်ချက်ပေးပါသည်။ အဖြစ်မှန်ကို တည့်တည့်ကြီးပြောခြင်းဖြင့် ရန်ပွားရသောကိစ္စကို အစ်ကို့မှတ်ချက်ဖြင့် ကျွန်မ ရှောင်တတ်ခဲ့လေသည်။

ဘဝ၏စာမျက်နှာအများဆုံးမှာ အစ်ကို့ရုပ်ပုံလွှာတွေ အပြည့်ပါ။ သို့ပင်လျက်... အစ်ကို ပြန်မလာမီ ကျွန်မဘဝ တစ်ခုခြားအောင် ဖန်တီးခဲ့ရ၏။ ကျွန်မဘဝအနှမ်းကို အစ်ကို့အား မပေးအပ်လိုတော့တာ စေတနာလား၊ အားငယ်တာလား၊ မှန်သလား၊ မှန်သလား။

* * *

နှစ်ပေါင်းများစွာ ကွဲကွာသွားခဲ့သည်။
အစ်ကို့အစ်ကိုလေးနှင့် တစ်ခါတစ်ခါ ဆုံသည်။
''ကိုအောင် အသည်းကြွပ်ရောဂါ ဖြစ်နေတယ်''

ဟု အစ်ကိုလေးပြောတော့၊ 'အသည်းကျွတ်မှာပေါ့၊ သူက အသည်းမာတာကိုး' ဟု ပြန်ပက်ခဲ့သေးသည်။ ကျွန်မ

အသည်းကတော့ ပျော့သွားခဲ့ပြီ။ ဘာကိုမျှ မခံစားတတ်တော့ပါ။ ဘဝဟူသည် ပေးဆပ်ခြင်းအဖြစ် အရာရာကို အရှုံးပေးလိုက်ပြီ။

ထူထူးဆန်းဆန်းရက်များ။

ထိုရက်တွေမှာ ဘာ့ကြောင့်မှန်း မသိ၊ အစ်ကို့ကို သတိရနေသည်။ ဟိုတုန်းက အင်းလျားကန်ပျော်ပွဲစား ထွက်တုန်း ရိုက်ခဲ့သော ဓာတ်ပုံများ၊ မနုတ်ဘုရားဖူးသွားတုန်းက ရင်ပြင်မှာရိုက်ခဲ့သော ဓာတ်ပုံများကို ပြန်ရှာပြီး ခွဲထုတ်နေမိသည်။ ဟောင်းနွမ်းသော်လည်း မပျက်ပြယ်သေးသော စီပီယာ ရောင်ဓာတ်ပုံများထဲတွင် ကျွန်မက သွားအားလုံး ပေါ်အောင် လှိုက်လှိုက်လှဲလှဲ ရယ်မောလျက်။ အစ်ကိုက လူကြီးတစ်ဦး နှယ် တည်ကြည်ရင့်ကျက်မှုအပြည့်နှင့်။

ဩော်... ခုတော့လည်း ကိုငြိမ်းကျော်ဝတ္ထုတစ်ပုဒ်၏ ခေါင်းစီးလို–

"ခုတော့လည်း သူစိမ်းတွေလိုပါပဲလား" တဲ့။

"သူ ဆုံးသွားပြီနော်"

ဖုန်းထဲမှာ ကြားရသောအသံကြောင့် တစ်ကိုယ်လုံး ထုံကျဉ်သွား၏။

"သတင်းစာထဲ ဖတ်ရလို့"

ဖုန်းထဲက သူငယ်ချင်းသည် အစ်ကို့နာရေးကြော်ငြာ ဖတ်ရသောအခါ ကျွန်မကို သတိရပြီး လှမ်းပြောခြင်းဖြစ်၏။ ကျွန်မက 'ဟင်' တစ်လုံးတည်းသာ အသံထွက်နိုင်ခဲ့သည်။ အစ်ကို ဆုံးပြီတဲ့လား။ ဒီနေ့ ဩဂုတ်လ (၁၅) ရက်။

ကျွန်မမွေးနေ့ဖြစ်သော ဩဂုတ်လ (၁၅) ရက်တွင် သူငယ်ချင်းများကို ကျွန်မအိမ်မှာ ထမင်းဖိတ်ကျွေးနေသည်။ အစ်ကို ဆုံးသောရက်ကို သတင်းစာမှာ ရှာကြည့်တော့ ဩဂုတ်လ (၉) ရက်တဲ့။ ဒါဖြင့် ၁၅ ရက်နေ့သည် ရက်လည်ပေါ့။ ဪ... အလှူလုပ်တာချင်းအတူတူ ကျွန်မအိမ်မှာက မွေးနေ့။ အစ်ကို့အိမ်မှာက ရက်လည်။

ဒီအသက်အရွယ်နဲ့ ဆုံးရလား အစ်ကိုရယ်...

ဓာတ်ပုံများကို ကြည့်ပြီး၊ ကျွန်မရင် ဆွေးမြည့်နေသည်။ ဒီဓာတ်ပုံတွေ ထုတ်ကြည့်ချင်နေတာ ထူးဆန်းပါတယ် အောက်မေ့တာ၊ ခုတော့ အစ်ကို့ဝိညာဉ်က လာနှုတ်ဆက်နေတာ ထင်ပါရဲ့။

မမေ့ပါဘူး အစ်ကိုရယ်... ဘယ်တော့မှ မမေ့ပါဘူး။ ဆင်ခြင်တုံတရားက နှလုံးသားကို အမိန့်ပေးခဲ့တာပါ။

ကျွန်မကို ချစ်ကြတဲ့သူတွေထဲမှာ 'အစ်ကို' လို့ ခေါ်ရတဲ့ လူတစ်ယောက်ပဲ ရှိတယ်။ အဲဒီ အစ်ကိုဟာ ကျွန်မအပေါ် အနွံတာ အခံဆုံး၊ အကြင်နာဆုံး၊ နားလည်ဆုံးဆိုတာ ကျွန်မ အမှတ်ပေးစာရင်းထဲမှာ ထာဝရ မှတ်သားခဲ့ပြီးသားပါ။

အစ်ကိုဟာ အမှတ် (၅) ဖြစ်ပေမယ့်...

တကယ်က အမှတ် (၁) ပဲ။

အမှတ် (၁) သာ ဖြစ်ခဲ့ရင် လွမ်းစရာဓာတ်လမ်းတွေ ဖြစ်ခဲ့မှာ မဟုတ်ဘူး။

ခုတော့ အစ်ကို ကွယ်လွန်ခဲ့တာတောင် ဆယ်စုနှစ် ကြာခဲ့ပြီကွယ်။

## ကျွန်မက ချစ်တဲ့သူ

"ချစ်တာရယ်၊ ကြိုက်တာရယ်၊ သံယောဇဉ်ရယ်၊ မြတ်နိုးတာရယ်ဆိုပြီး (၄) မျိုး ရှိတယ်။ ကျွန်တော်က မမကို မြတ်နိုးတာပါ"

သည်စကားကို သူပြောနေစဉ် ကျွန်မ မျက်ရည် ပေါက်ပေါက်ကျနေသည်။ နားထဲမှာ ကြားနေပေမယ့် ကြား သည်ဟု မသိ။ သူ့ကို မြင်နေပေမယ့် သူ့ပုံက ဝါးနေသည်။ ဒါ တကယ်လား။ ဟုတ်ရဲ့လား။ သူ ကိုယ့်ကို ဒီစကားတွေ ပြောနေတာ အိပ်မက်နေတာများလား။

"မမ ကြောက်တတ်၊ သူ့ကိုလည်း ကြောက်တယ်"

ကျွန်မနှုတ်ဖျားက တုန်ရီမောဟိုက်စွာ သည်စကားပဲ ပြောမိသည်။ ဒုက္ခဆင်းရဲတစ်ခုသည် တည်ငြိမ်နေသော ကျွန်မ ဘဝထဲ ပြေးဝင်ဆောင့်တော့မည်ဟု သေသေချာချာ နားလည် နေသည်။ ခိုင်ကျည်စွာ တည်ဆောက်ထားအပ်သော ကျွန်မ၏ ဂုဏ်သိက္ခာ မဟာတံတိုင်းကြီးသည် အောက်ခြေမှ ငလျင်

တော်လည်းသံနှင့်အတူ ဗုန်းဗုန်းကြီး လဲတော့မည်ဆိုတာ ကျွန်မ သိနေသည်။

တကယ်ဆို ဘာမှ ခက်ခက်ခဲခဲကိစ္စ မဟုတ်။ ကေရီနှင်း ဆိုသော ကလောင်အမည်နှင့် အချစ်ဝတ္ထုများစွာ ရေးထုတ်နေသူပဲ၊ ဒါလောက်ကလေးကို ဘာမျှ အမှုထားစရာ မဟုတ်။ အခါတိုင်းများ ပုရိသယောကျ်ားတွေ အနားကပ်လာလျှင် ဟောသလို လက်သန်းလေးနှင့် ခါထုတ်လိုက်ရုံပဲ မဟုတ်လား။ ခု သူ့ကျမှ ဘာဖြစ်သွားတာလဲ။ ကေရီနှင်းမှာ ပါဝါတွေ ကုန်ခန်းသွားပြီလား... ။

ဒါဆို "အချစ်မှာ ခွန်အားရှိတယ်" ဟု ကျွန်မ ဝတ္ထုတွေမှာ သီဝရီထုတ်ခဲ့တာ မှားသွားပြီပေါ့။ အချစ်ဟာ ခွန်အားမှန်သမျှကို နင်းချေပစ်နိုင်တယ်ဟု သီဝရီအသစ်ထုတ်ရတော့မယ်ထင်ရဲ့။ ဒါပေမဲ့ သီဝရီဆိုတာ ခိုင်မာဖို့တော့ လိုသည်။ ဘဲငန်းသည် ဖြူသည်ဟု သီဝရီထုတ်ထား၏။ ဘဲငန်းအဖြူ ၁၀၀၀ ပြရုံနှင့် အတည် မဖြစ်သေး။ ဘဲငန်းအမည်းတစ်ကောင် ပေါ်လာသည်နှင့် အထက်က သီဝရီ ပျက်လေသည်။ သည်တော့ အချစ်သည်... ။

ကျွန်မ ခန္ဓာကိုယ်ကို ငြိမ်နေအောင် ကြိုးစားရတာ အတော်ခက်သည်။ တုန်ခိုက်နေသော နှလုံးသားသည် ပရမ်းပတာနိုင်လှ၏။ ထိန်းသိမ်းရခက်လှ၏။ သူ့မျက်နှာကို လှမ်းမကြည့်ရဲတာကလည်း ဆန်းကြယ်နေသေးသည်။ ဘာဖြစ်လဲ၊ ခါတိုင်းလို ပေါ့ပေါ့ပါးပါး၊ ရယ်လိုက်မောလိုက် မနေနိုင်ဘူးလား။

မဟုတ်သေးဘူး၊ ခက်နေတာက မျက်ရည်တွေ။ ဘာဖြစ်လို့များ ပိုးပိုးပေါက်ပေါက် ကျနေကြတာလဲ။

"အဲဒီ ကဗျာထဲမှာ အဲဒါ ရေးထားတာပေါ့"

သူက စီးမိုးပြီး ပြောသည်။

သည်တော့မှ သူ ညနေကပေးခဲ့သော ကဗျာစာရွက်ကို စလင်းဘက်ထဲမှ ဆွဲထုတ်ရ၏။ ပေးစဉ်က စကားမပြတ်၍ မဖတ်ခဲ့သေး။ ဖြည်းဖြည်းမှ ဖတ်မည်ဟု ထားခဲ့ခြင်းပါ။ ခုတော့ မျက်မှန်ကိုထုတ်၊ ဖန်သားကို လက်ကိုင်ပဝါနှင့် အသာပွတ်ပြီး ကဗျာစာရွက်ကို ဖတ်ရသည်။

"မှာတမ်း"

သူ့ကဗျာ ခေါင်းစီးက ရိုးရိုးလေးပါပဲ။ မှာတမ်းတဲ့။

"ဧကရီနှင်းရေ အပျင်းပြေရေးလိုက်တဲ့ ကဗျာတစ်ပုဒ် မဟုတ်ပါဘူး" တဲ့။

သူ့ကဗျာအစက ဖြေရှင်းသံပါနေသည်။

သူ ဘာကို ဆိုလိုပါလိမ့်။

ခါတိုင်း သူ့ကဗျာတွေက ဟောဟောဒိုင်းဒိုင်းနှင့် စကားလုံးတွေက ခွန်အားပါသည်။ လောကကြီးကို မကျေနပ်သံပါသည်။ တော်လှန် ပုန်ကန်ဟန်ပါသည်။ အနိုင်မခံ အရှုံးမပေး၊ ရင်ကော့ ခေါင်းမော့လို့ပါ။

သည်ကဗျာကတော့...

*"ယုံလိုက်ပါ*
*ရင်ထဲမှာ ဗလောင်ဆူပွက်*
*အသံမဲ့ရထားတစ်စင်း*

ခပ်ပြင်းပြင်း ခုတ်မောင်း
အပ်ကြောင်းထပ်နေပြီဖြစ်တဲ့
သီချင်းတစ်ပုဒ်လည်း မဟုတ်ခဲ့ပါဘူး''

ကျွန်မက ဆက်ဖတ်ပါသည်။

လက်တွေက တုန်ရီစွာ-

''ဝိညာဉ်မဲ့သွားတဲ့ သစ်ရွက်ကြွေ
လေပွေကို အပြစ်ပုံချ
လွမ်းဆွေးနေခဲ့ရသလို
ခပ်ပိုပို မာယာတွေနဲ့
စုစည်းတင်ဆက်တဲ့အခါ
အဲဒါအတွက် ဖျပ်စောင်းတစ်လုံးယူခဲ့ဖို့ လိုမလား''

သူ့ကဗျာက နိမိတ်ပုံတွေ...။ ဘယ်ကို ဦးတည်နေပါလိမ့်။

ကျွန်မ ခပ်မြန်မြန် ဆက်ဖတ်ရသည်။

''တကယ်လို့သာ
ပွဲပြီးမီးသေအဖြစ်တွေဟာ
အမှန်တကယ် တည်ဆောက်လိုတဲ့
ဗိမာန်အစစ် မဟုတ်မှန်းသိခဲ့ရင်
ရင်ခုန်စရာ ဘယ်ကောင်းပါ့မလဲ'' တဲ့။

ကျွန်မက ရင်ခုန်နေသည်။ သည်တော့ ဗိမာန်အစစ် တည်ဆောက်နေတာလား။

''တို့နှစ်ယောက်ကြားမှာ

*တစ်ခုခု လွဲမှားနေခဲ့သလား၊*
*ကဗျာနဲ့ ထုဆစ်တဲ့*
*ဘဝတစ်ခုအဖြစ် ဖန်တီးမှု*
*ခိုင်မာလာနိုင်ဖို့*
*ကြိုးစားနေတုန်းမှာပဲ*
*အဲဒီဘဝနဲ့ ဝေးရာကို*
*မင်း မငိုပါနဲ့၊ မငိုလိုက်ပါနဲ့ကွယ်"*

သေချာသွားပါပြီ။

သူ ကျွန်မကို ရင်ဖွင့်နေတာပဲ။

သူနှင့် ကျွန်မကြားမှာ အုတ်နံရံ သံမဏိတံခါးတွေ များစွာ ရှိနေသည်။

အုတ်တံတိုင်းကြီးသုံးထပ်၊
သံမဏိတံခါးကြီးသုံးတန်၊
သော့ခလောက်ကြီး သုံးခု၊
သူ ဘယ်နည်းနှင့်မျှ ဖြတ်နိုင်နိုင်ဖွယ် မရှိ။

သူလည်း သိ။ ကျွန်မလည်း သိ။

သိသိကြီးနှင့် 'ဘဝတစ်ခုဖန်တီးဖို့' သူ ကြိုးစားနေသတဲ့။

အဲသည်ကြိုးစားသူထဲမှာ ကျွန်မကိုယ်တိုင် ကာယကံမြောက် ပါဝင်နေခဲ့ခြင်းကို ဘာနှင့်မျှ ဖုံးကွယ်ရန် မဖြစ်နိုင်။ ဖြိုင်ဖြိုင်ကျနေသော မျက်ရည်များက တရားလိုပြ သက်သေတွေပဲ။

'အဲဒီဘဝနဲ့ ဝေးရာကို'တဲ့။

သူ အဝေးကို သွားတော့မယ်။

'မင်းမငိုပါနဲ့၊ မငိုလိုက်ပါနဲ့ကွယ်' ဟု သူ ကြို့တင်အားပေးထားခဲ့၏။ ဘယ်မငိုဘဲ နေနိုင်ပါ့မလဲ။ အနေအထားက ငိုရမယ့်အနေအထားပဲ။ နှစ်ကိုယ်တူ ကြည်ဖြူကြမှ၊ ဝေးရဖို့က သေချာနေတယ်လေ။ အစက မတွေ့ကြရင် အကောင်းသား။ ခုတော့... သူ့ကဗျာ နောက်ဆုံးပိုဒ်ကို သူက သည်လိုရေးပါသည်။

*"ရင်ဆိုင်လိုက်ကြရအောင်...*
*ကိုယ့်ဒုက္ခတွေ ကိုယ်ဆောင်ရင်း*
*တစ်ဖွတ်ထိုးခေါင်းမာမှုတွေနဲ့*
*ခပ်ပေပေ နေ့ရက်တွေမှာ*
*မင်းကြိုက်တတ်တဲ့ ဝိုင်တစ်ခွက်*
*ငါ ကိုယ်တိုင် ငှဲ့ပေးပါ့မယ်*
*စောင့်နေပါနော်"* တဲ့။

ကျွန်မကို သူ ဝိုင်ငှဲ့ပေးတဲ့ရက်ရောက်သည်အထိ စောင့်နေပါနော်ဟု သူ ပြတ်ပြတ်သားသား ပြောထားသည်။ သည်ကြားထဲမှာတော့ ကိုယ့်ဒုက္ခကိုယ်ဆောင်ရင်း ရင်ဆိုင်လိုက်ကြရအောင်တဲ့။ ကျွန်မ အားတွေ ရှိလာသည်။ ရင်ဆိုင်လိုက်ကြရအောင်ဆိုတာ သူနဲ့အတူပေါ့။ ဒုက္ခတွေကတော့ အသီးသီးရှိနေမှာပဲ။ ဒါကို အတူတူရင်ဆိုင်လိုက်ကြ ရအောင်တဲ့။ ထွက်မပြေးစတမ်း။

ကျွန်မ သူ့ကို မော့ကြည့်လိုက်သည်။

စီးမိုးလွှမ်းခြုံနိုင်လွန်းသော သူ့အကြည့်ကို မြင်ရ၏။

"မ... ကြောက်တယ် သူရယ်... "

ကျွန်မနှုတ်ဖျားက စကားလုံးတွေက ဒီမျှပါပဲ။ နောက်တော့ သူက စကားတွေ အများကြီးပြောသည်။

မြတ်နိုးတယ်ဆိုတာ ပန်းလေးတစ်ပွင့်လို မထိရက် မကိုင်ရက်တဲ့။ မမနဲ့ ကျွန်တော့်ကြားမှာ ရှိတဲ့ကြိုး... သံယောဇဉ်တဲ့။ သံယောဇဉ်ဆိုတာ အချစ်ထက်ကျော်တယ်တဲ့။ အချစ်က ဒီနေ့ချစ်၊ နက်ဖြန် မုန်းသွားနိုင်တယ်တဲ့။ သံယောဇဉ်ဆိုတာ တစ်သက်လုံး ခိုင်မြဲတယ်တဲ့။ ပြီးတော့ မမကို ကျွန်တော်က မြတ်နိုးက တဏှာမပါဘူးလို့လည်း သူ လေးလေးနက်နက်ပြောနေသည်။ ဒါကို ကျွန်မယုံသည်။ သူသည် ကျွန်မကို တငေးတမော ကြည့်နေရုံကလွဲပြီး တဏှာ၏ အမှတ်အသားအဖြစ် အနမ်းလေးတစ်ခုတောင် မပြုခဲ့ဖူးချေ။

Excellent စားသောက်ဆိုင်အပေါ်ထပ် (ထပ်ခိုးလေး)သည် မီးရောင်မှိန်မှိန်ဖြင့် စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ဆိုင်ထဲက စားပွဲလေး ငါးဝိုင်းမှာ သူနှင့် ကျွန်မအပြင် နှစ်ဝိုင်း (နှစ်စုံတွဲ) ပဲ ရှိနေ၏။ အားလုံး တိုးတိုးညင်ညင် ငြိမ်ငြိမ်သက်သက်ပင်။ သူက ကျွန်မနှင့် မျက်နှာချင်းဆိုင်ပဲ ထိုင်နေကျဖြစ်၏။ သူများတွေလို ဘေးချင်းပူးကပ်ထိုင်ဖို့ သူ ဘယ်တော့မှ မကြိုးစားဖူးပေ။ ဒီအတွက် သူ့ကို ကျွန်မ လေးစားသည်။

ကျွန်မနှင့် သူ့အကြား စားပွဲပေါ်က ကြက်သားညှပ်ပေါင်မုန့်များသည်လည်းကောင်း၊ အနီရင့်ရောင်ဝိုင်ခွက်များသည်လည်းကောင်း အရာမယွင်းသေး။ သူရော ကျွန်မရော

ရေသန့်ပုလင်းကိုပဲ ဖိသောက်နေကြသဖြင့် နောက်တစ်ပုလင်း ထပ်မှာရသည်။ ကျွန်မတို့နှစ်ဦးလုံး အသည်းများ ခြောက်သွေ့နေကြတာလား၊ ပူလောင်နေကြတာလား။

မှတ်မှတ်ရရ ထိုနေ့သည် နိုဝင်ဘာလ (၁၄) ရက်ပါ။

ထိုနေ့မှာ သံရုံးကြီးတစ်ရုံးက ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် ပွဲတစ်ခု ဖိတ်ထားသည်။ အချစ်ဝတ္ထုတွေ တစ်လ တစ်အုပ်နှုန်း ပလူပျံအောင် ရေးထုတ်နေသောကျွန်မ ဇကေရီနှင်းအတွက် (၃) ရက် ကြိုပြီး ဖိတ်စာရခဲ့၏။ ပုန်ကန်သော ကဗျာတွေကိုသာ ဖန်တီးသော ကဗျာဆရာ "သူ" ကမူ ဖိတ်စာမရ။ ညနေက ကျွန်မတို့ ဆုံနေကျ မဟာဗန္ဓုလပန်းခြံလမ်းနှင့် အနော်ရထာထောင့်က နွားနို့ဆိုင်မှာ တွေ့ကြသည်။ သံရုံးဆွေးနွေးပွဲကို လိုက်ခဲ့ဖို့ ကျွန်မခေါ်သည်။ သူကား မာနကြီးစွ။ သူ့နာမည်ကတ်ပြား မပါဘဲနှင့် သူ မလိုက်လိုပါတဲ့။ ပျော့ညံ့သော ကျွန်မသည် ယဉ်ကျေးမှုဖလှယ်ပွဲ မသွားတော့ဘဲ သူနှင့်အတူ ၃၃ လမ်းထိပ်ရှိ Excellent အပေါ်ထပ်သို့ ရွှေ့လျားခဲ့လေသည်။ စစ်ပွဲကား မတိုက်မီက ရှုံးနိမ့်လေပြီ။

အအေးဓာတ်လွှတ်ထားသော အခန်းထဲတွင် ကျွန်မ ချွေးပြန်နေသည်။

"မငိုပါနဲ့ကွယ် ဆိုတာ ငိုခိုင်းတာလေ"

သူက ကျွန်မ ငိုနေသည်ကိုကြည့်ပြီး ပြောသေးသည်။ ငိုခြင်းသည် အရှုံးပေးခြင်းမို့ သူ အနိုင်ရသွားပြီပဲ။ အချစ်ဝတ္ထုရေး ဆရာမကြီးကား လက်တွေ့တွင် ကြေခဲ့ပြီ။ ကဗျာဆရာက အသာစီးဖြင့် ပွဲကို လှပစွာ ကစားနေဆဲ။

"ဘာတွေ ဖြစ်လာမလဲ မသိဘူးနော်"

နောက်ထပ်ကြိုးစားပမ်းစား ပြောလိုက်သော ဝါကျပါ။ မှန်ပါသည်။ သူနှင့်ကျွန်မ ဘာတွေ ဖြစ်လာမည်လဲ။ ကျွန်မ မတွေးရဲပါ။ နှစ်ဦးအကြား အုတ်နံရံသုံးဆင့် ခြားထားတာ သူလည်း အသိ၊ ကိုယ်လည်း အသိ။

"ပွဲအတူတူ မတက်ဘူးလေ၊ အများထဲမှာ သာမန်လို နေကြတာပေါ့၊ အဲဒီကမှ သီးခြားဘဝတစ်ခု ဖန်တီးရမယ်"

သူက စစ်သူကြီးတစ်ဦးနှယ် စစ်ဗျူဟာကို ရှင်းပြပါသည်။ ခေါင်းငုံ့လည်ညိတ် လုပ်နေတာကလွဲပြီး ကျွန်မသည် သူ့ရှေ့မှာ ယုန်သူငယ်။ ကျွန်မ နည်းနည်းငြိမ်သက်လာပြီမို့ လက်မှနာရီကို ကြည့်လိုက်၏။ ည ၇:၀၀ နာရီနှင့် ၁၅ မိနစ်။ ဒါ သံရုံးဆွေးနွေးပွဲပြီးချိန်ပဲ။ အိမ်ကို သံရုံးဆွေးနွေးပွဲအပြီး ၇ နာရီခွဲမှာ ပြန်မည်ဟု မှာခဲ့သည်။ ဒါလည်း ဘာမှ အရေးမကြီးပါ။ ကိုယ့်ထက်ငယ်ပြီး ကိုယ်ခန့်ထားသော အတွင်းရေးမှူးနှင့် လက်ထောက်ကလေးမလေးများကို ဘာ့ကြောင့် နောက်ကျနေကြောင်း ရှင်းပြစရာမှ မလိုဘဲ။ ကျွန်မကား လွတ်လပ်သူ။

ငွေရှင်းကြတော့ သူက သူ့အိတ်ထဲက ရှိသမျှ ထုတ်သည်။

'ကျွန်တော့်မှာပါတာ ကုန်မှ လိုရင် မမပေး' တဲ့။

ဒီစိတ်ထားနှင့် ဒီစကားကလည်း သူ့ကို ဧရာမ သူရဲကောင်းကြီးပမာ ကျွန်မကို ထင်မြင်စေခဲ့သည်။

သူဟာ ယောကျ်ားပီသသူပါပဲ။ နောက်ဆုံး ကျွန်မ ပြောလိုက်၏။

"သူ ထားသလို မမ နေပါ့မယ်"

ဒါဟာ အချစ်ပဲ မဟုတ်လား။

သူ့ကို သိပ်ချစ်တာပဲတို့ ဘာတို့ ပြောဖို့ လိုဦးမလား။

အဲဒါတွေက စာအုပ်ထဲမှာ စာမျက်နှာ စာဖောင်များအောင် ချဲ့ထွင်ဖွဲ့နွဲ့ပြီး ပြောခိုင်းရတာတွေပါ။ တကယ်ချစ်လာပြီဆို နှုတ်က ဘာမျှပြောဖို့မလို။ မျက်လုံးတွေက နှလုံးသား၏ ပြတင်းပေါက်ပဲလေ။ မျက်လုံးတွေထဲမှာ အချစ်ငွေ့ အချစ်ရိပ်တွေ ပေါ်လွင်နေပြီးသား။ ဖုံး မနိုင်၊ ဖိမရ။ ဒါက ညာ၍မရ။ သည်တော့ မမကို ကျွန်တော် ချစ်နေပြီ၊ အဖြေပေးပါဟု သူ ဘယ်ပြောတော့မလဲ။ အဖြေတောင်းစရာလည်း မလို။ ကျွန်တော်က မမကို မြတ်နိုးတာပါ တစ်ခွန်းတည်းနှင့် ချည်နှောင်ပြီး ဖြစ်သွားပြီ။ ကျွန်မထံမှ သဘောထားကို သူသိပြီးသား။ သည်လိုဆို၍ ကျွန်မသည် အညာလွယ်သူဟု ထင်လျှင် တက်တက်စင် မှားလိမ့်မည်။ ကျွန်မ မချစ်လျှင် ပြုံး၍ပင် မပြတတ်သူဘဲ။ သူနှင့်အတူ စားပွဲထိုင်ပြီဆိုကတည်းက သူ အဖြေရပြီးရောပေါ့။

ကောင်းပါသည်။

ကလေးတွေမှာ မဟုတ်ဘဲ။ လူလားမြောက်ပြီး လူရည်လည်နေကြပြီးသူချင်းမို့ မူရာမာယာတွေနှင့် ဟန်လုပ်နေစရာမလို။ အထင်သေးစရာလည်း မရှိ။ နှလုံးသားချင်း နားလည်ခဲ့တာ ကြာမှပဲ။

Excellent ပေါ်မှ ဆင်းကာ အနော်ရထာကို ဖြတ်ကူး ကြရန် ပြင်သည်။ အစက ကျွန်မ ညာဘက်မှာ သူလျှောက် သည်။ ဒါက ထုံးစံ။ မိန်းမနှင့်ယောကျ်ား တွဲလျှောက်လျှင် ယောကျ်ားက ညာဘက်မှာ နေရသည်။ ဟော... လမ်းကူးမည် ပြုတော့ သူသည် ဖျတ်ခနဲ ကျွန်မညာဘက်မှ ကျွန်မ ဘယ် ဘက်သို့ နောက်ဘက်က ကွေ့ပတ်နေရာပြောင်းသည်။ ကျွန်မ ဘယ်လက်မောင်းကို သူ့ ညာလက်ဖြင့် တင်းတင်းဆုပ်ရင်း သူ့ဘယ်ဘက်မှလာသော ကားတွေကို ကြည့်သည်။ အိုး... လက်စသတ်တော့ သူက ကားလာမည့်ဘက်ကို ကာကွယ်ဖို့ ပြောင်းတာပါလား။ ကျွန်မကို မတိုက်စေရ။ မတော်တဆ တိုက်လျှင် သူ့ကိုတိုက်။ သူအတိုက်ခံမည်။

ဒါ... တစ်ခုတည်းနှင့် သူ့ကို ကျွန်မ ကြည်ညိုအားထား မိခဲ့ပြီ။ ချစ်ရုံမဟုတ်ပါ။ မြတ်နိုးရုံမဟုတ်ပါ။ အားကိုးတာ။ ကြည်ညိုတာ။

သည်ခံစားချက်ကို စာလုံးဖြင့် ဖွဲ့မပြတတ်ပါ။ မောင့် ကို သိပ်ချစ်တယ်ဆိုတာ မလုံလောက်။ ဒါက ချစ်ရုံမဟုတ်။ ယုံတာလည်း ပါသေးသည်။ ခုချိန်ကစပြီး ငါ့ကမ္ဘာတစ်ခုလုံး သူ့ကို အပ်နှံလိုက်ပါပြီဟု ကြွေညာချင်စိတ်ပင် ပေါ်မိ၏။ သူ ပြောသမျှ နာခံမည်။ သူ စီမံသမျှ လက်ခံမည်။ ကျွန်မဘဝ သည် သူ့လက်ထဲမှာ ရှိစေ။

ဆူးလေဘုရားသည် ရန်ကုန်ညချမ်းကို ပိုမိုကျက်သရေ ရှိနေစေ၏။ ဆည်းလည်းလှုပ်သံများ မကြားရစေကာမူ မီးပွင့် ရောင့်စုံတန်းများက မျက်စိပသာဒကို ကြည်နူးမှုအပြည့်ပေး

နေပေသည်။ ရန်ကုန်မြစ်ဘက်မှ ခရီးနှင်လာသော မြစ်လေ အေးကလည်း ကျွန်မတို့ ချစ်သူနှစ်ဦးကို ကောင်းချီးသြဘာ ထောမနာပြု၍ သွားကြ၏။ ညာဘက်လက်က ချစ်သူ၏ လက်ဖျံတစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ထားမိပြီဖြစ်သော ကျွန်မ ၏ဝိညာဉ်သည် ရန်ကုန်ကောင်းကင်ယံသို့ ပျံတက်နေပြီ ဖြစ် လေသည်။ ကျွန်မ ဘာကိုမျှ မကြောက်တော့။ အားလုံးကို ရင်ဆိုင်ပစ်လိုက်မယ်။

"ရင်ဆိုင်ကြရအောင်" ဟု သူ အဖော်ညှိခဲ့ပြီးပြီပဲ။

ကျွန်မ၏ ဖောက်စ်ဝက်ဂင် ဖေဒါရောင်ကားလေးသည် မြို့တော်ခန်းမဘေးကွက်လပ်တွင် သခင်မအလာကို သစ္စာရှိရှိ စောင့်နေရှာ၏။ ကျွန်မက စလင်းဘက်ထဲမှ ကားသော့ကို နှိုက်ယူပြီး သူ့ ဘယ်ဘက်လက်ဖဝါးထဲ ထည့်လိုက်သည်။ ကျွန်မကားကို သူ မောင်းပေတော့။

သည်အချိန်မှာ သူ့မျက်နှာကို ကျွန်မ မော့ကြည့်ခဲ့ သည်။ သူ ဘာပြောမလဲ။ အဆင်ပြေပါ့မလား။

သူက မပြုံးမရယ် ခပ်တည်တည်ဖြင့် ကားသော့ကို ကြည့်သည်။ မလှမ်းမကမ်းမှာ ရှိနေသော ဖေဒါလေးကို ကြည့်သည်။ ပြီးတော့ ကျွန်မလက်ကိုဆွဲကာ ကားဆီသို့ ခြေလှမ်းကျဲဖြင့် လျှောက်သည်။ ကားတံခါးကို သော့ဖွင့်၊ ကျွန်မဘက်က တံခါးကို သော့ဖွင့်၊ နှစ်ယောက်လုံး ထိုင်မိ သောအခါ ကားသော့ကို ဖွင့်သည်။ အမြဲတမ်း သဘော ကောင်းလှေ့ရှိသော ဂျာမနီပြည်ဖြစ် ဖေဒါလေးက စက်နိုးသံ သာသာလေး ထွက်လာသည်။ ဂီယာကို အသာအယာထိုး၊

လီဗာကို ဖွဖွလေးနင်းပြီး ကလပ်ချ်ကို လွှတ်လိုက်ပုံကား ကားနှင့် ရင်းနှီးကျွမ်းဝင်ရုံမက နိုင်နင်းပုံကိုပါ ပြနေ၏။ ဗေဒါလေးကို သူ ပထမဆုံးအကြိမ် ကိုင်တွယ်ရခြင်းဖြစ်သော်လည်း သူကား ကား၏အထာကို သိသူတည်း။

ဆူးလေခုံးတံတားကိုကျော်ပြီး အလံပြဘုရားလမ်းတစ်လျှောက် မောင်းကာ ကန်တော်ကြီး အဝိုင်းလေးကိုပတ်ပြီး ဦးထောင်ဘိုလမ်းကို တက်နေသည်အထိ စကားတစ်လုံးမျှ မဆိုဖြစ်ကြချေ။ ရွှေတောင်ကြီးလို ဝင်းလက်ကျက်သရေရှိသော ရွှေတိဂုံစေတီခြေရင်း ရောက်သောအခါကျမှ သူက စတီယာရင်ပေါ်မှာ လက်နှစ်ဖက်ယှက်ပြီး ဘုရားအာရုံပြု၏။ ကျွန်မကမူ သူ့လို ဘုရားကို လက်နှစ်ဖက်အုပ်မိုး မရှိခိုးမိပေ။ ပြောရလျှင် ကျွန်မသည် အိပ်မက်ထဲမှာ လမ်းလျှောက်နေရသည်ဟု ထင်နေသည်။ ကျွန်မကားကို မောင်းပေးသူဟာ ကျွန်မချစ်သူ ဖြစ်သွားပြီလား။ တကယ်ဟုတ်ရဲ့လား။

အမှန်ကို ဝန်ခံရလျှင် ကျွန်မသည် ကားမောင်းချင်သူ မဟုတ်။ ချစ်သူမောင်းသော ကားကို ချစ်သူ၏ ဘယ်ဘက်ဘေးမှာ အေးအေးလေးထိုင်ရင်း ချစ်သူကို ဘေးတိုက်အနေအထားမှ မော့ကြည့်နေချင်သူ ဖြစ်၏။ အခု သူ့ကိုကြည့်ရင်း ကျွန်မ ငြိမ်နေသည်။ သူ့ကို ကျွန်မ အားကိုးသည်။ ယုံသည်။ ဘဝတစ်ခုလုံး ပုံအပ်လိုက်ပါပြီ။

ဦးဝိစာရလမ်းမကြီး တစ်ဝက်မှာရှိသော လမ်းသွယ်တွင် ကျွန်မ တိုက်ခန်းရှိသည်။ ၆ ထပ်အမြင့်မှာမို့ ကားကို

လမ်းဘေးမှာပဲ ညအိပ်စေရသည်။ ကားရပ်ပြီး နှစ်ယောက်လုံး အပြင်ထွက်ပြီးတော့မှ သူ စကားဆိုသည်။

"ညနေပြန်တိုင်း ခုလို မောင်းပေးမယ့် ဒရိုင်ဘာခ ဘယ်လောက်ပေးမှာလဲ"

ခပ်တည်တည် ပြောလိုက်ပုံကြောင့် ကျွန်မ အထိန်းအချုပ် မရှိ ရယ်လိုက်မိသည်။ ကျွန်မရယ်နေတာကို သူက သဘောကျသလို လက်ပိုက်ပြီး ကြည့်နေသည်။ နှစ်ယောက်သား ခွဲခွာဖို့ သူ့လက်ကို ကျွန်မ ပုတ်လိုက်တော့မှ ဆီးယူဟု သူပြောပြီး ထွက်ဖို့ပြင်၏။ ဟင် သူ ဘယ်လိုပြန်မှာလဲ၊ ကားမှတ်တိုင်က အဝေးကြီး၊ မဖြစ်ဘူး။ သူ့အိမ်နားအထိ မမပြန်ပို့မယ်ပြောရင်း ကျွန်မကားတံခါး သော့ဖွင့်သည်။ ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။ သူထိုင်ရမည့်ဘက်မှ တံခါးသော့ကို ဖွင့်ပေးသည်။ ဝင်လေဆိုမှ သူ တဟားဟား ရယ်ရင်း ဝင်ထိုင်သည်။ ကားကို ခပ်မြန်မြန်နှိုးပြီး စထွက်တော့ သူက အရယ်မရပ်သေးဘဲ ဒီလိုပဲ တစ်ညလုံး တစ်ယောက်ကို တစ်ယောက် လိုက်ပို့နေရအောင်လေဟု ဆိုလေသည်။

သြော်… သည်အဖြစ်သည် ကျွန်မတို့ နှစ်ယောက်ကြားရှိ သံယောဇဉ်ကြိုး ဘယ်မျှခိုင်မာကြောင်း ပြခြင်းဟု နှစ်ယောက်လုံး နားလည်ပါသည်။ သည်လောက် ခိုင်မာသောကြိုးကို မည်သည့်ရန်သူမှ မဖြတ်နိုင်ဟု (အဲသည်တုန်း) နှစ်ယောက်လုံး ယုံကြပါသည်။

* * *

တကယ်တော့ သူနှင့်ကျွန်မ တွေ့ရတာ နောက်ကျ လွန်းသည်။ သူရော ကျွန်မပါ ဘဝအချိုးအကွေ့ အများအပြား ကူးပြောင်းခဲ့ကြပြီးမှ သူသွားရာလမ်းကြောင်းနှင့် ကျွန်မ ခရီး နှင်ရာလမ်းကြောင်း 'ဆုံမှတ်'တစ်ခုမှာ တွေ့ကြခြင်းမို့ အတူ လမ်းလျှောက်ခွင့် ရှိမည်မဟုတ်ကြောင်း နှစ်ယောက်လုံး သိ သည်။ သိပေမယ့် ရင်ထဲကနှလုံးသားကို မနှိမ်နင်းနိုင်ကြတာ ကျွန်မတို့နှစ်ယောက်လုံး၏ အားနည်းချက်ပဲ ဆိုချင်ဆိုနိုင် ပါသည်။

မည်သူမျှ မိတ်ဆက်ပေးခြင်း မရှိဘဲ သူနှင့် သိခဲ့ရ၏။

ထိုနေ့က ကျွန်မသည် ၃၆ လမ်းထိပ် နွားနို့ဆိုင်မှာ ထိုင်နေသည်။ ညနေ ၅ နာရီကျော်ပြီမို့ ဆောင်းလေအေးက သွေးနေပြီ။ သည်ဆိုင်မှာ စာပေသမား နည်းနည်းပဲ ရှိသည်။ အများစုက ၃၃ လမ်း လေထန်ကုန်းမှာ ထိုင်ကြတာပဲ။ ကျွန်မ က လက်ဖက်ရည်နှင့် မတည့်၍ နွားနို့လာသောက်ခြင်းဖြစ် ၏။ နောက်တစ်ခုက ကျွန်မသည် ကိုယ့်စိတ်ကူးနှင့်ကိုယ်၊ တစ်ယောက်တည်းနေရတာကို ကြိုက်သည်။ စာအကြောင်းက လွဲပြီး ဘာအကြောင်းမှ စိတ်မဝင်စား။ အများအားဖြင့် ငြင်းရ ခုံရသူများနှင့် ကြာကြာထိုင်မိတတ်သည်။ အယူအဆငြင်းရ မယ်ဆို ကျွန်မက ဘယ်တော့မှ အားမနာတတ်ပေ။

ထိုညနေက ကျွန်မတစ်ယောက်တည်း ထိုင်နေရာသို့ လူခပ်ရွယ်ရွယ် ရုပ်ခပ်သန့်သန့်တစ်ယောက် ရောက်လာပြီး ကျွန်မရှေ့က ခုံပုလေးမှာ ဇွေ့ခနဲ ဝင်ထိုင်သည်။ ဘာမျှ နိဒါန်းမချီဘဲ-

"မမော်အိမ်သွားချင်ရင် မြောက်ဥက္ကလာကြိုးတံတား ကျော်ပြီး ငါးမှတ်တိုင်မှာဆင်း၊ လမ်းကူးရင် ရောက်ပြီ"

ဟု ဆိုကာ ချက်ချင်း ထသွားသည်။ သူ့မျက်နှာလည်း မမြင်လိုက်မိ။ ဟိုဘက်ဝေးသွားမှ လှမ်းကြည့်တော့ ကော်ဖီရောင်ဘောင်းဘီရှည် ဝတ်ထားတာပဲ မှတ်မိသည်။ မမော်အိမ်ကို ကျွန်မသွားချင်နေမှန်း သူ ဘယ်လို သိနေပါလိမ့်။ မမော်ဆိုတာ သတင်းစာသင်တန်းက ဆရာမတစ်ဦးဖြစ်၏။ ရင်သားကင်ဆာဖြစ်ပြီး ခွဲစိတ်ရမည်ဟု သိထားကြသည်။ မခွဲစိတ်ခင် သွားတွေ့ပြီး ငွေရေးကြေးရေး ကူညီဖို့ ကျွန်မ သွားချင်နေတာပါ။ ဒါကို သူ ဘယ်လိုသိပါလိမ့်။

အေးလေ စာပေလောကဆိုတာ ကျဉ်းကျဉ်းလေးပဲ။ နေ့စဉ် မြင်တွေ့နေကြတာမို့ လူချင်းမခင်တောင် မျက်မှန်းတန်းနေကြတာပဲ ဆိုပြီး သူ့ကို ကျွန်မ မေ့သွားခဲ့သည်။

နှစ်ပတ်လောက်ကြာမှ သူ့ကို သတိထားမိ၏။ သတိထားမိတာကလည်း ကော်ဖီရောင် ဘောင်းဘီကြောင့်ပါ။ သူ့မှာလည်း သည်ကော်ဖီရောင် ဘောင်းဘီတစ်ထည်ပဲ ရှိလေရော့လားမသိ။

နောက်တစ်ပတ်မှာတော့ ကျွန်မနှင့် ကဗျာဆရာကြီး မောင်သိဒ္ဓိ စကားလက်ဆုံကျနေရာသို့ သူ ဝင်လာပြီး ထိုင်သည်။ သူက ကဗျာဆရာ "သူ" ပေါ့ဟု မောင်သိဒ္ဓိက မိတ်ဆက်ပေးသည်။ ကျွန်တော်ကတော့ ဒေါ်ဧကရီကို သိပါတယ်ဟု သူပြောသည်။ အဲသည်ညနေက ကျွန်မ အိမ်ပြန်

နောက်ကျ၏။ အကြောင်းကား သူပြောပြသော "လှုပ်ရှားမှုများအကြောင်း" ကို နားထောင်ရ၍ ဖြစ်ပါသည်။

သူကား ရိုးရိုးကဗျာဆရာ မဟုတ်။ တိုင်းပြည်အတွက် ရတာက်မအေးဖြစ်နေသော မျိုးဆက်တစ်ခုမှ လူဖြစ်မှန်း ကျွန်မ သိခွင့်ရခဲ့သည်။ သူ့ကို လေးစားသွားရခြင်းအကြောင်းမှာ သည်လို တိုင်းပြည်အတွက် စိတ်ပူတတ်သူဖြစ်နေ၍ ဖြစ်၏။ ကျွန်မ မလုပ်နိုင်သောအလုပ်များကို သူလုပ်နေ၍ ဆိုပါစို့။

နောက်ပိုင်းမှာတော့ မောင်သိဒ္ဓိမပါဘဲ ကျွန်မတို့ချည်းထိုင်ဖြစ်သည်။ သူက လက်ဖက်ရည်သမားဆိုပြီး ကျွန်မသောက်သည့် နွားနို့ကို လိုက်သောက်သည်။ သူပြောတတ်သောအကြောင်းအရာတွေက ကျွန်မ မကြားဖူးသောအရာများ ဖြစ်နေသည်။ ထက်သန်သော သူ့မာန်တွေကိုမြင်ရင်း သူ့ကို ကျွန်မ အားရသည်။

"မမ၊ ဒီလိုပဲ ပိုက်ဆံရတဲ့ အချစ်ဝတ္ထုတွေချည်း ရေးနေမှာလား"

သူက စီးကရက်ကို မီးညှိရင်း မေးခွန်းကောက်မေး၏။

ရုတ်တရက် ကျွန်မ မဖြေနိုင်ပါ။ ပြီးလွယ် စီးလွယ်လည်း မဖြေချင်။

"အဲဒါကို အပြစ်ရှိတယ်လို့ သူက ယူဆသလား"

သူ့ကို မေးခွန်းပြန်ထုတ်ရ၏။ သူက မီးခိုးတွေမှုတ်တုတ်ပြီးမှ-

"ရှိတာပေါ့၊ အဲဒါ အပြစ်ပဲ"

"ဘာ့ကြောင့်လဲ၊ မမ စာတွေမှာ အဆိပ်အတောက် လုံးဝမပါဖို့ ဆုံးဖြတ်ထားတယ်"

"အဆိပ်အတောက် မပါတိုင်း အကျိုးရှိသလား၊ အကျိုး မရှိတဲ့စာကို ဖြန့်ဖြူးနေတာက အပြစ်ပေါ့၊ စာဟာ အကျိုး ရှိကို ရှိရမယ်"

သူ တစ်ရှူးထိုးဖြစ်လာသည်။

ကျွန်မက နွားနို့ခွက်ကို လှည့်ပတ်ကစားရာက-

"လက်ဖက်ရည် ကြိုက်တဲ့လူ လက်ဖက်ရည်သောက် ပေါ့၊ နွားနို့ကြိုက်တဲ့လူ နွားနို့သောက်လေ၊ ဒါဟာ ဒီမိုကရေစီ ပိုင်ခွင့်ပဲ။ လွတ်လပ်စွာ ရွေးချယ်ခွင့်..."

ကြီးကြီးကျယ်ကျယ် ကျွန်မပြောလိုက်သဖြင့် သူ မျက်မှောင်ကုပ်သည်။ စီးကရက်တစ်လိပ် ထပ်ညှိသည်။ မီးခိုး များကို ကျွန်မထံ မရောက်အောင် လက်ဖြင့် လှမ်းပုတ်ထုတ် သည်။

"မမ တစ်ကိုယ်ကောင်းဆန်တယ်"

"စွဲချက်တင်တာ ရဲတင်းလှချေလား"

"ကျွန်တော်က မမလက်ကို ကြိုက်တာ။ ဒီလက်မျိုးနဲ့ အကျိုးရှိမယ့်စာတွေ ရေးမယ်ဆိုရင်..."

ကျွန်မ ရယ်လိုက်သည်။

အချစ်ဝတ္ထုရေးဖို့ ဆုံးဖြတ်ခဲ့စဉ်ကပင် ဤပြဿနာ အတွက်အဖြေကို စဉ်းစားခဲ့ပြီးဖြစ်၏။ ဘယ်သူကမှ အကောင်း မပြောချင်နေပါစေ။ ကျွန်မဝတ္ထုများကို ကျွန်မကိုယ်တိုင် ဖန်တီး ခြင်းဖြစ်၍ လိပ်ပြာသန့်သည်။ အကျိုးရှိတဲ့ တက်ကျမ်းတွေ

ရေးမည့်သူ ရှိပြီးသားပဲ။ ကျွန်မယုံကြည်တာက လူငယ်ပရိသတ်ကို နှလုံးသားက ကိုင်လှုပ်ဖို့ဆိုတာ အချစ်ဝတ္ထုရေးမှ ဖြစ်မည်ဟု။ ကျွန်မရေးသမျှသည် တက်လမ်း မဟုတ်။ သို့သော် ပျက်စီးရာလမ်း မဖြစ်ရ။ ကျွန်မတို့ ငယ်ငယ်ကလည်း သည်လိုပဲ အချစ်ဝတ္ထုတွေကို စွဲလမ်းခဲ့ရတာပဲ။ ကျွန်မတို့ ဘယ်မှာ ပျက်စီးခဲ့လို့လဲ။

သူနှင့် ကျွန်မ နေ့စဉ်နီးပါး ငြင်းဖြစ်ခဲ့၏။

နောက်ဆုံး လူငယ်တွေကို ချစ်ခင်ကြသည်ဟူသော အချက်မှာ တူညီနေသည်။ သူက 'ကဗျာ'နှင့် လှုံ့ဆော်သည်။ ကျွန်မက ဝတ္ထုဖြင့်။ ဒါပဲ ကွာတာ ဟုတ်လား။

- *"အဖြစ်သနစ်တွေကိုက*
  *တစ်နှစ်နဲ့ တစ်နှစ် မတူအောင် မှုကွဲနေခဲ့ပြီ*
  *ခင်ဗျား သိမှာပါ။*

- *ဆူးတွေနဲ့ပန်း၊ မခင်နှင်းဆီကို လွမ်းသတဲ့*
  *အဲဒီ သီချင်းတွေလည်း*
  *ခုတော့...*
  *ဟာစ်ပော့ပ်နဲ့ ဒီဂျေခေတ်ထဲ တိမ်မြုပ်နေတာ*
  *ခင်ဗျား သိမှာပါ။*

- *မမြရင် အငြိမ့်ပွဲရှေ့မှာ*
  *အိပ်ရေးပျက်ခဲ့တဲ့ ကာလသားတစ်သိုက်*
  *ခုတော့ ဘုံအသီးသီးမှာရောက်လို့*
  *မမြရင်နဲ့ မဆုံစည်းနိုင်ခဲ့တဲ့အကြောင်း*
  *ခင်ဗျား သိမှာပါ။*

- ဗိုလ်အောင်ဒင်ရဲ့ ဓာတ်လိုက်
ခင်မောင်ရင်ကိုမှ ကြိုက်ခဲ့တဲ့
သူမတို့လည်း ခုလောက်ဆို
တချို့ အရိုးတွေ ဆွေးတဲ့အကြောင်း
ခင်ဗျား သိမှာပါ။

- ဒီလိုပါပဲ
အယ်ဒီဆင်လည်း မရှိတော့သလို
အိုင်းစတိုင်းလည်း မရှိတော့ဘူး
နပိုလီယံလည်း မရှိတော့သလို
ဗန္ဓုလလည်း မရှိတော့ဘူး၊
ဂေါ်ကီ မရှိတော့သလို
တော်ကီကောင်းခဲ့သူတွေလည်း မရှိကြတော့ဘူး
အဲဒါတွေ ခင်ဗျား သိမှာပါ။

- နက်ဖြန်မနက်
ဒါမှမဟုတ် နောက်ရက်တွေမှာ
ကျွန်တော် မရှိတော့ရင်
ခင်ဗျားလည်း ရှိတော့မှာ မဟုတ်ဘူး။
ခင်ဗျား သိမှာပါ"

သူသည် အသံအား ကောင်းကောင်းထည့်၊ လက်ဟန်ပါ ထည့်ပြီး ကဗျာကို ရွတ်နေသည်။ သူ့လက်ထဲက သူကိုယ်တိုင်ရေးသည့် ကဗျာစာရွက်သည် သူ့နှလုံးခုန်နှုန်းအတိုင်း တလှုပ်လှုပ်ခါယမ်းနေ၏။ သူ့မျက်လုံးတွေက မြေ

တစ်ကောင် ရန်မူတော့မလို ရူးရဲလှသည်။ သူ့မျက်လုံးတွေကို ကျွန်မ မကြည့်ရဲ။

“အဲဒါ ကျွန်တော့်နှလုံးသွေးတွေပါ။ မမရေ၊ လောကကြီးမှာ ဘာမှ မမြဲဘူး၊ မြဲတယ်ထင်ပြီး ထင်ရာစိုင်းနေကြတာ သိသင့်ပြီ”

သူ့ရင်ထဲမှာ မုန်တိုင်းထန်နေပြီ။ ကိုယ့်ရင်ထဲမှာလည်း လှိုင်းလေ ထန်ခဲ့ဖူးတာပါပဲ။

သို့သော် အများစုသည် ယောနိသောမနသိကာရ သဘောထားနိုင်ကြလေတော့ ဒဏ်ရာသိပ်မကြီးချေ။ သူ့ရင်ထဲက ဒဏ်ရာကား ဘယ်တော့မှ ကျက်တော့မည် မဟုတ်။

“ကျွန်တော့် ညာဘက်နား မကြားရတော့ဘူး၊ ညာဘက်မျက်လုံး ဝါးနေတယ်၊ ခေါင်းက တစ်ခါတစ်ခါ တအားမူးတယ်”

သူ့ဒဏ်ရာများကို ကျွန်မ သိခွင့်ရခြင်းဖြင့် သူ့ကို နက်ရှိုင်းစွာ နားလည်လာရပါသည်။ အေးပေါ့လေဟု ကျွန်မ လေပျော့လေးဖြင့် နိဂုံးချုပ်ရစမြဲ။

သူက ညက အိပ်မပျော်လို့ဆိုပြီး ရေးလာသော ကဗျာတွေကို ပြသည်။ သူ ကဗျာရေးပုံက ကျွန်မနှင့် ကွာ၏။

ကျွန်မက စာရေးလျှင် A4 စာရွက်အကောင်းစား။ ဘောလ်ပင် မင်စို အကောင်းစားနှင့်မှ ရေးသည်။ ရေးရင်း မင်ခန်းသွားတာ၊ စာရွက်ပြဲသွားတာမျိုး မကြိုက်။ ထင်းပြီး ရှင်းနေချင်သည်။

သူကား တကယ့် ဗရုတ်သုတ်ခ။

မိတ္တူဆိုင်က အိတ်အဖြစ် ထည့်ပေးလိုက်သော ဝါတာ တာ အိတ်ခွံကြီးပေါ်မှာလည်း ရေးတတ်သည်။ ဘောက်ချာ စာရွက် နောက်ကျောမှာလည်း ရေးတတ်သည်။ ရေးသမျှ ကဗျာတွေမှာ ဒေါသတွေ ဟုန်းဟုန်းတောက်နေတတ်၏။

- *"ကျွန်တော်တို့က ကောင်းဖို့ ကြိုးစားနေတာပဲ*
*ကောင်းကောင်း စားချင်တယ်၊*
*ကောင်းကောင်း ဝတ်ချင်တယ်၊*
*အကောင်းဆုံးကား စီးချင်တယ်၊*
*ကောင်းချီးပေးတာ ခံချင်တယ်၊*
*လွယ်ရင် လွယ်သလို*
*ကြုံရင် ကြုံသလို*
*လှည့်တယ်၊ ပတ်တယ်၊ လိမ်တယ်၊ ညာတယ်၊*
*လစ်ရင် သုတ်တယ်၊*
*ချောင်ရင် ခိုးတယ်၊*
*နိုင်ရင် လုတယ်။*
- *ဘယ်နေ့သေမယ်မသိ*
*ဒီကြားထဲ လူ့အထင်ကြီးအောင်*
*တရားစာတွေဖတ်တယ်*
*တရားဆွေးနွေးတယ်*
*ဘုရားစုံဖူး၊ ပစ္စည်းဝယ်တယ်။*
- *လုပ်သမျှ မအောင်မြင်ရင်*
*လောကဓံကို ပုံချ*

*လုပ်သမျှ ဟန်ကျတော့*
*ကံ ကံ၏ အကျိုးပဲတဲ့*
*နောက်ဆုံးအသက်ငင်ချိန်အထိ*
*အကောင်းကိုရှာဆဲ... ။''*

''ကောင်းလိုက်တာ သူရယ်၊ သူ့ဦးနှောက်က ဒါမျိုးတွေ ထွက်တယ်၊ မမ ဂုဏ်ယူတယ်''

သူ့ကဗျာဖတ်အပြီး သူညာလက်ကို ကျွန်မ ဖမ်းယူဆွဲညှစ်လိုက်၏။ ပြန်ညှစ်လိုက်သော သူ့လက်ဖဝါးကြီးက ကြီးမား အားပါလှသည်။ သူနှင့်ကျွန်မ လက်ဆွဲနှုတ်ဆက်သည်ကို နွားနို့ရောင်းသူ ကောင်လေးက ထူးဆန်းသလို ကြည့်၏။ ဟုတ်ပါရဲ့။ သည်လူသား နှစ်ယောက်ကား ချစ်စကား ကြိုက်စကားလည်း မပြော။ တစ်ယောက်က မျက်မှန်ထူထူကြီးနှင့်၊ ကဗျာရွတ်ပြီဆိုလျှင် ဘေးဘီကိုမကြည့်။ သူတစ်ယောက်တည်း ရှိသလို။ အသံကလည်း ခပ်အုပ်အုပ်ရွတ်သည့်ကြားက ကျယ်လာတတ်သည်။ နားထောင်သူကလည်း မျက်တောင်ပင် မခတ်အား။ ကဗျာရွတ်သူ မျက်နှာကို စူးစိုက်လို့။ ပြီးလည်း ပြီးရော လက်ဆွဲနှုတ်ဆက်နေလိုက်ကြတာ။

''ဒီမှာက မပြီးသေးဘူး''

သူပြသော စာရွက်ကို ကြည့်ရ၏။

*'မုန်တိုင်းစဲသွားပြီ... ။*
*မုန်တိုင်းစဲသွားပြီဟေ့...*

*ဝမ်းသာနေမယ်လို့ ထင်ပါသလား၊*
*နောက်တစ်ကြိမ် ပြန်လာမယ့် မုန်တိုင်းကိုမြင်နေလို့"*
"ဟယ် ဒါလေးလည်း ဆက်ရေးပါလား"
*'ဆိတ်ခေါင်းဆွဲထားပြီး*
*ခွေးသားလိမ်ရောင်းသူက*
*အရက်ပုန်းရောင်းတဲ့ မြို့မျက်နှာဖုံးနဲ့ မတည့်တာ*
*ဘာဆန်းသလဲ"* တဲ့။

သူ့ကဗျာတွေက တစ်ဝက်တစ်ပျက်တွေလည်း ရှိသည်။

တွေ့ရာစာရွက်မှာ ရေးခြစ်၊ ဖျက်၊ ပြင်ထားသဖြင့် နမြောလှစွာ ကျွန်မက စာရွက်အချောမှာ ပြန်ကူးသည်။

'သူက ရေးပြီး ပစ်ထားတယ်၊ သူ့ကဗျာတွေ မမ ဖိုင်တွဲထားမယ်' ဆိုပြီး ဖိုင်လေး သီးသန့်လုပ်ဖြစ်သည်။ သူ ကျွန်မကို 'မြတ်နိုးတယ်' ဆိုတာ ဒါတွေကြောင့်များလား မသိ။ သူ့ကို ဘာဖြစ်လို့ ချစ်တာလဲဟု ကျွန်မ ကိုယ့်ကိုယ် ကိုယ် မကြာခဏ မေးဖြစ်ခဲ့သည်။ ကျွန်မနှင့် ငြင်းခုံနေရင်း သူ စိတ်ဆိုးလာလျှင်လည်း သူ့မျက်နှာကို ကျွန်မ မမှိတ်မသုန် ကြည့်ရင်း အထက်ပါမေးခွန်းကို မေးဖူးသည်။

သူ့နဖူးကျယ်ကျယ်ကိုလည်း သဘောကျသည်။ ဆံပင် ကို ဆီလိမ်းပြီး ဘယ်ခွဲခွဲထားတာကိုလည်း သဘောကျသည်။ သူ့နှာတံပေါ်ပေါ်၊ သူ့မျက်ခုံးထူထူ၊ သူ့မျက်လုံးစူးစူး၊ သူ့ နှုတ်ခမ်းမွေးငုတ်စိ၊ ပြီးတော့ စီးကရက်သောက်လွန်း၍ ပြာနှမ်း နေသော သူ့နှုတ်ခမ်းသားများ၊ အားလုံးကို သဘောကျတာ ချည်းပါပဲ။

ကော်လာကတုံးပဲ ဝတ်ဝတ်၊ စပို့ရှပ်ပဲဝတ်ဝတ်၊ သူဝတ်လာသမျှ အင်္ကျီပုံစံတွေကို သူနှင့်လိုက်ဖက်သည်ဟု ကျွန်မထင်သည်။သူဘောင်းဘီနှင့် စပို့ရှပ်ဝတ်လာလျှင် လူငယ်တစ်ယောက်လို ဖျတ်လတ်သည်ဆိုပြီး ကြိုက်သည်။ ရှပ်လက်ရှည်နှင့် ချည်ချောလုံချည် ဝတ်လာတော့လည်း လူကြီးလေးနှင့် တူသည်ဟု မြတ်နိုးနေသည်။ ယုတ်စွအဆုံး ပုဆိုးကြားမှာ မွေးပွလက်ကိုင်ပဝါကို ချိတ်ထားလျှင်ပင် သူကသိပ်စနစ်ကျတာပဲဟု ခံစားသေးသည်။ မွေးပွလက်ကိုင် ပဝါလေးတွေ ရောင်စုံဝယ်ပြီး လက်ဆောင်ပေးရသည်။

သူကတော့ ကိုယ့်ချစ်သူဆိုပြီး ဘာမျှလက်ဆောင်မပေးဖူးချေ။ သို့သော် သူပေးသောအရာတစ်ခုကား မေ့စရာမရှိ။ အန်းတိတ်ဒစ်ရှင် နာရီဖြစ်၏။ စာရွက်များ ညိုဝါရီစုတ်နေပြီ။ ဘယ်အကြိုအကြားက တွေ့လာသလဲ မသိ။

“ရော့ မမအလုပ်လုပ်ဖို့ အန်းတိတ်ဒစ်ရှင်နာရီ ဝယ်လာတယ်၊ ဘာသာပြန်တွေ အများကြီးရေးစမ်းပါ။ အင်္ဂလိပ်စာတတ်တဲ့လူပဲ။ ကမ္ဘာ့စာပေတွေကို မြန်မာလူငယ်တွေ ဖတ်ဖြစ်အောင် မမလုပ်ရမယ်၊ ကျွန်တော် မလုပ်နိုင်တာကို မမလုပ်စမ်းပါ။

သူက သည်လို ဇောသန်တတ်သည်။ ကျွန်မ၏ ဝတ္ထုများကိုမူ သူအားမရ။ ပြည်သူ့အကျိုးပြုဖြစ်အောင် လုပ်ဖို့တာဝန်ကျေစမ်းပါဟု တိုက်တွန်းသည်။ အထူးသဖြင့် စာဖတ်သူများကို မှိုင်းတိုက်နေသော စာတွေကို သူတိုက်ခိုက်သည်။ တိုင်းပြည်ကို ဖျက်ဆီးနေတဲ့စာရေးဆရာတွေဟု စွပ်စွဲသည်။

"ကိုယ့်ဘာသာ ရေးပါလား"

သူ့ကို ကျွန်မ ဆွ၏။

"မရေးတတ်လို့ပေါ့၊ မမလို 'ဝါ' ရှိရင် ပရိသတ်ခိုင်ပြီးသားကို သိမ်းယူပြီး အကျိုးပြုစာတွေပဲ ပေးမှာ"

"ပရိသတ်ခိုင်မှ ရေးမယ်ဆိုတာ မဟုတ်သေးဘူးလေ၊ ဘယ်သူက စာရေးဆရာအဖြစ် မွေးလာလို့လဲ၊ ရေးရင်းရေးရင်းနဲ့ ပရိသတ်ရလာမှာပေါ့။ ဥပမာ သော်တာဆွေဟာ ငယ်ငယ်က ဟာသပဲရေးတာ။ ကြီးလာတော့ ဘဝဇာတ်တွေရေးတယ်။ ပရိသတ်လက်ခံတာပဲ။ အခု ဆရာမဂျူးတောင် "အမှတ်တရ"နဲ့ ပရိသတ်ထူထောင်ပြီးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ၊ HIV တွေ ရေးပြနေတာပဲလေ"

"ကေဒီနှင်းကရော ဘယ်တော့ နိုင်ငံပြုပြင်ရေးတွေ ရေးမှာလဲ"

သူ ကျွန်မကို အားမရကြောင်း ကျွန်မ သိပါသည်။ ပိုက်ဆံနောက် လိုက်နေတယ်ဟု မပြောတာ တော်လှပြီဟု ကျွန်မဖြေသည်။ သူကတော့ ရေးသမျှသည် ဒေါမနဿတွေ ဖြစ်နေပြီ။

"ကျွန်တော် ဒဏ်ရာရပြီး ဆေးရုံတက်နေတုန်းကရင်ထဲမှာ ကဗျာတွေ အများကြီးထွက်လာတယ်။ ခေါင်းမထူနိုင်တော့ ပါးစပ်က လျှောက်ရွတ်ရတယ်။ မနေနိုင်တဲ့ သူငယ်ချင်းတွေက စာရွက်ပေါ်ချ ရေးပေးကြတယ်"

ဟုတ်ပါလိမ့်မည်။

သူ့မှာ လက်ရေးပေါင်းစုံနှင့် ကဗျာတွေ အများကြီး

ရှိသည်။ စိတ်ကူးရလျှင် အိတ်ကြီးနှင့် သယ်လာတတ်၏။ ကျွန်မမှာ ရောင်စုံကျောက်သံပတ္တမြားတွေ ရသည့်နှယ် တသသ သိမ်းရလေသည်။ အဲဒီကဗျာများထဲမှ ကျွန်မရင်ထဲ ထိထိ ခိုက်ခိုက် ခံစားရသောကဗျာများကို ကွန်ပျူတာစီပြီး မိတ်ဆွေမဂ္ဂဇင်းများသို့ ပေးရ၏။

သည်လို ကျွန်မအတတ်ကောင်းသဖြင့် သူ ဒုက္ခ ဖြစ်ဖူးသည်။

"ငွေကမ္ဗလာ" မဂ္ဂဇင်းမှာ သူ့ကဗျာပါသည်ဟု ကျွန်မပြောတော့ သူမျက်မှောင်ကုပ်သည်။

"ဟုတ်လား၊ ကျွန်တော် ရေးပို့ဖူးလို့လား"

"မမ ပို့လိုက်တာလေ၊ သူကရေးပြီး မမှတ်မိဘူး၊ လူဆိုး..."

သူရယ်သည်။

ထိုနေ့က ငွေကမ္ဗလာမဂ္ဂဇင်းကို သူ့အား ပေးလိုက်ပြီး ကဗျာစာမူခကို စီးကရက်တစ်ဘူး ဝယ်သောက်ပစ်လိုက်ကြ ပါသည်။

သို့သော်...

"မမ ကျွန်တော် ဒုက္ခရောက်တော့မယ်"

ဖုန်းထဲက သူ့အသံက ပျာယာခတ်နေ၏။

"သူ ဘာဖြစ်လို့လဲ"

"ကဗျာ... ကဗျာ... ကမ္ဗလာမှာပါတဲ့ ကဗျာ"

"အင်း... အဲဒါ ဘာဖြစ်လို့လဲ"

"ဟိုလူ 'ဘီလူး' ဆိုတာ၊ အရင် ကျွန်တော်နဲ့ တွဲထိုင်

နေကျ။ အဲဒီကဗျာက သူ့ကဗျာတဲ့၊ သူ့မှာ သူ့လက်ရေးနဲ့ မူရင်းရှိတယ်တဲ့၊ မဂ္ဂဇင်းတိုက်လည်း ရောက်ပြီးပြီတဲ့"

"ဒီတော့... "

"သူ့ကဗျာက ကျွန်တော့်နာမည်နဲ့ ပါလာတော့၊ ကျွန်တော် ခိုးတယ်ပေါ့၊ သူ အခု သက်ဆိုင်ရာကို တိုင်မယ်တဲ့၊ ခုပဲ ဖုန်းဆက်တယ်"

သူပျာယာခတ်စဉ် ကျွန်မဦးနှောက်က အလုပ်လုပ်ပါသည်။ သည်ပွဲကို ကျွန်မကိုယ်တိုင်ဝင်မည်။ လာသမျှမြားကို ဒိုင်းဖြင့် ကာမည်။ ကျွန်မချစ်သူ တစ်စိုးတစ်စိမျှ မထိခိုက်စေရ။

"မပူပါနဲ့၊ မမရှင်းမယ်"

"သူ့ကို တွေ့မှာလား"

"အင်းပေါ့၊ ကိုယ့်မှာမှ အပြစ်မရှိဘဲ၊ အားလုံး မမရှင်းမယ်၊ ရှင်းတတ်ပါတယ်၊ ယုံစမ်းပါ... "

သူ အမောတကောနှင့် ဖုန်းချသွားသည်။

နောက်နေ့ ကျွန်မ၏ဗေဒါလေးနှင့် 'ဘီလူး' ရှိသောနေရာသို့ သွားကြသည်။ လမ်းမှာ 'လာဘ်ဖူးပွင့်' လက်ဖက်ရည်ဆိုင်ဝင်ပြီး သူကိုယ်တိုင် လီမွန်တီးဖျော်ပေးပါသည်။ ဦးနှောက်ကြည်သွားအောင် ဒါလေးသောက်လိုက်ဦးဟု ဆိုသည်။

သူ စိတ်လှုပ်ရှားနေသဖြင့် သူ့ကို ကားမောင်းခွင့် မပေးပါ။ သို့သော်-

"မမကို သူရှိတဲ့နေရာမှာ ချထားခဲ့မယ်၊ ရှေ့နားမှာ

ကျွန်တော် စောင့်မယ်၊ ၁၀ မိနစ်ကြာလို့မှ ရောက်မလာရင် မဟာဗန္ဓုလပန်းခြံလမ်းကို သွားနှင့်မယ်၊ မစ္စတာဘရောင်းကို လိုက်လာပါ''

ဟု သူဆိုသည်။

သူနှင့် ပတ်သက်မိကတည်းက သူစီမံသမျှ လိုက်နာလာသော ကျွန်မသည် သူ့ကို ခေါင်းညိတ်ပြရ၏။ သူသည် ကားကို ခပ်ဖြည်းဖြည်း မောင်းပါသည်။ စကားတစ်စုံတစ်ရာမျှ မဆို။ ကျွန်တော် အရှက်ကွဲတော့မယ် ထင်တယ် တစ်ခွန်းကိုပဲ ရေရွတ်ရှာသည်။ မမအစွမ်းအစကို ယုံစမ်းပါဟု ကျွန်မ ပြောတော့လည်း သူက ကလေးလေးလို ငြိမ်သွားသည်။

ဆိပ်ကမ်းသာလမ်းထိပ်မှာ ကျွန်မကို ဆင်းစေပါသည်။

''အဲလို ကုမ္ပဏီပေါ်တီကိုမှာ သူ အမြဲရှိတယ်၊ သူက လုံခြုံရေးပဲ''

သူ ပြပြီး ကားကိုမောင်းသွားသည်။ ကျွန်မက ဘာမျှ မဖြစ်သလို ခပ်အေးအေး သွားတွေ့ မိတ်ဆက်၏။''

''သူ လွှတ်လိုက်တာလား''

ဟု ဆီးမေးသောအခါ ဪ- သိပြီးသားကိုးဟု ပြုံးပြရ၏။ မိတ္တဗလင္ဒီကာကို အရည်ကျိုသောက်ခဲ့သူမို့ ထိုလူကို ကျွန်မ ကျေအေးစေနိုင်ခဲ့ပါသည်။ ပထမ သူ့ကို ပြောခွင့်ပေး။ အပြစ်အားလုံး ကျွန်မ ခံယူလိုက်သောအခါ-

''လူသိရှင်ကြား စာနဲ့ တောင်းပန်ရမယ်''

ဟူသော တောင်းဆိုချက်ကို ပြန်လည်ရုပ်သိမ်းသွားပါသည်။ နောင် ဘယ်တော့မှ မဖြစ်စေရပါဟု အထပ်ထပ်

ကတိပေးရင်း "ကေရီနှင်း"ဟူသော တံဆိပ်ကို နင်းခြေခွင့် ပေးလိုက်ရပါသည်။ နင်းပါလော့။ ခြေပါလော့။ ချစ်သူ ချမ်းသာပါစေ။

နာရီဝက်အကြာ မစ္စတာဘာရောင်းမှာ သူနဲ့အတွေ့၊ လက်မ ထောင်ပြလိုက်စဉ် ရင်ဘတ်ကို ညာလက်ဖြင့်ဖိပြီး မျက်စိစုံမှိတ်လိုက်ပုံကို ကျွန်မတစ်သက် မမေ့။ ဘာပဲဖြစ်ဖြစ် ချစ်သူရှေ့မှာ ရင်ဘတ်နှင့် ဆီးခံရဲသူပါတကားဟု သူ အသိ အမှတ်ပြုလျှင် ကျွန်မ အနင်းအခြေခံရကျိုး နပ်ပါပေမည်။

* * *

"အချစ်ဝတ္ထုတွေ ရပ်သင့်ပြီလို့ သူက ပြောတယ်၊ မမရဲ့ ပတ်ဗလစ်ရှာကတော့ ဘဝသရုပ်ဖော်တွေ ရေးရင် ကျွန်တော် ပုံနှိပ်စက် ရောင်းပစ်ရလိမ့်မယ်တဲ့၊ စာဖတ်ပရိသတ် က အကျိုးပြုဝတ္ထုကို လက်မခံတော့ မမတို့ ဘာတတ်နိုင် မှာလဲ"

ကျွန်မ သူ့ကို ပတ်ဗလစ်ရှာဘက်က အမြင် တင်ပြ ဖူးသည်။

"ကျွန်တော် ပုံနှိပ်စက် ထောင်မယ်"

သူက ညာဘက်လက်မကို ထောင်လိုက်၏။

မထိန်းနိုင်ဘဲ ကျွန်မ ရယ်လိုက်မိသည်။

"ဩော်... မမကတောင် ကျွန်တော့်ကို အထင်သေး တယ်နော်၊ အေးလေ ကိုယ်ကမှ သိန်းလေးငါးထောင်တန်တဲ့

အော့ဖ်ဆက်ဝယ် မပေးနိုင်ဘဲကိုး၊ တစ်ခုခုတော့ အဖြေထုတ်ဖို့ လိုနေပြီ''

သူက ခပ်ညည်းညည်းပြောရင်း သူ့လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူသည်။ ပြီးတော့ နားထောင်ဆိုပြီး ကဗျာရွတ်ပါတော့သည်။

*''ကောင်းကင်ကို မော့မော့ကြည့်ရင်း*
*တစ်နေ့သောအခါ*
*ထွန်းတောက်နေတဲ့ ကြယ်တွေထဲမှာ*
*ငါလည်း ပါရမယ်ဆိုတဲ့*
*ရည်ရွယ်ချက်အပြည့်။*

*- ခွန်အားနဲ့ ရင်းနှီးခဲ့တယ်*
*ဦးနှောက်နဲ့ ရှက်လွှင့်ခဲ့တယ်*
*တစ်ခါတစ်ရံ တိမ်ပင်လယ်တွေ ကူးခတ်လို့*
*မုန်တိုင်း ကြမ်းကြမ်းတွေနဲ့လည်း တွေ့ရဲ့*
*လေပြည်လေညင်းနဲ့လည်း ကြုံပါရဲ့*
*ရိုးဂုဏ်အပြည့်အဝ ဦးထိပ်ပန်ဆင်လို့*
*ဝိသမလူကြမ်းတွေနဲ့ မာယာမင်းသမီးသရုပ်ဆောင်တဲ့*
*ပြဇာတ်ကို လုံးဝမကြည့်ခဲ့။*
*အတ္တသီချင်းတွေလည်း နားမဆင်ခဲ့။*

*- ငါ့ဆွေမျိုးတစ်သောင်းအတွက်*
*သစ်တစ်ပင်ဖြစ်ဖို့လည်း ရှောင်ခဲ့တယ်၊*
*ဘဝဇာတ်ဆရာကို ယုံကြည်စွာနဲ့ပဲ*
*ငါဟာ*

*ဒီနေ့ထိ*
*မြေပြင်ပေါ်မှာ လျှောက်နေရတုန်းပါပဲ။"*

သူ မောသွားသလို ရေနွေးတစ်ငုံ မော့သောက်သည်။

"သူ့ကဗျာတွေ ကောင်းတယ်၊ ဒါမျိုးပါဖို့ ကောင်းတယ်"

"ကျွန်တော် မပို့ချင်တော့ဘူး"

"အဲသလို မဟုတ်ဘူးလေ"

"အုပ်စုဖွဲ့ပြီး မဂ္ဂဇင်းထဲပါအောင် လုပ်နေကြတဲ့ အထဲမှာ ကျွန်တော်မပါချင်ဘူး၊ ဟိုဆရာမောင်မြင့်သူရေးသလိုပဲ အယ်ဒီတာအချင်းချင်း လှည့်ပေးနေကြတာတဲ့၊ အယ်ဒီတာ ချုပ်မဟုတ်တဲ့ ငါ့ကို ကဗျာမတောင်းဘူးတဲ့၊ မေးကြည့်ရင် တော့ သုံးမှာပါတဲ့၊ စိတ်ဓာတ်ကျစရာကြီးပဲ"

သူ စီးကရက် မီးညှို၏။

ကျွန်မက စီးကရက် မီးညှိနေသော သူ့ပုံကိုလည်း တစိမ့်စိမ့် ချစ်နေမိခဲ့သည်။ ပြီးတော့ သူ့အတွက် ဘာလုပ်ပေးရမလဲဟု အပူတပြင်း စဉ်းစားသည်။

*"ကဗျာဆိုတာ...*
*ကိုလိုနီမဟုတ်ဘူး*
*ဖက်ဆစ်မဟုတ်ဘူး*
*မာ့စ်ဝါဒမဟုတ်ဘူး*
*ဆိုရှယ်လစ်မဟုတ်ဘူး*
*ကွန်မြူနစ်မဟုတ်ဘူး*
*အရင်းရှင်မဟုတ်ဘူး*

*ဒီမိုကရေစီမဟုတ်ဘူး*
*ကမ်းမပြိုခင်*
*သစ်တစ်ပင်ပေါက်နိုင်တယ်၊*
*ခုတော့ ခင်ဗျားတို့ ကျုပ်တို့ကိုယ်တိုင်*
*ကဗျာအကျဉ်းချခံနေရတယ်။"*

သူက အလွတ်ရွတ်နေသည်။

သူ့ရင်ထဲမှာ ကဗျာတွေ ဘယ်လောက်ဆူဝေနေလဲ မသိ။

ကျွန်မက သူ့လက်ကို ဖိလိုက်ပြီး-

"နောက်ဆို မမ ကက်ဆက်လေး ဆောင်ထားမယ်၊ သူ ရွတ်ချင်တဲ့အခါ ရွတ်ပေါ့၊ မှတ်တမ်းယူထားမယ်လေ"

သူက နှုတ်ခမ်းများကို တင်းတင်းစေ့ထားဆဲ။

သူ့မျက်လုံးတွေက မာန်ဖီသော ဆင်တစ်စီးလို မှုန်နေဆဲ။ နောက်တော့ ခပ်ဟားဟား ရယ်ပစ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော့်ကဗျာတွေက မမရဲ့ကက်ဆက်ထဲမှာပဲ သိမ်းထားရမယ်ပေါ့၊ ကောင်းပါတယ်"

ထိုညနေက ကျွန်မတို့ စကားပြော၍ အဆင်မပြေပါ။ သူ့ကို နှစ်သိမ့်သမျှစကားတို့သည် နိုပ်ကွပ်သော အဓိပ္ပာယ်တွေဟု သူ ယူဆသွားသည်။ ကျွန်မ သူ့ကို နားလည်သလောက် သူ့ကိုယ်သူ နားမလည်နိုင်တာလား။ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးက သူ့အပေါ် မတရားတာလား။

ပြောရလျှင် ကျွန်မ စာပေနယ်ထဲဝင်စဉ်က သူ့လို အဖုအထစ် မရှိခဲ့ပေ။ ရေးသမျှကို မဂ္ဂဇင်းဆရာတွေက ပြုပြင်

ပေးသည်။ ဖေးမ ပေးသည်။ စာအုပ်ထုတ်ဖို့ကျတော့လည်း စီးပွားတောင့်တင်းသောတိုက်ကြီးက အချစ်ဝတ္ထုသာရေး၊ ထူလေကောင်းလေ၊ စာမူခအဖြစ် တိုက်ခန်းတစ်ခန်း ကြိုယူထားပါ... ဆိုတော့ ကျွန်မ၏ စာပေလမ်းကား နိုင်လွန်ကတ္တရာကြီးပါပဲ။

သူက "မိုးခါးရေတောင် ခန်းခြောက်လုပြီ" ဆိုသော ကဗျာကိုလည်း ရွတ်သေးသည်။ သူ့ကို ကျွန်မချစ်တာ အဲဒါပါ။ သူက လူတကာ မတွေးတာမျိုး တွေးတတ်သည်။ ကြည့်လေ၊ အများ မိုးခါးရေသောက်တယ်ဆိုသော စကားကို မိုးခါးရေတောင် ခန်းခြောက်လုပြီ ဟု ဆိုလိုက်သည်။ သောက်ကြလွန်းလို့။ အများစုကြီး မှားကြလွန်းလို့ပေါ့။ သူကမူ မိုးခါးရေသောက်ဖို့ ဝေးစွ။

"ခင်ဗျားတို့၊ ကျုပ်တို့လက်ထဲက ပေတံတွေကို ရိုက်ချိုးဖို့ လိုတယ်" ဟု ကြွေးကြော်နေလေသည်။

- *"အပင်မစိုက်ဘဲ အသီးစားချင်တဲ့သူ*
- *သီလမပါဘဲ နိဗ္ဗာန်ရောက်ချင်တဲ့သူ*
- *အသားတိုးဖို့ အစာကျွေးတဲ့သူ..."*

*သူ့ရင်ထဲက ဒေါသတွေလေ။*

- *"တွင်းရေမသုံးဘဲ*

*ဈေးကြီးတဲ့ ရေသန့်တွေ ဝယ်နေတဲ့ကြားက*
*အမည်စုံရောဂါတွေ ထကြွနေကြတာ*
*ခင်ဗျားတို့လည်း သိပြီးရောပေါ့။*

- ရယ်ဒီမိတ်တီရှပ်
ရယ်ဒီမိတ်ဘောင်းဘီ
ရယ်ဒီမိတ်ပုဆိုး
ရယ်ဒီမိတ်ဂီတတွေကြားက
ရယ်ဒီမိတ်လူသားတစ်ဦးအတွက်
ရယ်ဒီမိတ်ရောဂါတွေ ကုစားဖို့
ရယ်ဒီ မဖြစ်သေးဘူးလေ။ ။"

သူ့ဆန္ဒတွေ၊ သူ့ရင်ဘတ်ထဲက မကျေချမ်းမှုတွေလေ။

- ကမ္ဘာကြီးလုံးတာ ပြားတာကို
အငြင်းပွားဖို့အတွက်
ကျုပ်မှာ ဆန္ဒမရှိဘူး။

- ကောသလမင်း အိပ်မက်တွေဟာ
မှန်သလား၊ မှားသလား၊
ကျုပ် မဆုံးဖြတ်တတ်ဘူး။

- လင်ခရုစာကားနဲ့ မတ်တူးကား
ဘယ်ကားက ပိုစီးလို့ကောင်းတဲ့အကြောင်း
ကျုပ် မပြောတတ်ဘူး။

- ဒီကနေ့...
ဘယ်ဂျာနယ် ဘယ်မဂ္ဂဇင်းမှာ
ကျုပ်စာမူပါမလဲ
စာမူခ ဘယ်လောက်တိုးမလဲ
မျှော်လင့်ချက်နဲ့ ရှင်သန်နေတယ်။

ရွှေစာပေ

*-ရတာမလို၊ လိုတာမရ၊*
*ကျူပ်ဘဝမှာ အလွဲကြီးလွဲခဲ့ရတာ၊*
*အနှစ်လေးဆယ်ကြာခဲ့ပြီ။"*

* * *

"တိုင်းပြည်ကို ဖျက်ဆီးနေတဲ့ မှိုင်းကြီးသုံးမှိုင်း ရှိတယ်။ နိုင်ငံရေးမှိုင်း၊ ဘာသာရေးမှိုင်းနဲ့ စာပေမှိုင်းပဲ။ စာပေမှာ လူငယ်တွေကို ဖျက်ဆီးနေတာ အချစ်ဝတ္ထုတွေ၊ အချစ်နဲ့ မှိုင်းတိုက်တာ"

သူသည် မျက်လုံးကြီးများ နီရဲလာသည်အထိ ခံစားချက် ပြင်းနေသည်။ ကျွန်မက စစ်အေးခံစစ်မျှသာ သူ့ကို တုံ့ပြန်ဖို့ ဆုံးဖြတ်ထားရ၏။

"မမရေးတဲ့ အချစ်ဝတ္ထုက အဲဒီမှိုင်းထဲ ပါလို့လား"

သူ မျက်နှာလွှဲသည်။

"ကိုယ့်ဟာကိုယ် စဉ်းစားပေါ့"

"နို့... အရင်ကတော့ မမ စကားလုံးတွေက လှတယ်ဆို"

သူ ဖျတ်ခနဲ လက်ဖျစ်တွက်သည်။

"လှတယ်။ အခုလည်း လှတယ်။ လှလို့ ထိတာပေါ့။ လှလှလေးနဲ့ လူငယ်တွေကို ပျက်စီးစေတယ်၊ အဲဒီအထဲမှာ မမကို မပါစေချင်ဘူး၊ အလှတရားကို တိုက်ကျွေးရင်းနဲ့ အကျိုးတရားကိုပါ ပေးနိုင်မှ တာဝန်ကျေမှာပေါ့"

ကျွန်မတို့နှစ်ယောက်ကြားတွင် ကွာဟမှု တောင်ကြား

သည် တဖြည်းဖြည်းနှင့် နက်ရှိုင်းလာခဲ့ပြီ။ သည်တောင်ကြား ကို ကရဏာ ကျောက်တုံးများဖြင့် ဖြည့်ဖို့ ကြိုးစားပါ သည်။ သို့သော် ရာသီဥတုက ကြမ်းလာသည်။ တောင်ကြား သို့ မိုးရေများ တရကြမ်းဝင်စီး တိုက်စားနေကြသည်။ တောင် ကြားသည် ပို၍ပင် နက်ရှိုင်းသွားခဲ့လေပြီ။

တစ်ခုတော့ ရှိသည်။

ထူးထူးဆန်းဆန်း၊ သဘာဝမကျသော စာပေများကို ဆန့်ကျင်ရာ၌ကား သူနှင့်ကျွန်မ သဘောတူပါသည်။ စာပေ ရသကိုးပါးထဲတွင် ဂမ္ဘီရ ရသဟူသော နက်နဲဆန်းပြားသည့် အရသာဆိုတာ ပါနေတာ မှန်၏။ သို့သော် ဦးနှောက်ငယ်နု သော ကလေးများအတွက် ထိုစာပေများသည် ပိုးစားလောက် ကိုက် ဦးနှောက်များဘဝသို့ တွန်းပို့နေတာလည်း အမှန်ပင်။

"အဲဒီစာတွေကို ဆန့်ကျင်ပစ်ရမယ်"

သူက လက်မထောင်ပြီး ကြွေးကြော်၏။ သို့သော် ခါချဉ်ကောင်သည် မြင့်မိုရ်တောင်ကို ဘယ်လိုလုပ် ဖြိုနိုင်မှာလဲ။

"ဟောပြောပွဲတွေ များများလုပ်ရမယ်၊ လူငယ်တွေ ကို မှိုင်းတိုက်နေတဲ့ စာပေတွေကို ဖော်ထုတ်ရမယ်။ ဒီကနေ့ အချိုမှုန့်အန္တရာယ် ရှိတယ်လို့ သတိပေးနေသလို ဂမ္ဘီရစာတွေ အန္တရာယ်ရှိတယ်ဆိုတာ အသိပေးရမယ်၊ စာဖတ်သူတွေထဲ မှာ ဒါကို မသိတဲ့လူတွေ သိအောင်လုပ်ရမယ်"

"မောပါတယ် သူရယ်၊ တကယ်တော့ ဒီစာပေမျိုးက ခေတ်အဆက်ဆက်မှာ ထွန်းကားခဲ့တာပဲ၊ မြန်မာစာရေးဆရာမ ကြီး ဒဂုန်ခင်ခင်လေးတောင် သူ့ရဲ့ "နှစ်ပေါင်း ၆၀" ထဲမှာ

ဝန်ခံထားတာပဲ။ မှော်ဆရာမှတ်တမ်းဆိုပြီး ကိုကိုလေးနာမည်နဲ့ သူ ဘာ့ကြောင့်ရေးသလဲ။ မူလနာမည် ဒဂုန်ခင်ခင်လေးနဲ့ ဘာကြောင့် မရေးသလဲ။ ရှင်းပါတယ်။ မှော်ဆရာမှတ်တမ်းကို ဒဂုန်ခင်ခင်လေးတံဆိပ် မတပ်ချင်လို့ပေါ့။ ပိုက်ဆံရလို့ တမင်မရှိတာတွေကို စိတ်ကူးယဉ်ပြီး ရေးရတာတဲ့။ ဒါအတွက် သူ ဂုဏ်မယူဘူး။ ခက်တာက ဒဂုန်ခင်ခင်လေးကသာ တံဆိပ် အတပ်မခံနိုင်တာ။ မသေခင်က ဂျပန်မှာ စာပေဆုရခဲ့တဲ့ စာအုပ်က ဂမ္ဘီရပဲတဲ့။ မမတို့ ဘာတတ်နိုင်မှာတုံးကွယ်"

ကျွန်မက ရွှေပြည်အေးတရားပဲ ဟောရပါသည်။

သည်လို ရွှေပြည်အေးတရားကို လက်စွဲမထားနိုင်လျှင် စိတ်မောရုံပဲ ရှိမည်။ စီးပွားရေးသမားတွေ ဝက်အသားတိုးဆေး ဖော်တာကို အာဏာရှိသူမှပဲ တားနိုင်မှာကိုး။

"အိမ်စောင့်အစိုးရလက်ထက်တုန်းကတော့ စုန်းတစ္ဆေ မှော်ဝတ္ထုတွေ ပိတ်ခဲ့သေးတယ်လို့ ကြားဖူးတယ်၊ အဲဒါကောင်းတာပေါ့၊ ဒါမျိုးက အာဏာနဲ့ မူဝါဒချပြီး လုပ်မှရမှာ"

"ကျွန်တော့်မှာ ပါဝါရှိချင်စမ်းလှတယ်"

သူ့အပြောမှာ ကျွန်မတို့ ပြိုင်တူရယ်ပစ်ခဲ့ကြပါသည်။

"အဲဒါတွေထက် ဆိုးတာက 'လူလေး' ကိစ္စပဲ"

ကျွန်မက စကားလမ်းကြောင်းလွှဲလိုက်ပါသည်။ ကျွန်မတို့ နှစ်ယောက်လုံးနှင့် မိတ်ဆွေဖြစ်သော လူလေးဆိုသူမှာ လက်ညှိုးအမာ ရွတ်တက်နေသူတည်း။

'ဒီမှာကြည့်ပါဦး အစ်မရယ်၊ ကျွန်တော့်လက်ညှိုးမှာ အမာရွတ်ကြီးက တောင်တန်းလိုဖြစ်တော့မယ်။ တစ်လမှာ

လုံးချင်းနှစ်အုပ် ရေးရတယ်။ တစ်အုပ်က ကျွန်တော့်နာမည် လူလေးအတွက်။ နောက်တစ်အုပ်ကတော့ စာပေတိုက်က ကြိုက်တဲ့နာမည်တပ်ဖို့ပေါ့။ နှစ်ခုလုံးကို လက်ရာသိပ်မညံ့စေနဲ့တဲ့။ ပေးထားတဲ့ငွေကလည်း ငြင်းနိုင်ဖွယ် မရှိဘူးလေ။ တိုက်ခန်းငှားနိုင်တယ်၊ တောကမိသားစုကို ထောက်ပံ့နိုင်တယ်။ ပြီးတော့ ခုလို ကြိုက်တဲ့ စီးကရက်လည်း မပူမပင် သောက်ရတယ်ပေါ့၊ ဟား... ဟား"

"အေးကွယ်၊ ဆိုးချက်ကလည်း သူက တစ်နှစ် ၂၄ အုပ် ရေးပေးရမယ်။ စာချုပ်သက်တမ်းက ၅ နှစ်တဲ့..."

"၅ နှစ် မပြည့်ခင် သေမှာပဲ"

ကျွန်မတို့သည် ကိုယ့်ပြဿနာနှင့် မဆိုင်သောကိစ္စတွေအတွက်လည်း အချိန်များစွာ အကုန်ခံ စဉ်းစားခဲ့ကြသည်။ ကျွန်မတို့ ရှေ့ရှိ နွားနို့ဖန်ခွက်များ အေးခဲသွားသည်။ တစ်ငုံမျှ မသောက်ဖြစ်ခဲ့။

* * *

"ကျွန်တော် အပြင်ထွက်တော့မယ်"

သူ့ထံမှ ဤစကားကြားလိုက်ရသောအခါ ဆူးလေဘုရားလမ်းမကြီးပေါ်မှ ကားတန်းများ မြောက်တက်သွားသည်ဟု ခံစားလိုက်ရသည်။ လောကသည် အစီအစဉ်မကျစွာ တစ်စစီကွဲထွက်သွားကြ၏။ ကားသံတွေပင် အဝီစိပွက်သံအလား ကျယ်လောင်သွားခဲ့သည်။

"သူ ဆုံးဖြတ်ပြီးပြီလား"

ထိတ်လန့်စွာ ကျွန်မ မေးရသည်။

မဆုံးဖြတ်သေးပါစေနဲ့ဟုလည်း ဆန္ဒဖြစ်ပေါ်သည်။ ဆုံးဖြတ်ပြီးပြီဆိုလျှင်တော့ သူ့ကို တားရှရတော့မည် မဟုတ်တာ သေချာပါသည်။

သူက ချက်ချင်း စကားမပြန်ပေ။

ညနေချမ်း၏ မီးရောင်များကို မမိုတ်မသုန် ကြည့်နေသည်။

ရောင်စုံမီးလုံးများ ပြေးလွှားနေသော 'ဘုတ်ကြီး' များကို အစီပွာယ်မဲ့စွာ ငေးနေသည်။ သည်မြို့လယ်မှာ သည်ကြော်ငြာဘုတ်ကြီးများကို မမြင်ဖူးသော အရာများပမာ သူ ငေးနေတတ်သည်။

"တခြား အဖြေမရှိဘူး"

သူ တုံးတိတိ ဖြေ၏။

သူ့အဖြေက တိုတောင်းသော်လည်း အဓိပ္ပာယ်ကို အပြည့်အဝ ကျွန်မ နားလည်ပါသည်။ သူ လုပ်ချင်တာတွေ အားလုံးလုပ်နိုင်ဖို့ သူ ဆုံးဖြတ်လိုက်ပြီ။

"မမ တစ်ပါတည်းလိုက်မလား"

ကောင်းကင်မှ လမင်းတစ်စင်း ပြုတ်ကျသွားသလား ထင်ရ၏။ မမတစ်ပါတည်းလိုက်မလားတဲ့။ ကျွန်မ ဘယ်လိုလုပ် လိုက်နိုင်ပါ့မလဲ။ ကျွန်မ သူ့ကို မော့မကြည့်ရဲချေ။

မော့ကြည့်လျှင် မှုန်နေသော သူ့မျက်လုံးများကို ရင်ဆိုင်ရလိမ့်မည်။ သည်မျက်လုံးများ၏ဒဏ်ကို ကျွန်မ ခံနိုင်မည် မဟုတ်။

သူက စိတ်ဆိုးလျှင်လည်း ဟန်မဆောင်တတ်။ ချော့ချို့ လည်း မပြောတတ်။ သူ့အရှိန်နှင့်သူ စိတ်ဆိုးနေခြင်းကို ငြိမ်ပြီး ခံခြင်းသာ အကောင်းဆုံး။

၄၅ ဘတ်စ်ကားတွေ ထွက်ဖို့ အချက်ပြဝီစီမှုတ်သံ တွေ ကြားသည်။ တစ်စီးပြီးတစ်စီး ထွက်ခွာနေကြသည်။ ကျွန်မတို့ကား စကားမပြောဖြစ်သေး။ ရင်ထဲမှာသာ ကျပ်ခံ နေကြ၏။ တကယ်တော့ ယနေ့ လူငယ်၊ လူလတ်များ ပြည်ပ ထွက် အလုပ်လုပ်နေကြခြင်းကို ကျွန်မ မနှစ်မြို့တာ သူ သိသိကြီး ဖြစ်သည်။ For Good ခေါ် အပြီးသွားခြင်းကို ဆိုလျှင် ကျွန်မဘယ်တော့မှ ခွင့်မလွှတ်။ အခြေအနေကောင်း တော့မှ ပြန်လာမယ်ဆိုသူများကိုကား အမုန်းဆုံးပါပဲ။ ဒုက္ခ ခံတော့ ရှောင်နေမယ်၊ သုခစံစားရတော့မယ်ဆိုမှ လာပြီး စံစားမယ်ဆိုတာ သစ္စာမရှိသူတွေဟု ကျွန်မ ခပ်ကြမ်းကြမ်း ရှုတ်ချခဲ့ပြီးပြီ။

ဘယ်လိုအနေအထားမှာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့် လူမျိုးတွေနှင့်ပဲ ဒိုးတူပေါင်ဖက် ရန်းချင်တာက ကျွန်မဆန္ဒ ပါ။ တတ်နိုင်သမျှ စိတ်သက်သာမှုပေးဖို့ ကျွန်မ ဝတ္ထုတွေ ရေးနေတာပါ။ ကျွန်မဝတ္ထု နုနုလှလှလေးတွေ ဖတ်ဆဲလူတွေ ပျော်ရွှင်ကြပါစေ။ လူ့ဘဝမှာ စိတ်ပျော်ဖို့ထက် ပိုကောင်း တာ ဘာရှိလို့လဲ။ ညည်းညူအော်ဟစ်နေခြင်းထက် ကြံ့ခိုင် ခုခံတာက ပိုမကောင်းဘူးလား။ ထို့ကြောင့်ပင် ကျွန်မဇာတ် ကောင်များကို ချမ်းသာပျော်ရွှင်သော လူငယ်များအဖြစ် ကျွန်မ ဖောင်းပေး ဖန်တီးခဲ့ခြင်းဖြစ်၏။ ဘဝဆိုတာ ကိုယ်ဖြစ်ချင်

တိုင်းဖြစ်တာမှ မဟုတ်တာဘဲ။ ဖြစ်သမျှ ရောင့်ရဲတင်းတိမ်ရမည်။ ကိုယ့်အိမ်မှာ မသာယာလို့ဆိုပြီး တခြားအိမ်ပြောင်းခြင်းကို ကျွန်မ မနှစ်သက်။ ကိုယ့်ခြံကိုယ့်ဝင်း သာယာလင်းလက်ဖို့ ရှင်းရမှာက ကိုယ့်တာဝန်ပဲ။

"မမက ဆေးစက်ကျရာ အရုပ်ထင်နေတော့ နေပျော်တာပေါ့၊ ကျွန်တော်က မမထဘီနား ခိုစားလို့ မဖြစ်ဘူး"

သူ တိုးတိုးပြောသည်။

"မဟုတ်သေးပါဘူးကွယ်"

ကျွန်မ အသာအယာပြောရင်း သူ့လက်ကို လှမ်းကိုင်သည်။ သူ့လက်ဖျံတွေမှာ ချွေးစေးတွေနဲ့ အေးစက်လို့ပါလား။ သည်လက်တွေကို ကျွန်မ နှစ်အတော်ကြာ အားပြုခိုတွဲခဲ့ဖူးသည်။ သည်လက်တွေက ကျွန်မလက်တွေကို ကြင်နာစွာ ဖေးမခဲ့ဖူးသည်။ သည်လက်တွေကို ကျွန်မအားကိုးသည်။ တွယ်တာသည်။ မြတ်နိုးသည်။ မခွဲချင်ပါ။ မခွဲနိုင်ပါ။ ထာဝရတွဲထားပါရစေ။ သူ့နောက်လိုက်သွားလျှင်တော့ သည်လက်တွေနှင့် ခွဲဖို့ မလိုတော့။

သို့သော်...

ကျွန်မမှာလည်း ခိုင်မာသော သဘောထားရှိပြီးသား။

ကျွန်မတိုင်းပြည်အတွက် ကျွန်မကလောင်လေးဖြင့် တတ်နိုင်သလောက် တာဝန်ထမ်းမည်။ တစ်နေ့မှာ ထမင်း ၂ နပ်အပြင် ၃ နပ် အလွန်ဆုံးပေါ့။ ကားအကောင်းစားလည်း ဘာလုပ်ဖို့လဲ။ ဂျာမနီလုပ် ဖောက်စ်ဝက်ဂင်လေးသည် တစ်နာရီကီလို ၆၀ ကို ကောင်းကောင်းပြေးနေဆဲ။ ကျွန်မ ကျင်လည်

သော ရန်ကုန်တိုင်း ၃၉ မြို့နယ်လုံးကို သည်ကားလေးက ပို့ဆောင်နိုင်နေဆဲပဲ။ သိန်းထောင်ချီ၍ ပေးရသော ဘော်ဒီကြီးကြီး ကားကြီးတွေကို ကျွန်မ မလိုချင်ပါ။ ဟိုမှာလည်း ငါ့ခြံ၊ ဒီမှာလည်း ငါ့တိုက်ဆိုပြီး လောဘနှင့် လိုက်စောင့်ရှောက်နေရသော ပိုင်ဆိုင်မှုတွေကိုလည်း ကျွန်မ မလိုချင်ပါ။ ပေ ၂၀ × ၄၀ တိုက်ခန်းလေးသည် အမြင့်ပေ ၇၀ မှာ ရှိသဖြင့် လောကကို အပေါ်စီးမှ မြင်ခွင့်ရနေပြီ။ တော်ရောပေါ့ကွယ်။

သူက ဒါတွေအတွက် မဟုတ်ဟု ဆိုသည်။

"ကိုယ့်လူမျိုးတွေ ဖတ်စေချင်တဲ့စာမျိုး သူများတွေက မထုတ်ပေးချင်ကြဘူး၊ ဒီတော့ ကိုယ့်ဘာသာ အရှုံးခံထုတ်ရမှာပဲ၊ အဲဒီ 'အရှုံး'ကို ခံနိုင်ဖို့ ငွေသွားရှာမယ်"

သူက စကားလက်စသတ်ပြီး လွယ်အိတ်ကို ကောက်ကိုင်သည်။

ကျွန်မက နာရီကို ကြည့်၏။

ည ၈ နာရီ မထိုးသေး။

ခါတိုင်း ၈း၁၅ မှ ပြန်ကြမြဲပါ။

သူ့ကို ကျွန်မ မော့ကြည့်ပြီး စားပွဲပေါ်မှာ ကားသော့ကို ယူကာ သူ့ကို ခါတိုင်းလိုပင် လှမ်းပေး၏။

"ဟင့်အင်း ကိုယ်ပိုင်သော့ရှိမှ မောင်းတော့မယ်"

သူ နေရာမှ ထသွားသည်။

ဘုရား ဘုရား သူ့ကို ဘယ်လို ချော့ရပါ့မလဲ။

* * *

အနော်ရထာလမ်းသည် ကျွန်မမျက်စိထဲတွင် အကျည်းတန်နေသည်။ လူတွေက ဘာအရင်လိုနေမှန်းမသိ။ တစ်ယောက်မှ အေးအေးသက်သာမရှိ။ တစ်ယောက်ကို တစ်ယောက်တွန်းထိုးတော့ မတတ်သွားနေကြ၏။ ဈေးသည်တွေကလည်း လမ်းသွားလမ်းလာများကို လက်ဆွဲခေါ်တော့မလိုခေါ်နေကြသည်။ ဝယ်ချင်မှန်းမသိ။ မဝယ်ချင်မှန်းမသိ။ အစ်မအစ်မဟု ခေါ်တော့ အသိမှတ်ပြီး လှည့်ကြည့်မိသည်။ ဒါလေးဝယ်သွားဦးလေတဲ့။ အတော်အနှောင့်အယှက် ဖြစ်ရသည်။ လူတွေဟာ ကိုယ်လိုချင်တာပဲ စဉ်းစားနေကြသလား။

မြို့လယ်မှာနေလို့ကတော့ စိတ်ပျော်ရွှင်စရာ အချစ်ဇာတ်အိမ်တစ်ခု ဖွဲ့စည်းဖို့ အဝေးကြီးပါပဲ။

ဒီလ ဝတ္ထု မစနိုင်သေး။

သူက တစ်မှောင့် ဖြစ်နေသည်။

ငွေဆောင်ဖြစ်ဖြစ်၊ ပင်လယ်ကမ်းခြေတစ်နေရာကို အပန်းဖြေခရီး ထွက်ဖို့ စကားစဖြစ်ပါသေးသည်။ သူက ငွေဆောင်သွားရအောင် ငွေမှမပေါဘဲဟု စကားနာထိုးသည်။ ကျွန်မက အချစ်ဝတ္ထုအပျော် အပြက်တွေရေးပြီး ငွေပေါနေတာဟု ငေါ့တော့တော့ ပြောချင်ပုံပါပဲ။ တဖြည်းဖြည်းနှင့် သူ့ကို စကားပြောဖို့ ကျွန်မ စိုးရိမ်လာရပြီ။ အချစ်မှာ အပြစ်မရှိဟု ကျွန်မ သိအိုရီထုတ်ခဲ့ဖူး၏။ သူက ကျွန်မကို အပြစ်မြင်နေပြီဆိုတော့ သူ ကျွန်မကို မချစ်တော့တာလား။

မှိုင်းရိပ်ဝေသော သူ့မျက်ဝန်းများထဲတွင် ကျွန်မကို 'မြတ်နိုး' ပါသည်ဆိုသော အရိပ်တွေကို ကျွန်မ ရှာကြည့်

သည်။ မြတ်နိုးငွေ့များ တွေ့ရမည့်အစား ဒေါသခိုးတွေကို မြင်ရသည်။ ဒါပေမဲ့ သူ ဒေါသ ဖြစ်နေသူသည် ကျွန်မ ကေရီနှင်း မဟုတ်မှန်းတော့ သေချာပါသည်။ ခက်တာက သူ့ဒေါသတွေကို ကျွန်မ ပြေလျော့အောင် မလုပ်နိုင်ခြင်းပါ။

"ပတ်စပို့ တင်ပြီးပြီ"

ညနေမှာ သူပြောသည်။

"တကယ်ထွက်တော့မယ်လား"

ကျွန်မ မေးချင်သော်လည်း မမေးပါ။

ခေါင်းငုံ့၍သာ နေမိသည်။ မော့ကြည့်တော့ သူလည်း ကျွန်မကို မကြည့်။

သူ့ဆံပင်တွေ ဖွာနေသည်။

သူ့နဖူးက ပြောင်နေသည်။

နေပူထဲ သွားလွန်း၍ နေလောင်ဒဏ်တွေ နဖူးမှာ၊ ပါးပြင်တွေမှာ မည်းညစ်နေသည်။ နှုတ်ခမ်းအပေါ်နှင့် မေးရိုးမှာတော့ မရိတ်မသင်သော နှုတ်ခမ်းမွေးတွေနှင့်။ သူ တကယ်ပင် စိတ်လေနေပြီ။ သူ့ကိုယ် သူလည်း မပြုပြင်တော့။

"အလုပ်ထွက်စာ တင်လိုက်ပြီလား"

သည်တစ်ခု စိုးရိမ်စွာ မေးဖြစ်၏။

"တစ်လမှ တစ်သိန်းမပြည့်တဲ့ ကုမ္ပဏီဝန်ထမ်းဘဝမှာ ကျွန်တော်လုပ်ချင်တာတွေလုပ်ဖို့ ငွေစုနိုင်မှာ မဟုတ်ဘူး။ ကျွန်တော် ကုမ္ပဏီဝန်ထမ်း မလုပ်တော့ဘူး၊ ကုမ္ပဏီပိုင်ရှင်ပဲ လုပ်တော့မယ်"

သူ့ကို တားမရတော့မှန်း ကျွန်မ နားလည်ပါသည်။

ကျွန်မ လုပ်နိုင်တာက သူ့နောက်လိုက်ဖို့။ သို့သော်... စိတ်ကူးထဲမှာပင် ခေါင်းယမ်းနေမိ၏။

ကျွန်မအလုပ်က ပြည်တွင်းမှာသာ ရှိတာလေ။ အပြင်သွားပြီး ဝါသနာမပါတာတွေလုပ်ပြီး ငွေထုပ်ပိုက်ပြန်လာသောအခါ ကျွန်မစာဖတ်ပရိသတ်က ကျွန်မကို လက်ခံနိုင်ကြပါဦးမလား... ။ စာဖတ်ပရိသတ်က လက်မခံတော့ဘူးဆိုမှဖြင့် ကျွန်မဘဝသေပြီပေါ့။ ကျွန်မသည် ငွေကို စားနေသူမဟုတ်တာ သေချာသည်။ ကျွန်မစားနေသော အာဟာရကားမိမိကိုယ်မိမိ ကျေနပ်မှု။

ကျွန်မရေးသမျှ သဘောကျနှစ်ခြိုက်ပြီး အီးမေးလ်တွေလာနေသမျှ ကျွန်မရှင်သန်နေမှာဖြစ်သည်။ အပြင်သွားလိုက်ပြီးလျှင်တော့ လပိုင်းအတွင်းမှာပင် ဧကရီနှင်းကို စာဖတ်သူများက မေ့သွားကြမှာပါ။ အသစ်အသစ် ဝတ္ထုသမားတွေ လာနေကြသည်။ သူတို့အတွက် ကျွန်မ နေရာဖယ်ပေးရမှာလား။ ဒါမဖြစ်နိုင်ဘူး။ ကျွန်မ နေရာလေးကို ကျွန်မခွန်အားရှိသမျှ ကုပ်တွယ်ထားရမယ်။

တကယ်ဆို သည်နေရာရဖို့ ကျွန်မ ဘယ်လောက်ကြိုးစားခဲ့ရသလဲ။ ကျွန်မသာ အသိဆုံးဖြစ်သည်။

"၅ အုပ် အလကားရေးပေး။ ၅ အုပ်ပြီးရင် စပြီးပိုက်ဆံပေးမယ်၊ ၅၀,၀၀၀/ ပေါ့။ အုပ်ရေ ၃၀၀၀ ရိုက်ရတော့မှာ ရာနှုန်းနဲ့ပေးမယ်"

စာပေတိုက်ကြီး၏ အရှိန်အဝါက ကြီးလှသည်။

သည်ထိုင်ခုံမှာ ထိုင်နေရသည်ပင် သိမ်ငယ်လွန်းလှ၏။

စာပေတိုက်ပိုင်ရှင် အစ်မကြီး၏ စိန်ခြယ်နားကပ်ကြီးက မီးချောင်းအရောင်မှာ ပြိုးပြိုးပြက်ပြက် ရှိလေလေ၊ နားပေါက်ပိတ်နေသော နားရွက်ပိုင်ရှင် ကျွန်မမှာ အနေခက်လေလေ။

လစဉ် ပင်တိုင်စာရေးဆရာ ၆ ယောက်ဖြင့် 'ခိုင်' နေသော အစ်မကြီးသည် အသစ်ဖြစ်သော ကျွန်မကို ဤမျှ အချိန်ပေး ဆွေးနွေးတာကိုပင် ကျေးဇူးတင်နေရပါသည်။ နယ်မှာ ကျားကုတ်ကျားခဲ ရေးလာခဲ့သော လုံးချင်း ၄ အုပ်ကို ရှေ့မှာချရင်း ကျွန်မ စကားမပြောနိုင်ခဲ့။

ဘယ်အဆက်အသွယ်နှင့်မှ မစွံသေးသော ဤစာအုပ်များကို သည်နာမည်ကြီးတိုက်မှာ အလကားပဲ ပေးရစေတော့ဟု စဉ်းစားခဲ့ပြီးသားပါ။ ဒါတောင် တကယ်တမ်း လက်တွေ့ ၅ အုပ်ပြီးမှ ပိုက်ဆံ ပေးမယ်ဆိုသောအခါ နောက်ထပ်တစ်အုပ် ရေးရဦးမှာပါလားဟု အားငယ်ရသည်။ ကျွန်မက တစ်အုပ်ကိုတစ်လပြီးသူ မဟုတ်၊ အမြဲတေ ကြာပြီး အစောကြီး ဇာတ်ကွက်ဆင်သူ ဖြစ်သည်။

"နောက်ပိုင်းကျ ညီမ အဆင်ပြေသွားမှာပါ။ ဇာတ်လမ်းအခွေတွေ ပေးမယ်၊ သုံးလေးခွေကို ပေါင်းပြီး တစ်အုပ်လုပ်၊ ခပ်ကျဲကျဲစီရင် ဗလာစာအုပ်နဲ့ နှစ်အုပ်ပါပဲ။ လှဖို့ပဲ လိုတာပါ"

ကျွန်မ ခေါင်းညိတ်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် သူများတွေကို ရှဲဒိုးရေးပေးရတာနှင့်

စာလျှင် ကိုယ်က ကိုယ်ပိုင်နာမည်ရမှာမို့ ကံကောင်းသည်ဟု ဆိုနိုင်ပါရဲ့။ သည်လိုနှင့်...

အခုဆို ငါးနှစ်အတွင်း ခရီးပေါက်ခဲ့ပြီ။ စာပေတိုက်က တစ်အုပ် ၁ သိန်းပေးပြီး ဝယ်ထားသော 'ကလောင်မည်မပါ' စာမူတွေကို ကျွန်မလက်မခံခဲ့ပါ။ ဟင့်အင်း ဒီတစ်ခုတော့ ကျွန်မ သစ္စာရှိချင်သည်။ ကိုယ်မရေးသည့်စာကို ကိုယ့်နာမည် မတပ်နိုင်ပါ။ ကျွန်မ ကြိုးစားရေးမှာပေါ့။ သူပြောသလို နိုင်ငံအကျိုး မပြုနိုင်သော်လည်း လူငယ်စာဖတ်ပရိသတ်အပျင်းပြေရမည်၊ စိတ်ရွှင်လန်းရမည်၊ ပြီးတော့ လက်ရှိစောင်ရေခြောက်ထောင်ထက် မပိုတောင် လျော့မသွားဖို့ ကြိုးစားရပါမည်။

ဒါအတွက် ကျွန်မ ခရီးများများ ထွက်ရသည်။ ရုပ်ရှင်များများ ကြည့်ရသည်။ သီချင်းများများ နားထောင်ရသည်။ ပြီးတော့ အချစ်ဖြင့် ထုံမွှန်းရွှန်းစိုစေရသည်။ သူနှင့် နေ့စဉ်တွေ့ဖို့ လိုသည်။ ကျွန်မနှလုံးသားများ နုပျိုစိုလန်း အနှစ်ရည်ရွှန်းနေဖို့ လိုပါသည်။

ခုတော့လည်း နှလုံးသား စိုပြည်ဖို့နေနေသာသာ စကားလုံးချင်းပင် လမ်းမှာ ခလုတ်တိုက်နေကြသည်။ တစ်ခါတစ်ခါတော့ သူ့ကို အလျှော့ပေးချင်မိသည်။ သူ့အလိုကျ အပြင်ကို အတူသွား၊ ဟိုမှာ နေ့ညမနား ပိုက်ဆံရှာ။ ငွေထုပ်ပိုက်ပြန်လာတော့ နှစ်ယောက်ပိုင် စာပေတိုက်ကြီး ထူထောင်။ သူလည်း ရေးချင်တာရေး။ ကိုယ်လည်း ရေးချင်တာရေး။ အရင်းအနှီးများပြီဆိုတော့ ငွေက ငွေရှိရာငွေလာမှာပဲ။

သို့သော် ဒါက တွက်ရေးပဲ ရှိသည်။ တွက်ရေးကတော့ စက်သူဌေးပဲ။ တွက်ကြည့်တော့ စက်မရှိတော့ဘူး ဆိုသော သတိပေးစကားရှိသည်။ ရီဆက်ရှင်ဆိုသော ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြီးကြောင့် စက်မှုနိုင်ငံကြီးတွေ ယိုင်ဆင်း သွားကြသည်။ အလုပ်သမားတွေ ထောင်ချီပြီး လျှော့နေ သည်။ မြန်မာပြည် ပြန်လာကြသောလူတွေ နည်းနည်းနောနော မဟုတ်။ အလုပ်ခေါ်သော ပွဲစားတွေပင် ခြေငြိမ်နေကြသည်။ ဒီအနေအထားမှာမှ သူက သွားမည်ဆိုးဖြတ်လေတော့ ကျွန်မ က ဘယ်လိုယုံစားပြီး လိုက်ရဲပါ့မည်နည်း။

"ကျွန်တော် သိထားပြီးသားပါ။ မမဟာ မမရဲ့ အဆောက်အအုံကို ဘာနဲ့မှ အထိခိုက်မခံဘူးဆိုတာ သိတယ်။ မမ ကျွန်တော့်ကိုချစ်တာက အပျင်းပြေ အိမ်မှာမွေးထားတဲ့ ယုန်ကလေးတွေ၊ ကြောင်ကလေးတွေကို ချစ်သလိုမျိုးပဲ။ ထိပ်ပုတ်ခေါင်းပုတ်လိုက်၊ ကျောသပ် ခေါင်းသပ်လိုက်၊ ဘီစကစ် လေး ချကျွေးလိုက်၊ ဟား... ဟား"

သွားပြီ... ။

လှပစွာ တည်ဆောက်ခဲ့သော ပန်းအိမ်ကလေး... ။

လေပြင်းတစ်ချက်ဖေ့ကာ ရှိသေး။ အမိုးအကာတွေ လွင့်စဉ်။

တိုင်ခြေက မြေမှာ ဗုန်းဗုန်းလဲတော့မည် ထင်ရဲ့။

"အဲသလို မပြောပါနဲ့ သူရယ်။ မမ သူ့ကိုချစ်တာ ဘာမှလိုချင် စိတ်မပါဘဲ ချစ်တာပါ။ မမကပဲ အပ်နှင်းချင်

တယ်၊ ပေးဆပ်ချင်တယ်၊ သူ့ကိုမြင်နေရရင် ပျော်တယ်။ အဆုံးပြောရရင် မမကို လက်မထပ်လည်း ရတယ်"

"သိတယ်၊ သိတယ် လက်ထပ်လိုက်ရင် အချုပ်ကျမယ်၊ ခုလိုဆိုတော့ အရုပ်တစ်ရုပ်လို"

"အဲဒါ မဟုတ်ဘူး၊ မဟုတ်ဘူး"

"ဟား ဟား ဟား"

သူ အော်ပြီး ရယ်နေသည်။

ကျွန်မက မျက်ရည်ဖြိုင်ဖြိုင်ကျလျက်။

ဒါတွေ ကျွန်မ ကြုံပြီးတွေးခဲ့သဖြင့် သူ ဖွင့်ပြောသည့်နေ့မှာကတည်းက မျက်ရည်ကျခဲ့တာလေ။ ခုတော့ နိဒါန်းမှာ မျက်ရည်စတွေနှင့်။ နိဂုံးမှာလည်း-

"မမတို့ နိဂုံးရောက်ပြီလား"

မမေးရဲသော မေးခွန်းတစ်ခုက ရင်ဝမှာ ဆို့နေသည်။

"ယုံကြည်ချက်မပါတဲ့ စာတွေကို စာလုံးပေါင်း သိန်းချီပြီး ရေးနေတော့ အဲဒီလက်က ဘာဖြစ်လာမှာလဲ"

သူ ကျွန်မကို တိုက်ခိုက်ပြီ။

ကျွန်မက မပြုံးမရယ်ဘဲ-

"တိုင်းပြည်အကျိုးပြု စာတွေရေးပြီး ဆင်းရဲနေတာ ဂုဏ် မဟုတ်ဘူး၊ စာရေးဖို့ ဆန်ဖိုးတော့ လိုတယ်"

"အကျိုးပြုစာတွေပဲ စဉ်ဆက်မပြတ်ရေးပြီး တိုက်ဆောက်ခဲ့တဲ့ စာရေးဆရာ မရှိလို့လား"

"လက်တစ်ဖက်စာတောင် ရေတွက်လို့ မရဘူး"

"အဲဒီအထဲ ကျွန်တော် ပါချင်တယ်"

"တဖြည်းဖြည်း ကြိုးစားယူရမှာပေါ့"

"နောက်မှ ဘွာခတ်လို့ မရဘူးလေ၊ စာအုပ်ဆိုတာ စက္ကူပဲ ဆွေးမယ်၊ ဘာရေးခဲ့သလဲဆိုတာ စာဖတ်ပရိသတ်က မှတ်ထားတာပဲ၊ ငယ်ငယ်က ပိုက်ဆံလိုချင်လို့ ရေးရတာပါဆိုတဲ့ ဆင်ခြေနဲ့ စာပေခဝါချလို့ မရဘူး"

တော်လောက်ပြီ ထင်သည်။

ကျွန်မ လက်ကိုင်အိတ်ကို ကောက်ကိုင်လိုက်၏။

ကျွန်မ မှားသွားပြီ။

သူသည် တယ်လီဖုန်းစကားပြောလျှင်ပင် ကျွန်မက အရင်ချသွားတာကို သဘောမကျသူဘဲ။ နှစ်ယောက်အတူ "ဘိုင့်ဘိုင်" ဆိုပြီးမှ ဖုန်းကို ပြိုင်တူချရသည်။ ယခု လက်ကိုင်အိတ်ကို သိမ်းမိသော ကျွန်မက သူ့ကို စကားစဖြတ်ခြင်းဟု သူ သဘောပေါက်သည်။

"သွားပေါ့" ဟု တုံးတိဆို၏။

သူ စီးကရက်ဘူးဖွင့်သည်။

ဂက်စ်မီးခြစ်ကို ခြစ်သည်။

မီးစက ထွက်မလာချေ။

ဂက်စ် ရှိ၊ မရှိ ထောင်ကြည့်၏။

ပြီးတော့ မီးခြစ်ကို လမ်းဘေးအမှိုက်ပုံးဆီ လွှင့်ပစ်လိုက်သည်။

ထိုညနေတွင်...

အနော်ရထာလမ်း၌ လ မသာပါ။

* * *

"ကိုသစ်နိုင်"

"ဗျာ... အစ်မ"

"သူ့ကို လိုက်ရှာချင်လို့၊ အစ်မနဲ့ အဖော်လိုက်ပေးပါ"

"ဟောဗျာ... ဘယ်လိုဖြစ်ကြတာတုံး"

ကိုသစ်နိုင်က သူ့သူငယ်ချင်း ဖြစ်သည်။ သူ့လိုပင် ကဗျာဆရာဖြစ်သည်။ သူနှင့်တော့ စရိုက်ချင်း မတူပေ။ သူက အရက်မသောက်။ ကိုသစ်နိုင်က အချိန်မရွေး အရက်သောက်သည်။ သူက ဝုန်းဒိုင်းကြဲတတ်သည်။ ကိုသစ်နိုင်ကား ငြိမ်သက်၏။ သည်လို မတူသောနှစ်ဦးသည် ကဗျာကို ဖက်တွယ်ရာ၌ တူညီသဖြင့် ပေါင်းမိကြသည်။

"သူ အစ်မဆီမလာတာ ၂ ပတ်တောင်ရှိပြီ"

ကျွန်မက အသံတိမ်တိမ်ဖြင့် ပြောမိ၏။

ကိုသစ်နိုင်က နီရဲသောမျက်နှာကို ရှုံ့ပစ်ရင်း-

"၂ ပတ်တောင် ဟုတ်လား"

"အင်း... "

"စကားများထားလို့လား၊ သူ အစ်မကို ချစ်ပါတယ်"

"အချစ်ဆိုတာ အတ္တနဲ့တွေ့ရင် ပျက်ပြယ်တတ်တာပဲလေ"

ကိုသစ်နိုင်က ရယ်သည်။ အိတ်ထဲက ရှဘီစီးကရက်ဘူးကို ထုတ်သည်။

သူတို့ သူငယ်ချင်းနှစ်ယောက်သည် ရှဘီစီးကရက် ကြိုက်တာချင်းတော့ တူကြ၏။

"အစ်မ သူ့ကို ဖုန်းမဆက်ဘူးလား"

"သူ... ဖုန်းပိတ်ထားတယ်"

"ဟုတ်လား၊ ကျွန်တော်နဲ့တော့ တွေ့ပါတယ်။ သူ ရုံးတက်နေသားပဲ"

"အဲဒါကြောင့် ကိုသစ်နိုင် အဖော်လိုက်ပေးပါလို့ ပြောတာ"

သူတို့ နှစ်ယောက်က အလုပ်လုပ်သော ကုမ္ပဏီလည်း တူသည်။

"နေစမ်းပါဦး၊ သူက အစ်မကို ဘာတွေ မတူတာ တွေ့လို့လဲ" ကိုသစ်နိုင်က စီးကရက်မီးခိုးတွေ မှုတ်ထုတ် နေသည်။

မေ့းတေးတေး သူ့မျက်လုံးတွေ ပိုပြီး မှေးသွားကြ သည်။

သူ့လည်ပင်းကြောများ ထောင်ထလာကြသည်။

ကျွန်မက ဘာမျှအသေးစိတ်မပြောချင်တော့။ ကိုယ့် အချင်းချင်းကိစ္စ ဘေးလူကို အကူအညီတောင်းရတာပင် လွန် နေပြီ။ အမှန်က တစ်သက်မခွဲတမ်းဆိုပြီး လက်ချင်းချိတ် ထားရမှာ ဟုတ်လား။ ခုတော့ သူက တစ်ဖက်သတ် လက် ဖြုတ်သွားခဲ့ပြီ။ ကျွန်မ သူ့ကို ပြေလည်အောင် ပြောချင် သည်။ ကျွန်မကိုမြင်လျှင် သူ စိတ်ပြောင်းမည်ဟု မမျှော်လင့် ပေမယ့် တစ်ခုခုတော့ အဖြေရလာနိုင်သည်ဟု ယုံသည်။

"အစ်မမေတ္တာ သူ့အပေါ် ဘယ်လောက်ကြီးတယ် ဆိုတာ ကျွန်တော် သိတယ်"

ကိုသစ်နိုင်က တွေးတွေးဆဆ ဆိုသည်။

"သူလည်း သိပါတယ်"

ကျွန်မအသံ နည်းနည်းတုန်သွားသည်။

"သူ့ကို အစ်မ ဘာမဆို ပေးအပ်နိုင်ပါတယ်။ အသက်က လွဲရင်ပေါ့လေ၊ အဲ မြန်မာပြည်ကို ပစ်သွားရမှာက လွဲရင်ပေါ့"

"သူက ကျွန်တော့်ကို ဘာမှ မတိုင်ပင်ဘူးဗျ"

"သူတိုင်ပင်ရင် ကိုသစ်နိုင်တားမှာ စိုးလို့ပေါ့"

"သူ အမြဲတိုင်ပင်ခဲ့တာက စာပေထုတ်ဝေရေး ကုမ္ပဏီကြီး တည်ထောင်ဖို့ပဲ။ ထုတ်ဝေသူဆိုတာ ဘယ်တော့မှ မရှုံးဘူးလို့ ကျွန်တော်က ပြောတယ်။ ဟုတ်တယ်လေ၊ လုပ်ငန်းကို သိန်းနှစ်ဆယ်လောက်နဲ့ စခဲ့ကြတဲ့တိုက်တွေ ကျွန်တော်တို့ မျက်စိရှေ့တင် ကားဝယ် တိုက်ခန်းဝယ် ပုံနှိပ်စက်ဝယ်"

"အဲဒါတွေက ပရိသတ်အကြိုက် ထုတ်တဲ့ဟာတွေ ဟုတ်လာ"

"မှန်တယ်လေ၊ ထုတ်ဝေသူဆိုတာ ဘာလူမျိုးပဲဖြစ်ဖြစ် စီးပွားရေးသမားပဲ။ စီးပွားရေးအမြင်နဲ့ပဲ လုပ်မှာပဲ၊ တိုင်းပြည်ချစ်လို့ စာပေနဲ့ အကျိုးပြုချင်လို့ပါဆိုတာ ၂၀ ရာစုမှာ ကျန်ခဲ့ပြီ"

"ဒါပေမဲ့ သူက အဲဒါကို လက်မခံဘူး။ ရှုံးပါစေ၊ အကျိုးရှိတာပဲ ထုတ်မယ်၊ ရှုံးဖို့ ပိုက်ဆံကို အရင်ရှာမယ်တဲ့၊ အဲဒီမှာ အစ်မနဲ့ သဘောထားလွဲကြတာပါပဲ"

"ခက်လိုက်တဲ့လူဗျာ"

ကိုသစ်နိုင်က ခါးကို ဆန့်၏။

"အစ်မ ခဏနော်"

သူ လှစ်ခနဲ ထိုင်ရာက ထသည်။

ကျွန်မ သဘောပေါက်ပါသည်။ ကိုသစ်နိုင်က အရက်ကို စိတ်ကူးရတိုင်း ပြေးသောက်တတ်သူပဲ။ ဥာ လမ်းထဲ သူ ဝင်သွား၏။ သိပ်မကြာခင် ပြန်ရောက်လာသည်။ မျက်နှာက ပိုနီလာပြီ၊ သူ့ကိုယ်မှာ ပြည်တွင်းဖြစ် ဝီစကီအနံ့ ပါလာလေသည်။ ကိုသစ်နိုင်၏ ဘဝကို ရင်ဆိုင်ပုံက ဒါပဲ ထင်ပါရဲ့

"ခုနေ သူ ဘယ်မှာ ရှိနိုင်လဲ"

ကျွန်မက ကိုယ့်ကိစ္စပဲ မေးဖြစ်၏။

"ပြောလို့မရဘူး၊ သူက ကျွန်တော့်လို 'ဆိုင်' မှ မထိုင်ဘဲ။ သူ့အဆောင်မှာ မရှိတာလည်း သေချာတယ်၊ သူ လေနေပြီထင်တယ်။ အစ်မ သူ့ကို ပြန်ချော့လိုက်ပါ။ အစ်မ ချော့ရင် ရပါတယ်။ သူက မူရာမာယာ လုပ်နေတာနေမှာ"

"အင်းပါ၊ အစ်မချော့မှာပါ။ စိတ်လျှော့ထားပါတယ်။ သူမရှိဘဲ အစ်မဘဝကို ရင်မဆိုင်ရဲဘူးကွယ်"

ပြောရင်း ကျွန်မ ငိုချင်လာသည်။

အချစ်ဝတ္ထုတွေထဲမှာ လွမ်းခန်းရေးစဉ်က ဒါလောက် မတုန်လှုပ်ခဲ့ဖူးပါ။ သူ့ကို တကယ်တမ်းမှာ ကျွန်မ မခွဲနိုင်ချေ။ သည်လို မခွဲနိုင်တာကို အရိုးခံအတိုင်း သူ့ကို ပြောရတော့မည်။ ဖြစ်နိုင်လျှင် ကိုသစ်နိုင်နှင့် နှစ်ယောက်ပေါင်းပြီး သူ့ကို ပြန်ဆွဲရမည်။ အား နှစ်အားမို့ ပြန်ပါလာစရာ အကြောင်းရှိပါသည်။

ကိုသစ်နိုင် နာရီကြည့်၏။

"အင်း… အချိန်တော့ ရပါသေးတယ်။ ထ အစ်မ၊ ကျွန်တော်တို့ သွားရအောင်"

ဩော်… စာပေမောင်နှမဆိုတာ ဒါပါပဲ။ ၅၂၈ ဖြူစင်သောမေတ္တာဖြင့် အစ်မဖြစ်သူကို မောင်ဖြစ်သူက လက်ဆွဲပြီး မတ်တပ်ရပ်စေပါသည်။ ကျွန်မ ယိုင်မသွားအောင် သူ ထိန်းပေးထားသည်။

"ဘယ်သွားမှာလဲ"

"တညင်… "

"ဟင်… တညင်တောင်"

"ဟုတ်တယ်၊ သူ ခေါင်းရှုပ်လာရင် သွားတတ်တဲ့ အိမ် တညင်မှာရှိတယ်"

"ဘယ်သူ့အိမ်လဲဟင်"

"ခရစ်ယာန်ဓမ္မဆရာ"

"ခရစ်ယာန် ဟုတ်လား"

"ဟုတ်တယ် အစ်မ၊ သူပြောဖူးတယ်၊ သူ စိတ်ထွေတဲ့အခါ အဲဒီ ဓမ္မဆရာအိမ်ကို သွားတယ်တဲ့။ တညင်ရဲ့ တောင်ကမူလေးမှာ အမိုးချွန်ချွန်နဲ့ အိမ်ကလေး၊ ခြံဝင်းထဲမှာ စွယ်တော်ပန်းတွေနဲ့၊ အိမ်ထဲမှာက ပန်းချီကားတွေနဲ့ ပြီးတော့ အဲဒီဓမ္မဆရာက သူ့မွေးစားဖခင်တဲ့။ အဲဒီ ဖခင်ဆီသွားရင်း အေးချမ်းတဲ့ဓာတ်ကို ရသတဲ့"

"အဲဒါတွေ အစ်မကို ပြောမပြဖူးသေးဘူး၊ နိုင်ငံခြားသွားမယ်ဆိုတာ အဲဒီ ဆရာရဲ့ အဆက်အသွယ်များလား"

"အဲဒါတော့ ကျွန်တော် မသိဘူး"

မတိုင်ပင်ဘဲ နှစ်ယောက်ပြိုင်တူ မတ်တတ်ရပ်မိသည်။

အနော်ရထာလမ်းမှ အောက်ဘက်ကူးလျှင် မဟာဗန္ဓုလလမ်း၊ ထိုလမ်းမှာ သန်လျင်သွားကားတွေ ပေါသည်။ သန်လျင်ဆိုတာ မြစ်ကူး ချောင်းခြားဆိုပေမယ့် တံတားကြီးပြီးသည့်နောက်မှာတော့ အင်းစိန်လောက်ပင် မဝေးတော့ချေ။

ကျွန်မတို့သည် သန်လျင် ရေကြောင်းတက္ကသိုလ်သို့ ပြေးဆွဲသော အထူးကား ၄၈ ကို စီးခဲ့ကြ၏။ သည်ဘက်ပိုင်းမှာ တက္ကသိုလ်ပေါင်းစုံသို့ မိမိအစီအစဉ်ဖြင့် မိမိသွားနိုင်ပြန်နိုင်ဖို့ "အထူး" ကားတွေ ထားပေးသည်။ ကျောင်းသားတွေလည်း လွယ်ကူသည်။ ရိုးရိုးခရီးသည်များလည်း စီးခွင့်ရှိသဖြင့် ကားသမားလည်းရ၊ ခရီးသည်လည်း သက်သာ။ တက္ကစီဆရာများသာ ခါလီဆွဲနေကြရ၏။

"တညင်ကို မှန်ကားနဲ့ ဆိုဖာထိုင်ခုံနဲ့ ၂၀၀/ပေးစီးရတာ တန်လိုက်တာ-

"အေးပေါ့လေ၊ ဘယ်ကိစ္စပဲ ဖြစ်ဖြစ် အကောင်းမြင်ဝါဒနဲ့ ကြည့်တော့လည်း စိတ်သက်သာတာပေါ့"

ခုတစ်လော ကျွန်မ အကောင်းမြင်ဝါဒသမား ဖြစ်နေပြီထင်ပါရဲ့။ သန်လျင်တံတားကို ဖြတ်ကူးရင်း မြစ်ပြင်ကို ကြည့်မိ၏။ ရေကြောင်းခရီးသွားနေသော သင်္ဘောတစ်စီးတလေပင် မတွေ့ရပေ။ လှေငယ်ဆို ဝေးပါရော။

သည်လိုဆိုတော့လည်း "သီတာသောင်ခြေဦးမှာလ ကိုတံငါ လှေယာဉ်စီးပါလို့" ဆိုသော တေးသားသည် ခေတ်ဟောင်းမှာ ကျန်ရစ်ပြီပေါ့။

ဩော်... သည်ထက်ရှေးကျသော ကာလကဆိုလျှင် မိကျောင်းကိုပင် ရေယာဉ်လုပ်ပြီး ဖြတ်ကူးခဲ့သော မင်းနန္ဒာဆိုသည့် လုလင်ငယ် ရှိခဲ့သည်တဲ့။ ဟိုတစ်ဖက်ကမ်းမှ လက်လှမ်းကြိုဆိုနေသော မင်းသမီးလေးက 'ရှင်မွေ့နွန်း'တဲ့။ လွမ်းလောက်သည့်ဇာတ်လမ်းကို ခေတ်အဆက်ဆက် စင်တင်ကပြခဲ့ကြဖူးသည်။ ရုပ်ရှင်ဗီဒီယိုဖြင့် ပြခဲ့ကြဖူးသည်။ စိတ်ကူးယဉ်ပဲထားပါတော့။ သည်လို ဒရာမာဆန်သည့် စိတ်ကူးကိုယဉ်ခဲ့ကြတာ မြန်မာအနုပညာရှင်များပဲလေ။

"အစ်မဖြင့် ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာဆိုတာ တကယ်ရှိခဲ့တာလို့ ယုံတယ်။ သန်လျင်ဝင်ဝင်ချင်း တောင်ထိပ်ကမူလေးက 'လွမ်းစေတီ'ဟာ တကယ်ပဲ ရှင်မွေ့နွန်းရဲ့ အမှတ်အသားလို့ ယုံတယ်။ မွေ့နွန်းရကန်ကို ကျောင်းမှာသင်ရတော့ ပိုပြီးစွဲတာပေါ့။ ကြည့်စမ်း လွမ်းစေတီဟာ ပဲခူးမြစ်ကြီးနဲ့ ပန်မရဘူးလား"

ကျွန်မသည် အတိတ်ကို မိန်းမူးသူဟု အပြစ်တင်မှသာ တင်ရော့။ သမိုင်းဒဏ္ဍာရီများကို မြတ်နိုးသူဖြစ်ပါသည်။ မြစ်အတွင်း မိကျောင်းစီးချင်းတိုက်ပွဲကို ဘယ်နိုင်ငံ ဘယ်လူမျိုးမှာများ ရှိခဲ့ဖူးသလဲ။

ကားသည် မြို့ထဲဝင်လာ၏။

လမ်းညာဘက်ခြမ်းမှာ ကုန်းမြင့်ကို မြင်ရသည်။ ရေနံရိပ်သာတည်း။

"အင်္ဂလိပ်အစိုးရဟာ အတော်လူလည်ကျတာနော်၊ မြန်မာပြည် ရာသီဥတုပူပူထဲ လာနေတာကို သူတို့ အရာရှိတွေ

သက်သာအောင် ရုံးတွေကို တောင်ကုန်းတွေမှာ ရွေးပြီးဆောက်ကြတယ်။ အင်းစိန်မှာဆို 'ဘိုကုန်း' လို့တောင် နာမည်တွင်ရောပဲ''

ကျွန်မက စကားဆိုနေ၏။ ကိုသစ်နိုင်ကား တွေးနေပုံရသည်။ ကျွန်မကို ခေါ်လာပြီးမှ သူ့ကို မတွေ့လျှင်ဟု ပူပန်နေဟန်တူပါသည်။ ကျွန်မကတော့ စိတ်ကို လျှော့ချထားသည်။ သူ့ကို မမြင်ရလျှင်လည်း သတင်းတော့ ထားခဲ့မည်။ သူ့ကိုချစ်သော ကျွန်မသည် သူ့ဆီလာရှာကြောင်း သူ သိရမည်။ သူ ကျွန်မအပေါ် အမျက်ပြေပါစေ။

ရေနံရိပ်သာကို လက်ယာထားပြီး တောင်ဆင်ခြေလျှောအတိုင်း ကားက မောင်းနေသည်။ ရေကြောင်းတက္ကသိုလ်က ကျိုက်ခေါက်ဘုရား၏ ညာဘက်ရှိ လမ်းမှ သွားမည်ဖြစ်၏။ ကိုသစ်နိုင်က ဆေးရုံမှတ်တိုင် ဆင်းမယ်ဟု ပြောသည်။

ဆေးရုံမှတ်တိုင်မှနေ၍ ခြောက်သယောင်းသော မြေနီလမ်းကလေးအတိုင်း တောင်ကုန်းတစ်ခုကို တက်ရသည်။ ထိပ်တွင် သူလာတတ်သည်ဆိုသော မမ္မဆရာ၏အိမ်ကလေးကို မြင်ရ၏။ ခြံဝင်းထဲ မဝင်ခင်မှာပင် ခြံဝင်းထဲ၌ လမ်းလျှောက်နေရသူပုဂ္ဂိုလ်က ခရီးဦးကြိုပြုသည်။ ကဗျာဆရာ ''သူ''ကို လာရှာကြောင်း ကိုသစ်နိုင်က ပြောသည်။ တစ်နာရီလောက်ကပင် ကျိုက်ခေါက်ကုန်းသို့ သွားမည်ပြောပြီး ထွက်သွားကြောင်း ပြန်ပြောပါသည်။

"တစ်နာရီလောက်ကဆို မီသေးတယ်၊ ဘုရားကုန်းကို လိုက်ရအောင်"

ကုန်းပေါ်ကအဆင်း မြင်းလှည်းအလွတ်တစ်စီး တွေ့ရ၏။

"ဒီလောက် စက်တပ်ယာဉ်တွေပေါ်နေတာ၊ မြင်းကို နိုင်းစားကြတုန်း"

ကိုသစ်နိုင်က ဝေဖန်ပြီး မြင်းလှည်းကို ငှားသည်။ ကျွန်မ သူ့ကို ပြုံးမပြပါ။ သူ့နောက်လိုက်ရုံပါပဲ။

မြင်းလှည်းက ကျိုက်ခေါက်ဘက် ပြေးနေရှာသည်။

မစီးရက်ဘူးဆိုပေမင့် မြင်းလှည်းစီးရတာ ပျော်စရာပဲ ဟု တွေးမိသည်။ ဘုရားကို ဦးတည်နေသော လမ်းသည် နိုင်လွန်ကတ္တရာ အိနေသဖြင့် မြင်းလှည်းက အလိုလို လိမ့်နေသည်။

ကျိုက်ခေါက်စေတီကလည်း တောင်ကုန်းပေါ်မှာ လွမ်းဖွယ်ရာပါပဲ။ ရှေးခေတ် မွန်တို့သည် ဘုရားစေတီ တည်ရာ၌ အားသန်ကြသလို ဘုရားဘွဲ့ပေးရာ၌လည်း တညီတညွတ်ရှိကြသည်။ ကျိုက်ခေါက်၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျိုက်ဗောလော၊ ကျိုက်သံလန် စသည်။

"ဘုရားကုန်းမှာ ဆင်းမယ်"

လှည်းပေါ်ကဆင်းတော့ ပွဲတော်ကျင်းပဖို့ တဲတွေ ဆောက်နေတာ မြင်ရသည်။ ဆောက်ကြဆဲ၊ ပြင်ဆင်ကြဆဲ။ တဲတန်းများက တစ်မျှော်တစ်ခေါ်။ ကျွန်မတို့သည် တွေ့ရာ လမ်းတစ်ခုထဲ ဝင်လိုက်ရာ၊ သနပ်ခါးဆိုင်တန်းဖြစ်နေသည်။

သနပ်ခါးဆိုင်များချည်း တန်းစီနေ၏။ ပုံထားသော သနပ်ခါးပင်စည်များမှာ တိုင်လုံးလောက်ရှိသည်။ ယူလာခါစ ခုတ်လာခါစမို့ ညစ်ပေနေသည်များကို သံဘရပ်ရှ်များဖြင့် ပွတ်တိုက်နေကြလေသည်။ ပွတ်တိုက်နေသူများမှာ လူပျိုအရွယ်လည်းပါ၊ အပျိုပေါက်အရွယ်လည်းပါ၊ မူလတန်းကျောင်းသားအရွယ်လည်း ပါသည်။ ကိုယ့်မိသားစုနှင့် ကိုယ်၊ ချက်ကြစားကြ၊ ရောင်းကြ။ ၁၂ ပွဲလိုက်သည်ဆိုတာ ဒါပဲ ဖြစ်လိမ့်မည်။

"ဘယ်က လာရောင်းတာလဲဟင်"

ကျွန်မ နည်းနည်းစပ်စုလိုက်၏။

"ပခုက္ကူက"

သံဘရပ်ရှ်တိုက်နေသော လူငယ်က ဖြေသည်။

သြော်... ပခုက္ကူကတောင် လာကြတာကိုး။

သူ့ခမျာတွေ ငွေလာရှာနေကြတာ။

ကျွန်မမှာတော့ မြိုင်တစ်လျှောက် လင်ပျောက်ကို ရှာခဲ့ ဖြစ်နေသည်။ တွေ့လျှင်ဖြင့် မျက်ရည်စက်လက်နှင့် ပြောပြရဦးမည်။ ညနေစောင်း နေရောင်တွင် ကျိုက်ခေါက်စေတီက လက်နေ၏။ သည်ကြားထဲ ဝေ့ဝဲနေသော ချိုးကူးသံကို ကြားရသည်။ ချိုးငှက်ဟူသည် ငြိမ်းချမ်းရေးအထိမ်းအမှတ်။

"အဲဟိုကဟာ ဝန်ကြီးပဒေသရာဇာဂူပေါ့၊ ရောက်ဖူးလား"

ကိုသစ်နိုင် လက်ညှိုးညွှန်၍ ဆိုသည်။

ဘုရားခြေရင်းမှ ကိုက် ၃၀၀ လောက်ဝေးမည် ထင်ပါ၏။

"အဝေးကတော့ မြင်ဖူးသား၊ ကြုံတုန်း ခဏကြည့်ရအောင်"

"ဘာလဲ ခင်ဗျားချစ်သူက ဝန်ကြီးဂူမှာ ထိုင်ဆွေးနေမယ် ထင်လို့လား"

သူ ဟာသနှောသည်ကို ကျွန်မ မရယ်နိုင်ပါ။

မြက်ခြောက်လမ်းမှာ အားခဲလျှောက်ရင်း ဂူရှေ့ရောက်သည်။

ဂူကို အုတ်တံတိုင်းခတ်ထား၏။

ဝန်ကြီးပဒေသရာဇာ၏ အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း စာဖြင့် ကမ္ပည်းရေးပြီး ချိတ်ဆွဲထားသည်။ ထို့ပြင်-

"ဤနေရာကို ရှေးဟောင်းနယ်မြေအဖြစ် သတ်မှတ်သည်"

ဟု ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနခွဲက ဆိုင်းဘုတ်တင်ထားတာလည်း မြင်ရသည်။

"တစ်ခါမှာ ဒီဂူကို အဖောက်ခံရတယ်လို့ သတင်းဖြစ်တယ်၊ အထဲက ဝန်ကြီးရဲ့ အဆောင်အယောင်တွေ၊ ပစ္စည်းတွေ ခိုးပြီး တစ်ဖက်နိုင်ငံကို သွားရောင်းတယ်ကြားတာပဲ၊ အခုတော့ ဂူအောက်အပေါက်ကို ပျဉ်းကတိုးသုံးထပ်သားနဲ့ ခင်းပြီး အုပ်ထားတယ်၊ ဝင်ကြည့်ဦးမလား"

"ဟင့်အင်း... တော်ပါပြီ"

တကယ်ပဲ မကြည့်လိုတော့ပါ။

ကြီးမားမြင့်မြတ်သည့် စာဆိုကြီးတစ်ဦး၏အုတ်ဂူကို ဖောက်သည်ဆိုသောသတင်းကို ကြားရခြင်းကပင် ကျက်သေ

ကင်းမဲ့လွန်းသည်။ အထက်တန်းကျောင်းများတွင် ဝန်ကြီးပဒေသရာဇာ၏ကဗျာတွေ တောက်လျှောက်သင်ကြရသည်။ နန်းတွင်းစာဆိုပင် ဖြစ်လင့်ကစား လယ်သမား၊ ထန်းသမားလို အောက်ခြေကျေးလက် ပြည်သူများဘဝကို ဖွဲ့နွဲ့စပ်ဆိုခဲ့သဖြင့် လူထုစာဆိုအဖြစ် ကြည်ညိုလေးစားခံရသူ ဖြစ်၏။ နှစ်ပေါင်းရာနှင့် ချီခဲ့ပြီ။

ဟံသာဝတီ ဥပရာဇာသည် အင်းဝ (ဒုတိယ) ဘုရင်ကို တိုက်ခိုက်အောင်မြင်ပြီး မင်းနှင့်တကွ အမှုထမ်းများကို ခေါ်ဆောင်ခဲ့ရာ ဝန်ကြီးပဒေသရာဇာလည်း ပါလာခဲ့၏။ အသက် ၇၀ အရွယ် ဝန်ကြီးသည် ဟံသာဝတီရောက်သည့်နှစ်မှာပင် ကွယ်လွန်ခဲ့လေသည်။ အင်းဝကို လွမ်း၍၊ ဟံသာဝတီမှာ မနေချင်၍လား။

"ဟိုအပေါ်မှာက နတ်သျှင်နောင်ဂူ"

ကိုသစ်နိုင်က ဘုရား၏အနောက်ဘက်မှနေပြီး အနောက်တောင်အရပ်ကို ညွှန်သည်။ ဝန်ကြီး၏ဂူနှင့် အတော်လှမ်းသေးသည်။

"ဘယ်ဟာပါလိမ့်"

"အထွက်တစ်ပိုင်းပဲ ကျန်တယ်လေ၊ ဂူတစ်ခြမ်းပြို နေတဲ့ဟာ ဘုရားခြေရင်းမှာပဲ"

"သြော်... အတော်ပုံပျက်နေရှာပြီပဲ"

ဟုတ်ပါသည်။ ဂူဟုသာ ဆိုပေမင့် တစ်ခြမ်းပဲ ကျန်သည်။ အနောက်ခြမ်းက အုတ်ပုံသဖွယ် ဖြစ်နေပြီ။ ဘုရား

၏ 'ရာဟုထောင့်'မှာ ကပ်ပြီးတည်ခဲ့သည်ကို ထောက်လျှင် ''မကောင်းသောအဖြစ်'' ဟုများ ယူဆခဲ့ကြရော့လား။

သံဆူးကြိုးများနှင့် ပရဝဏ်ကို ကာရံထားသော်လည်း သံဆူးကြိုးများကား ပြိုကျနေပြီမို့ ဝင်ချင်တိုင်းဝင် ဂူပေါ် တက်ဆော့နေသူများကိုလည်း မြင်ရသည်။

ဩော် ... ရတုဘုရင် နတ်သျှင်နောင်...
တောင်ငူက နန်းကျဘုရင်...
ဘုရင့်နောင်၏ သမက်တော်...
ရာဇဓာတုကလျာ၏ ချစ်သော မောင်ဘုရားလေ။
ခုတော့လည်း အပြိုအပျက်ဘဝတွင်... ။

ကျွန်မတို့သည် အနောက်ဘက်တန်ဆောင်းအောက် အုတ်ခုံမှာ အနားယူကြ၏။

''နတ်သျှင်နောင် သစ္စာဖောက်၊ မဖောက် ဆိုတဲ့ကိစ္စ ခုထိ ငြင်းကြတုန်း၊ အရင်ကတည်းက ဆရာကြီးမြကေတုက မဖောက်ဆိုတဲ့ဘက်က အကြောင်းပြပြီး ရေးခဲ့တယ်။ ဒီကနေ့ မောင်သင်းခိုင်က ကဗျာရှည်ရေးပြီး မဖောက်ဘက်ကို ရေး ပြန်တယ်။ ဒါကို ဝေဖန်ရေးဆရာတစ်ယောက်က ဆန့်ကျင် ပြီး ရေးပြန်ရော။ အစ်မသဘောကတော့ မငြင်းသင့်တော့ဘူး ထင်တာပဲ။ နတ်သျှင်နောင်ဘက်ကကြည့်ရင် နတ်သျှင်နောင် မှန်တာပဲလေ''

''အေးဗျ... ကိုယ့်ထီးကိုယ့်နန်း 'တောင်ငူ' ကို ပြန်ရ ဖို့ ကြိုးစားတာပဲ။ အလွယ်တကူ အလျှော့မပေးတဲ့စိတ်ကို ချီးကျူးရမှာပါ။ နည်းလမ်းကတော့ အမျိုးမျိုးသုံးရမှာ

"အစ်မကတော့ ဓာတုကလျာ ကွယ်လွန်သွားလို့ ဒီလိုဖြစ်ရတာလို့ ပြောချင်တယ်။ ဓာတုကလျာ ရှိနေသေးရင် ဖျောင်းဖျဖေးမမှာပဲလေ၊ ဒါဆိုရင် ငဇင်ကာနဲ့ ပေါင်းတဲ့အထိ ဖြစ်ချင်မှဖြစ်မယ်၊ သံလျင်ဈေးကြီးနားမှာ တံကျင်လျှိုပြီး မသေမချင်း အသတ်ခံရတာဟာ မြန်မာစာပေအတွက် နစ်နာတာတော့ အသေအချာပဲ။ သူ မသေရင် စာတွေအများကြီး ထပ်ရေးဦးမှာ... "

နေဝင်သွားပြီ။

ကျိုက်ခေါက်ဘုရား အနောက်ဘက်စောင်းတန်းမှာ မှောင်စသန်းလာပြီ။ သူ့အရိပ်အယောင်ကား မမြင်ရသေး။ ဘုရားပေါ်တက်ဖို့တော့ သင့်၊ မသင့် စဉ်းစားရဦးမည်။ စောင်းတန်းတွေက မီးစက်ဖြင့် ဖွင့်ရမည်တဲ့။ ဘုရားပွဲတော်ချိန်ဆိုလျှင်တော့ တစ်ကွင်းလုံးလင်းနေမှာပါ။ ခုတော့ ရာဟုထောင့်ကွင်းပြင်ထဲမှာလည်း ဇာတ်ရုံနှစ်ရုံက ယခုမှ ဝါးတိုင်တွေ အဆင့်ပဲ ရှိနေသေးသည်။

သင်ဖြူးဖျာဆိုင်တန်းကတော့ ဘက်ထရီမီးလေးတွေ ထွန်းနေကြ၏။

"ပြန်မှပဲနဲ့ တူပါတယ်ကွယ်"

ကျွန်မက နွမ်းလျစွာ ပြောလိုက်၏။

ကိုသစ်နိုင်က သက်ပြင်းချလိုက်ပြီးမှ-

"အစ်မ မပူပါနဲ့၊ အစ်မ ကားစီးပြီး ပြန်နှင့်ပါ။ ကျွန်တော်နေခဲ့မယ်"

"ဘယ်လို နေခဲ့မှာလဲ"

"သူ့ဆရာအိမ်ကိုပေါ့၊ ဒီညတော့ သူ အဲဒီကို ပြန်မှာပဲ"

"အစ်မ သူ့ကို တွေ့ချင်တယ်"

ကျွန်မ တိုးတိုးလေးမျှ ပြောမိသည်။

ခဏလေးပဲဖြစ်ဖြစ် သူ့ကို တွေ့ချင်လှပါသည်။ တွေ့လျှင်ဖြင့် သူ့လက်မောင်းကို ဆွဲယူပြီး...

"မြန်မာပြည်မှာ ဝန်ကြီးပဒေသရာဇာလည်း ရှိတယ်။ နတ်သျှင်နောင်လည်း ရှိတယ်။ စစ်ရှုံးပေမယ့် သူတို့ တိုင်းတစ်ပါးကို ထွက်မပြေးကြဘူး သူရဲ့"

ဟု တခမ်းတနား ပြောချင်စမ်းလှသည်။

သူ ရယ်နေမှာလား။

သူ ငိုင်နေမှာလား။

ဘယ်လိုပုံနဲ့ပဲဖြစ်ဖြစ် သူ့ကို ကျွန်မ မြင်စမ်းချင်လှသည်။

* * *

"ဟုတ်ကဲ့၊ ဧကရီနှင်း ပြောနေပါတယ်"

"အစ်မရေ... ကျွန်တော်ပါ၊ သစ်နိုင်"

"အဲ... ကိုသစ်နိုင်၊ နေ... နေ အခု နံပါတ်ကို မမ ပြန်ဆက်မယ်၊ ဖုန်းချလိုက်"

သူ့ဘက်မှာ ဖုန်းချသွားသည်။

ကျွန်မလည်း ကျွန်မဖုန်းထဲမှာ ပေါ်နေသည့် Reseive နောက်ဆုံးနံပါတ်ကို ရှာရ၏။ စကားတွေ အများကြီးပြေ

ရှိနိုင်သည်။ သည်တော့ သူ့ဘက်မှာ ဘီလ်မတက်စေချင်ပါ။ သူ့နံပါတ်ရတော့မှ ပြန်ဆက်ရသည်။

"ဟဲလို"

"ဟုတ်ပြီ၊ ကိုသစ်နိုင် ပြော"

"မနေ့ညက သူနဲ့တွေ့တယ်"

"ဟုတ်လား၊ ဘယ်မှာလဲ၊ သူ့ဆရာအိမ်မှာလား"

"ဟယ်... အစ်မတို့ ထိုင်တဲ့နားလား"

"မဟုတ်ဘူး၊ နတ်သျှင်နောင်ဂူနားမှာ"

"ဟုတ်တယ်၊ အစ်မနဲ့ ကျွန်တော် ထိုင်နေတော့ သူက စောင်းတန်းထိပ်မှာ"

"ဟင် ဒါနဲ့တောင် သူ ဆင်းမလာပါလား"

"သူက တမင်ရှောင်နေတဲ့ လူကိုး"

"ဝမ်းနည်းလိုက်တာ ကိုသစ်နိုင်ရယ်"

"မနည်းနဲ့တော့ အစ်မရေ၊ သူလည်း အတော်စိတ်ထိခိုက်နေပါတယ်"

"အစ်မဘက်က လျှော့ပါ့မယ်ဆိုတာ မပြောလိုက်ဘူးလား"

"ပြောပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့... ဘာတဲ့လဲဟင်"

"သူ အားလုံး စီစဉ်ပြီးသွားပြီ"

"ဘာတွေကိုလဲ"

"အစစအရာရာပေါ့၊ သူ့ဆရာကလည်း ကူညီတာကိုး"

"ဒါဖြင့် သူ သူ သွားတော့မှာပေါ့နော်"



F 8B

"ဟုတ်တယ်၊ ဒီနေ့... "

"ဘုရား... ဒီနေ့... ဟုတ်လား ဟင်"

"အစ်မ စိတ်အေးအေးထားပါ။ သူက ပြောတယ်။ သူ အစ်မကို တကယ်ကို မြတ်နိုးတာပါတဲ့။ ပန်းကလေး တစ်ပွင့်လို မထိရက်မကိုင် ရက်ပါပဲတဲ့။ မြတ်နိုးတဲ့အရာကို မနစ်မွန်းစေသင့်ဘူးတဲ့"

"ထားခဲ့တာဟာ နစ်မွန်းတာပေါ့"

"သူပြောတာက တစ်မျိုးဗျ... "

"ဟုတ်ကဲ့ ပြောပါ"

"တကယ်တော့ အစ်မက သူ့ကိုချစ်တာ မဟုတ်ဘူးတဲ့"

"အဲဒါ... မဟုတ်ပါဘူး"

"အစ်မက သူ့ကို ချစ်တာ မဟုတ်ဘူး၊ သူ့ကဗျာတွေကို ချစ်တာတဲ့"

"အယ်..."

"အစ်မဟာ... သူ့ကဗျာတွေကိုလည်း ချစ်တယ်။ နတ်သျှင်နောင်ကဗျာတွေကိုလည်း ချစ်တယ်။ ဝန်ကြီးပဒေသရာဇာရဲ့ကဗျာတွေကိုလည်း ချစ်တယ်တဲ့။ ဒါကြောင့် ဒီတိုင်းပြည်မှာ သူမရှိလည်း အစ်မအတွက် ကဗျာတွေရှိနေတာမို့ အဆင်ပြေသွားမှာပါတဲ့"

"မဟုတ်သေးပါဘူး ကိုသစ်နိုင်ရယ်"

"သူပြောပြတာပဲလေ၊ ညက တစ်ညလုံး သူနဲ့ ကျွန်တော် ပွဲဈေးတန်းက ဆိုင်တစ်ဆိုင်မှာ မိုးအလင်းပဲ"

"အစ်မကို လှမ်းခေါ်ရင် ကောင်းမှာ"

"သူက အစ်မကို မမြင်စေချင်ဘူး၊ သူသွားတဲ့အခါ ဘယ်သူ့ကိုမှလည်း နှုတ်မဆက်ချင်ဘူးတဲ့"

"ရက်စက်လိုက်တာကွယ်"

"သူ့စိတ်ကို အစ်မ သိပြီးသားပဲလေ"

"ကိုသစ်နိုင် မတားဘူးလား"

"ဟင့်အင်း... "

"ဘာဖြစ်လို့လဲ"

"ရမှာမှ မဟုတ်တာ"

"ဒုက္ခပါပဲ"

"သူတစ်ခုတော့ မှာခဲ့တယ်။ သူ အပြီးသွားတာ မဟုတ်ပါဘူးတဲ့။ သူ့မှာ ရိက္ခာပြည့်တဲ့အခါ ပြန်လာမယ်တဲ့။ အစ်မ ကျန်းမာအောင်နေပါတဲ့"

"သိပ် တစ်ဖက်သတ်ဆန်လွန်းတယ်၊ အစ်မဘက်ကို မစဉ်းစားဘူး"

"အဖြေက ဒီအတိုင်းပဲ ထွက်လို့ပါတဲ့"

"သူ့တစ်ယောက်တည်း သဘောထားပဲ"

"ဒါဟာ ရှေးက ကျင့်သုံးခဲ့တဲ့နည်းလည်း ဖြစ်သတဲ့ဗျာ"

"ဘာရယ်"

"ဩော်... ရိက္ခာစုဆောင်းခြင်းကိစ္စပေါ့"

"ဒီနေ့ ကိုသစ်နိုင် အစ်မကို လာခေါ်"

"မရဘူး အစ်မ၊ သူ့စိတ်ကို သိတယ်ဟုတ်လား။

ကျွန်တော့်ကိုသာ ပြောတာ။ ဒီည ၈ နာရီ ထိုင်းအဲဝေးနဲ့ တဲ့။ ဘယ်သူမှ လိုက်မပို့ရဘူးတဲ့။ လိုက်ပို့တာ မကြိုက်ဘူး တဲ့။ မခံစားနိုင်ဘူးဆိုတဲ့ သဘော။ ကြိုချိန်တန်တဲ့အခါ ကြိုရ မှာပေါ့တဲ့"

"သူ သိပ်ရက်စက်တယ်"

ကျွန်မ ငိုချလိုက်ပါသည်။

ဖုန်းထဲမှာ ကိုသစ်နိုင်၏ သက်ပြင်းချသံ ပေါ်လာသည်။

ခဏကြာတော့ ဖုန်းချသံကြားရ၏။

ကျွန်မကို ဒီအတိုင်း ထားခဲ့ပြီလား။

* * *

အနောက်တက်ကောင်းကင်မှာ လဆန်း (၃) ရက် လခြမ်း လေးက အားငယ်စွာ ရပ်နေသည်။

မိုးသားတွေက ကင်းစင်နေဆဲ။

ညနေခင်း အနောက်တောင်လေက မြူးကြွနေသည်။

ကြယ်လေးတစ်ပွင့်စ နှစ်ပွင့်စက ကျွန်မကို အားပေး ကြပါရဲ့။

ဒီလိုပါပဲကွယ်၊ ဘဝဆိုတာ ဆန်းလိုက်ဆုတ်လိုက်၊ မှိန်လိုက် လင်းလိုက်ပေါ့။

လမင်းငယ်ကလည်း ကျွန်မအား တရားချနေပါ၏။

ဟင့်အင်း ကျွန်မမဖြေနိုင်ဘူး၊ သူ ထားခဲ့ရက်လေခြင်း။

ပြတင်းပေါက်ဘောင်မှာ ကျွန်မ မေးတင်ရပ်နေခဲ့တာ မည်မျှကြာပြီ မသိ။ ည ၈ နာရီ သံစုံတီးလုံးကြားရပြီ။ ည

၈ နာရီ၊ ထိုင်းအဲဝေးနဲ့။

သူ သွားတော့မယ်။

မြောက်ဘက်ကောင်းကင်မှာ မီးရောင်စုံတန်းတစ်ခု ဝင်လာပြီ။ အရှေ့တောင်သို့ မျက်နှာမူနေသည်။ တရွေ့ရွေ့ ရွေ့လျားနေသည်။ တစ်ကိုယ်လုံး ရောင်စုံမီးလုံးလေးများနှင့် လင်းလိုက်မှိတ်လိုက်။

ထိုင်း... အဲဝေး... တဲ့။

ဩော် ခရမ်းရောင်တံဆိပ်နဲ့ လေယာဉ်ပျံကြီးရေ သွားပြီပေါ့နော်။

ကျွန်မ ချစ်သူကို ရှင်ခေါ်သွားပြီ။

ကျွန်မချစ်သူ။ ဟုတ်တယ်။

သူ့ကို ကျွန်မ ချစ်ပါတယ်။

သူ့ကဗျာတွေကိုလည်း ကျွန်မ ချစ်ပါတယ်။ သူဟာ ကျွန်မ ချစ်တဲ့သူ၊ ကျွန်မက ချစ်တဲ့သူ...

ရွှေကူမေနှင်း